
www.burmeseclassic.com

# ဂျာနယ်ကျော်မမလေး

# သူလိုမိန်းမ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



(၁)

ဦးချစ်ဆွေသည် ဒရိုင်ဘာအား ကားကို အမြန်ရပ်စေ၏။

ဦးအုန်းခိုင်လမ်းထိပ်ရှိ ဓာတ်မီးတိုင်အောက်တွင် လူနှစ်ဦး ထွေးလုံးရစ်ပတ် ဖြစ်နေကြသည့်အတွက် ကူညီရန် ပြေး၍ သွား၏။

ဦးချစ်ဆွေ အနီးသို့ ကပ်မလာခင် ထွေးလုံးသတ်ပုတ်နေကြသော လူတို့မှာ ဦးချစ်ဆွေ ပြေးလာလျှင် လာချင်း နှစ်ဦးစလုံးပင် ထိုနေရာမှ ဘုတာရုံကြီးဘက်ဆီသို့ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးကြလေ၏။

ဦးချစ်ဆွေသည် မီးတိုင်အောက်၌ ထွေးလုံးနေကြသည်ကို မြင်ရသည့်အတွက် လူဆိုးလက်ထဲ လူကောင်း ရောက်နေသည်အထင်ရှိ၍ ကူညီရန် ပြေးလာခဲ့ရာ တက်တက်စင်လွဲ၍ နေ၏။

.ဓာတ်မီးတိုင်အောက်သို့ ရောက်လျှင် ရောက်ချင်း ခုံခုံညားညားရှိလှသည့် သားရေသေတ္တာကြီး တစ်လုံးသာလျှင် မြေကြီးပေါ်တွင် ငြိမ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သက်ကလေးနှင့် အမိခံလျက်ရှိနေ၏။ တအားကျုံး၍ အစွမ်းကုန် ပြေးသွားကြသော လူနှစ်ယောက်ကို ဓာတ်မီးရောင်ဖြင့် လှမ်းမျှော်ကြည့်ရင်း လက်စသတ်တော့ သူခိုးနှင့်သူဝှက်ကိုးဟု ခေါင်းရှင်း၍သွားလေ၏။

ခရီးသွားရင်း သားရေသေတ္တာကြီးကို ကောက်ရတော့မည်။ ယနေ့ည သည်အိမ်ကကားနှင့် လာခဲ့သည်မှာ ရန်ကုန်ထဲသို့သွားမည့် ခရီးမဟုတ်ဘဲ ပိုလ်တစ်ထောင်ဆိပ်တွင် နံနက်ထွက်မည့် သင်္ဘောကြီးပေါ်သို့ ဆင်း၍ အိပ်ရမည့် ခရီးရှည်ကြီးဖြစ်လေ၏။

ခရီးသွားတန်းလန်း ခရီးသွားမတ်တတ်တွင် သားရေသေတ္တာကြီးကို ဂျပိုးနှစ်ကောင် အပ်၍ သွားကြလေသဖြင့် မိမိမှာကောက်ရတော့မည်။ မကောက်ဘဲ ထား၍ ရှောင်ခဲ့၍လည်းမဖြစ်၊ ဥစ္စာရှင်ကို ကြော်ငြာစုံစမ်း၍ မိမိသာလျှင် ပြန်ပေးနိုင်သူတစ်ဦး ဖြစ်ခြင်းကြောင့် ကောက်ရန် တာဝန်ရှိသည့်အတိုင်း ကောက်လိုက်ရလေ၏။

ညတွင်းချင်းပင် ဥစ္စာရှင်နှင့် တွေ့ချင်က ဥစ္စာရှင်နေရာကိုသိလျှင် ယခုပင်လိုက်၍ ပေးလိုက်မည်သာ ဖြစ်၏။ ယခုသော် ဥစ္စာရှင်တို ညတွင်းချင်းလည်း လိုက်မရှာနိုင်ဘဲ ကောက်သာကောက်ခဲ့ရသော်လည်း မနက်ထွက်မည့် ခရီးလမ်းတွင် ဝန်ထုပ်ဝန်ပိုး ပိုလာခြင်းကို သဘောမကျနိုင်တိုင်း ဂျပိုးနှစ်ကောင်ကိုရေရွတ်ရင်း သားရေသေတ္တာကို ကားပေါ်သို့ တရွတ်ဆွဲတင်လိုက်လေ၏။

မန္တလေးအဆန် သင်္ဘောကြီးကား တရွေ့ရွေ့ ခုတ်မောင်း၍နေ၏။ ကိုယ်လုံးကိုယ်ထည်ကြီးမား၍ ဝန်ကလည်း များသဖြင့် တရွေ့ရွေ့သာ သွားနိုင်ရာ ခရီးသည်များအတွက် ပျင်းရိဖွယ်ရာကြီး ဖြစ်ပေ၏။

အခန်းထဲတွင် အဖော်မပါ တစ်ကိုယ်တည်း ဦးခန်းထဲမှ စီးနင်း



လိုက်ပါခဲ့လေရာ အပြင်ဘက်မှ ခရီးသည်များကဲ့သို့ ဆူညံစွာ စားသောက်ပျော်ပါး၍ ခရီးရှည်ကြီးကို မေ့ဖျောက်ရန် မရနိုင်သည့်အထဲမှ သင်္ဘောအောက်က ရေတိမ်ရေနက်ကြိုးပစ်၍တိုင်းရသော ကုလား၏ ဘယ်နှစ်လက်မ၊ ဘယ်နှစ်ပေကို ငြီးငြီးငွေ့ငွေ့ကြီး အသံပေးနေသည့် အတွက်ကြောင့် ပို၍ပင် ပျင်းရိလျက် လာလေ၏။

သင်္ဘောလက်တန်းသို့မှီလျက် မျက်စိအောက်မှ တော်တော်နှင့် မပျောက်ကွယ်နိုင်သော ရှုမျှော်ခင်းများကို ရပ်လျက်ကြည့်နေရာမှ မျက်စိညောင်းလာခြင်းကြောင့် မိမိအိပ်ခန်းထဲသို့ ဝင်လာခဲ့လေ၏။

အပေါက်ဝသို့ ဝင်လျှင်ဝင်ချင်း မိမိ ညက ယူခဲ့သော သေတ္တာကြီးကို သွား၍ မြင်လိုက်၏၊ သေတ္တာ၏ အဖုံးအစွန်မှာ ပိန်ချိုင့်လျက်ချက်များပင် ကန်ပွင့်လျက် ရှိနေသည်ကိုတွေ့ရလေ၏။ ဤတွင် စောစောက ထိုင်းမှိုင်းနေသည့်စိတ်များ လုံးလုံးပပျောက်သွားလျက် ခုတင်အောက်က သေတ္တာကို ဆွဲထုတ်လိုက်လေ၏။

သေတ္တာကို စိတ်ဝင်စားစွာ ကြည့်နေ၏၊ ပတ်ပတ်လည်လိုက်၍ကြည့်လေ၏၊ အဖုံးပေါ်တွင် ဆေးဖြူနှင့် အင်္ဂလိပ်လို အတိုကောက်ရေးထားသည့် M. M. L. စာလုံးများကို တစ်လုံးစီ ဖတ်၏။

လူမျိုးခြားရဲ့ ပစ္စည်းလား၊ မြန်မာ့ပစ္စည်းလား၊ မြန်မာဆိုလျှင် မောင်မောင်လွန်းလား၊ ဘယ်သူများပါလိမ့်၊ ဘယ်လောက် နှမြောရှာမလဲဟု အောက်မေ့လျက် ပွင့်နေသည့်ချက်များကို အားနှင့်ဖိ၍ပိတ်လေ၏။

သေတ္တာမှာ မသူတော်တို့ ပစ်ချလိုက်ကတည်းက သော့ပွင့်ထွက်သွားရာ မိမိက အားစိုက်၍ ပိတ်ပါသော်လည်း သေတ္တာကား ဂျက်ပြုတ်၍သွားသဖြင့် ပိတ်၍မရပေ။

www.burmeseclassic.com

www.burmeseclassic.com



မိမိအခန်းထဲသို့ ဘိုင် ကုလားများဝင်၍ အိပ်ရာခင်းအိပ်ရာပြင် လုပ်ကြခြင်းအတွက် သော့ပိတ်မရှိလျှင် အထဲမှ တစ်ရုံတစ်ခု ပျောက်ရှသွားမည် စသည့် စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်လာလေ၏။ သို့ဖြစ်၍ ကြိုးစား၍ ပြန်ပိတ်၏။ မည်သို့ပင် ပိတ်ပိတ် သေတ္တာကား မဖြုန်၊ ကန်ကန်ပြီး ပွင့်၍သွားလေ၏။

စိတ်ပျက်ပျက်နှင့် အိပ်စင်ပေါ်သို့ခြေတွဲလွဲထိုင်လိုက်ကာ မရှုမလှ ဖြစ်နေသော သေတ္တာကို မသက်မသာ မျက်နှာထားနှင့် ကြည့်နေ၏။

"ဒုက္ခပါပဲ"

ဟုလည်း ညည်းညူကာ လုံခြုံနိုင်မည့် နည်းလမ်းကို ကြံဆလေ၏။

စိတ်ကူးထုတ်၍ ရသည်မှာ ဤသေတ္တာထဲမှ ပစ္စည်းများကို မိမိသေတ္တာနှင့် ပြောင်း၍ ထည့်ရန် ဖြစ်၏။

မိမိပစ္စည်းများမှာ အရေအတွက်နှင့် သိပြီးဖြစ်၍ ပျောက်သွားသည့် တိုင်အောင်လည်း၊ အရေးမကြီးလှရကား မိမိကောက်ခဲ့ရသည့် သေတ္တာထဲမှ ပစ္စည်းတစ်စုံတစ်ရာ ပျောက်ရှသွားမည်သာ ပူပန်မိလေ၏။

ဤတွင် အိပ်စင်ပေါ်မှ ကိုယ်ကိုလွဲ၍ ခုန်ချလိုက်ပြီးနောက် အိပ်စင်အောက်က မိမိသေတ္တာကို ဆွဲယူထုတ်လိုက်၏။ မကြာမီအတွင်း သေတ္တာထဲတွင် ပါလာသော ရှိရှိသမျှ မိမိအဝတ်အထည်များကို အိပ်ရာပေါ်သို့ ဖြန့်ပုံလေ၏။

နောက်သေတ္တာမှ ထုတ်ပုံစရာရှိသေး၍ နေရာကို တစ်ဝက်သာလျှင် ယူ၍ ပုံ၏။ အလုပ်တစ်ခုခု လုပ်နေရသည့်အတွက် ပျော်သလိုလို ရှိလာကာ လုပ်ရင်း ကိုင်ရင်း လေချွန်နေလေ၏။



တစ်သေတ္တာအတွက် တစ်ကိစ္စပြီးလေပြီ။ မိမိသေတ္တာဟောင်းလောင်းကို ဘေးသို့ တွန်းဖယ်လိုက်ပြီးလျှင် ရလာခဲ့သော သေတ္တာကို မိမိရှေ့သို့ ဆွဲ၍ ယူလိုက်၏။

သေတ္တာဖုံးကို ဖွင့်ဖို့ရန် ကိုယ်ကို ကုန်းလိုက်ပြီးနောက် ကုန်းလျက်ကြီးမှင့်ပင် အဖုံးကို မလှန်ဘေးဘဲ တွေလျက်နေ၏။

သူတစ်ပါးသေတ္တာကို အခွင့်မရဘဲနှင့် ဖွင့်ရန် ဝန်လေး၍ နေလေ၏။ ဤအကျင့်မျိုးကို ဘယ်သောအခါကမှ စိတ်ဆန္ဒမပေါ်ပေါက်ခဲ့ဖူး၍ လက်မြန်ခြေမြန်မရှိဖြစ်နေ၏။ စောစောက သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်ရှိသလောက် ယခု ချီတုံချတုံဖြစ်နေသည့်အတွက် ဖွင့်ဖို့ရန် ဖင့်နွှေးလေးကွေးနေ၏။

ဦးချစ်ဆွေကား ကြောက်၍ နေ၏။ ပစ္စည်းရှင်ကို ကြောက်၍ မဟုတ်၊ သေတ္တာကို ကြောက်၍ မဟုတ်၊ သေတ္တာထဲမှ ပစ္စည်းကို ကြောက်၍လည်း မဟုတ်၊ သူ၏ ကိုယ်ကျင့်တရားကို သူဖောက်ဖျက်ရမည်ကို ကြောက်ရွံ့၍ နောက်တွန့်နေခြင်းဖြစ်၏။

ကောင်းရာကောင်းကြောင်း ဖြစ်ဖို့လုပ်ရန် သိလျက်နှင့်လည်း တွန့်၍ နေ၏၊ ထိုစိတ်ကြောင့် သေတ္တာမှာ ပွင့်ရိုးပွင့်စဉ်မျိုးမပွင့်ရဘဲ မျက်လှည့်ဆရာဖွင့်သကဲ့သို့ တဖြည်းဖြည်း ဟ,ဟလာပြီးမှ ပွင့်သွားရလေ၏။

ဖွေးဖွေးဖြူနေသော အဝတ်စကြီးကို အပေါ်က ဖုံးအုပ်၍ ထား၏။ အစများကို လေးဘက် လေးထောင့် ချပ်ချပ်ရပ်ရပ် ဖိညှပ်၍ ထားသဖြင့် ထိုအဝတ်ကို လှန်ဖို့ရန် ခဲရင်းနေပြန်လေ၏။

ဤအဝတ်အစနှင့် အဘယ်ကြောင့် ဖုံးဖိထားသည်ကို တွေးဆ၍

www.burmeseclassic.com

www.burmeseclassic.com



မရပေ။ ဆောင့်ကြောင့်ထိုင်လျက် တစ်ခဏမျှ ငိုင်ကြည့်နေ၏။ ချိတုံ့ချတုံ့ ဖြစ်၍ဧနှုပြီးမှ လက်နှစ်ဖက်ကို တဖြည်းဖြည်း ဆန့်၍ လက်ဝဲဘက်မှ ထောင့်နှစ်စကို သာသာညင်းညင်း ဆွဲယူ၍ သေတ္တာတစ်ဝက်အထိ ပိတ်စကို လှစ်လာရာတွင် စက္ကူအိတ်တစ်အိတ်ဖြင့် ထည့်၍ ဆင့်ပုံထပ်ထားသည့် အပုံတစ်ပုံ ပေါ်လာခြင်းကြောင့် . . . "အထည်သည်" ပဲ ဟု အတတ်စွဲလိုက်လေ၏။

တစ်ဖန် ကျန်တစ်ဖက်သို့ ပိတ်စအဆုံး ဆွဲဖော်လာသည့်အခါ၌ကား တသက်ရှုမျှားပင် မှားကာ ကြမ်းပေါ်သို့ ဖင်ထိုင်ကျလျက် ကျသွားလေ၏။

အတွင်းခံ ဇာဘော်လီများကို ပရှူးခေါက်ခေါက်၍က တစ်ပုံ၊ မိန်းမဝတ် အပေါ်အင်္ကျီများကို လေးထောင့်ကျကျ ခေါက်ထားသည့် ဒိုဘီချများက တစ်ပုံ၊ အတွင်းခံ ပိတ်ထဘီများက တစ်ပုံ၊ တို့ဘရက်ကိုး၊ လင်နင်၊ ပြောင်၊ ဘလာ၊ အမွှင့်ရိုက် စသည့် ချည်လုံချည်များက တစ်ပုံ၊ အပုံပုံတို့တွင် ချောင်ရာချောင်ရာ ကြားကွက်တိုင်း ကြားကွက်တိုင်း၌ ငွေပေါင်ဒါဘူး၊ မျက်နှာလိမ်း ပေါင်ဒါဘူး၊ ကိုယ်လိမ်းပေါင်ဒါဘူး၊ ဘီးအစ်၊ ကြယ်သီးအစ် စသည့် တိုလီမိုလီဖြီးစရာ၊ လိမ်းစရာများအပြင် လေးထောင့်သဏ္ဌာန် စက္ကူဘူး၊ ရှည်လျားလျား၊ စက္ကူဘူးစသည့်တို့ပါ မြင်ရလေ၏။

အကုန်ကျုံး၍ ပါနိုင်ရန်နေရာ ခိုး၍ စနစ်တကျ သပ်သပ်ရပ်ရပ် ထည့်ထားသည့်လက်ရာကို ပေါ်ထွက်၍ ပြနေလေ၏။

မိမိတွင် အသက် ၃၆-နှစ်၊ ၃၇-နှစ် တိုင်အောင် မည်သည့်မိန်းမနှင့်မှလည်း နီးနီးစပ်စပ် မနေခဲ့ရချေ။

အမေလည်း မရှိ နှမလည်းမရှိ လူပျိုကြီးဘဝနှင့် တစ်ကိုယ်တည်း



နေသူဖြစ်၍ အစိုးရအလုပ်နှင့် ပြောင်းလေရာ မြို့တိုင်းတွင် ဘုန်းကြီးလူထွက် နယ်ပိုင်ဝန်ထောက်ဟုသာ လူသိများကြလေ၏။

အလုပ်မှ ပြန်လာကတည်းက အစ်ကိုလုပ်သူက မိန်းမယူရန် တိုက်တွန်းနေလေရာ သားဒုက္ခ၊ မယားဒုက္ခကို နေပါဦး၊ ကိုကြီးရာ၊ အေးအေးဆေးဆေးပဲ ကျွန်တော် နေပါရစေဦးဟု အခါခါ တောင်းပန်ခဲ့လေ၏။

မိဘများ ငယ်စဉ်ကပင် ပစ်သွား၍ မိမိကိုပင် ငယ်စဉ်ကလေးဘဝက ကျွေးမွေးသုတ်သင်လာခဲ့ကာ ၎င်းတွင် သားသမီးလည်း မဖြစ်ထွန်း၍ ညီလိုတစ်မျိုး၊ သားလိုတစ်သွယ် သံယောဇဉ်တွယ်တာလျက် မိန်းမမယူ၍ စိတ်မအေးနိုင်အောင် ဖြစ်နေသည့် အစ်ကို့အတွက် အားနာစိတ်များပင် ဖြစ်မိတော့၏။

မိန်းမတစ်ယောက်ကို အိမ်ပေါ်တက်၍ ကိုးကွယ်ရမည်ကဲ့သို့ ဝန်လေးနေလေ၏။

မိမိအလိုကို မိမိဘာသာ သဘောကျရှာကြံ၍ယူရန် ပြောတိုင်းလည်း မိမိတွင် မိန်းမယူရန် အရေးကြီးသည်ဟု တစ်ခါမှ မအောက်မေ့ဖူးခဲ့သဖြင့် . . .

"ဘယ်တော့မှ "စွံ" မယ့် အကောင်မဟုတ်ဘူး၊ မင်းလို ကောင်ကများ မိန်းမရှာရသေးသလား"

ဟု အစ်ကို၏ အပြစ်တင်ကို အစဉ်ပင် ခံခဲ့ရသေး၏။

ယခုလည်း ရေနံချောင်းမှနေ၍ မင်းအတွက် မိန်းမတွေ့ထားပြီး မင်းနဲ့လဲ လိုက်တယ်၊ ရုပ်ရော၊ ဥစ္စာရော အလိမ္မာရော ပြောစရာမရှိပါဘူး။ မင်း လာကြည့်လှည့်ပါဟု ရုံးပိတ်ရက်တိုင်းလာရန် စာအတန်တန်ပို့သော်လည်း မိန်းမတစ်ယောက်အတွက် အရေးတကြီးထား၍ လိုက်သို

www.burmeseclassic.com



စိတ် လုံးဝမရှိသဖြင့် မသွားဘဲ နေခဲ့၏။

"မင်းကို မှာတာ မင်းမလာဘူး၊ ငါစေ့စပ်လိုက်ရမလား၊ ငါစေ့စပ်ရင် မင်းယူရလိမ့်မယ်၊ အိုကြီး အိုမနဲ့ မင်းအတွက် ဒါလောက် ပူရတာများ ငါ့တို့များ အာနာပါဦး ညီလေးရယ်၊ မင်း အိမ်ထောင်ကျပြီးမှပဲ ငါခေါင်းချချင်တယ်၊ ဒီလို တစ်ယောက်တည်းပဲ နေမယ်ဆိုတာ ငါနည်းနည်းမှ စိတ်မအေးနိုင်ဘူး။ အိုရေး နာရေးရှိသေးတယ်၊ မင်းမပူပေမယ့် ငါ့မှာတော့ ပူနေရတာပဲ။ အသက်လဲ ငယ်တော့တာ မဟုတ်ဘူး၊ အချိန်ရှိတုန်း အခွင့်ပေါ်တုန်းအခါမျိုးမှာ လွဲရှောင်ဖို့ မဟုတ်ဘူး။ မင်းကို စောင့်မနေနိုင်ဘူး။ ငါစေ့စပ်ထားလိုက်မယ်"

မိမိအား တွင်တွင်သာ နားပူနေသဖြင့် အေးမှ အေးစေတော့ စိတ်မှ ချမ်းသာစေတော့ ဟူသော စိတ်တစ်ခုတည်း ရှေ့ရှုလျက် ကိုကြီးသဘောအတိုင်းပဲဟု မိန်းမယူရန် ကိစ္စကိုမူ ပေါ့ပေါ့တန်တန် သဘောထားသူ ဖြစ်လေ၏။

မကြာမီ အမြန်လာခဲ့ရန် သံကြိုးတွေနဲ့ ခေါ်နေသော်လည်း မိမိက အေးအေးလူလူ သဘောနှင့် လာခဲ့ပါရစေဟု စာပြန်လိုက်ပြီးနောက် သဘောနှင့် လိုက်ပါခဲ့ခြင်း ဖြစ်ပေ၏။

တစ်ခါဖူးမျှ အိမ်ထောင်ရေးကို တွေးမကြည့်ဖူးပေ။ အိမ်ထောင်ပြုရန် စိတ်ကူးမထည့်သာ၍ အိမ်ထောင်ရေးကို တွေး၍ မကြည့်ခြင်း ဖြစ်လေ၏။ အလုပ်အားချိန်တွင် ဝါသနာပါရာ စာဖတ်၍ အချိန်ကို ကုန်လွန်စေ၏။

မိန်းမမှု မိန်းမရေးရာကို အလျှင်းဂရုမစိုက်သူ တစ်ယောက်ဖြစ်၏။ မိန်းမများနှင့် ပတ်သက်ရန် အလိုမရှိရုံအပြင် မိန်းမများအား စိတ်နှုကိုယ်နှ



သည့် ဖယောင်းထည်တွေပဲဟု ဘယ်သောအခါကမျှ အထင်မကြီးခဲ့ပေ၊

ဤမျှ မိန်းမနှင့်ကင်းကင်းရှင်းရှင်းနေခဲ့သူ တစ်ယောက်ဖြစ်၍ ယခုလို မိန်းမထဘီ၊ မိန်းအင်္ကျီ၊ မိန်းမအသုံးအဆောင်များ ကိုင်တွယ်ရမည်ကို နှလုံးမချမ်းမသာ ဖြစ်နေ၏။

သေတ္တာမှ ထွက်နေသော အနံ့သည် နှာခေါင်းတွင် လာ၍ သင်းနေလေ၏။ ယခုလို သင်းပျံ့သော ရနံ့မျိုးကို တစ်ခါဖူးမျှ မရှူရှိုက်ဖူးရကား အနံ့ကို စုံစမ်းသည့် သဘောနှင့် ရှိုက်လိုက်တိုင်း နှလုံးတွင် ကြည်လင်ချိုအေးသွားသည်ကို တွေ့ရလေ၏။

သေတ္တာလက်ဝဲဘက်မှ စက္ကူအိတ် တစ်အိတ်နှင့် ထည့်၍ထပ်ထားသည့် အပုံမှ စက္ကူအိတ်တစ်အိတ်ကို ကောက်ယူပြီးနောက် အိပ်စင်ပေါ်သို့ လှမ်းတင်လိုက်လေ၏။ လေးငါးအိတ်ယူတင်ပြီးမှ အိပ်စင်ကို သုမ်း၍ ကြည့်ပြီး တစ်စုံတစ်ခုကို သတိရလေ၏။

မိမိအဝတ်အစားများမှာ မွေ့ရာခြေရင်းဘက်တွင် စုပုံထား၍ ယခု မိမိပုံတင်နေသော အထုပ်များမှာ ခေါင်းအုံးနှင့် ကပ်လျက် ခေါင်းရင်းဘက်တွင် ပုံနေသဖြင့် သိလိုသည့်သဘောနှင့် လက်ထဲတွင် ကိုင်ထားသော အိတ်တစ်အိတ်ကို ဆွဲထုတ်လိုက်ရာ နုးညံ့လှပသည့် ပိုးဇာထဘီတစ်ထည် ထွက်၍လာ၏။

ဤတွင်မှ ကပျာကယာထဘီကို သေတ္တာပေါ်သို့ ပစ်ချလိုက်၏။ စောစောက တင်ထားသော အထုပ်များကိုပါ လှမ်း၍ သေတ္တာထဲသို့ ပစ်ပုံလိုက်၏။ ပြီးမှ မိမိအဝတ်အစားပုံကို ခေါင်းရင်းဘက်သို့ ရွှေ့ပုံရပြန်လေ၏။

အလုပ်လုပ်နေရင်းမှ အလုပ်တွင်ရှုပ်သွားပုံကို တစ်ကိုယ်တည်း

www.burmeseclassic.com

www.burmeseclassic.com



ကြိတ်၍ ပြုံးလေ၏။ ပိတ်ထားသော တံခါးကိုလည်း ချက်ကျမကျ လှမ်း၍ ကြည့်လေ၏။

ဆွဲထုတ်ထားသည့် ထဘီကို စက္ကူထုတ်ထဲသို့ ပြန်သွင်းရန် တာဝန်ရှိနေပြန်သဖြင့် တောက်ခေါက်လျက် အခေါက်တိုင်း ပြန်သွင်းလေ၏။

"အဖိုးထိုက်အဖိုးတန်လုံချည်တွေမို့ ဒီလို စက္ကူတစ်အိတ်စီနဲ့ တရိုတသေ သိမ်းတာပဲ၊ အဝတ်ဖုံထား၊ တာဟာ ပုံပန်းခရိုးသွားရမှာမို့ မီးရထားစီးရင်း သေတ္တာထဲကို မီးသွေးမှုန့်တွေ မလွင့်ရအောင် အုပ်လာတာပဲ ဖြစ်ရမယ်" ဟု သေတ္တာကို ဘူတာရုံကြီးနားမှ ရခဲ့သဖြင့် ဤကဲ့သို့ ဆက်စပ်၍ တွေးရင်း သေတ္တာထဲမှ အထုတ်များကို တွင်တွင်ကြီး မွှေရာပေါ်သို့ တင်ပုံနေလေ၏။

ချည်လုံချည်များကို တင်ရခါနီးတွင် နှုတ်တွန့်တွန့်လုပ်နေလေ၏။ ယောကျ်ားများ ထဘီကိုကိုင်ရမည်ကို ဘာကြောင့် ကြောက်သည်ကိုကား စဉ်းစား၍ မရပေ။ နိမ့်ကျသွားမည်ကဲ့သို့ မှတ်ထင်ပုံမှာ ကိုယ်တွေ့ပင် ဖြစ်၍ နေ၏။

အဝတ်အထည်ပဲ နူသွားတာမှတ်လို့ သန့်သန့်ရှင်းရှင်း သစ်သစ်လွင်လွင်တွေဟာဟု မနည်းကြီး၊ စိတ်ကို နှစ်သိမ့်ရလေ၏။

ရဟန္တာများပင် သင်္ကန်းက ပံသကူအထည်ထောင် ဆင်မြန်းသေးတာပဲဟုလည်း တရားသက်ဝင် ကြည့်ယူရလေ၏။ သို့မှပင် ကိုင်လို တွယ်လို့ ရလေ၏။

ဖြီးစရာ လိမ်းစရာ၊ တိုလီမုတ်စများကို သွက်သွက်ကလေးယူ၍ တင်နေလေ၏။ မိန်းမလော်က် ပစ္စည်းကျယ်ဝန်းတာ မရှိပါကလားဟု တင်ရင်း တွေးနေ၏။



ဆပ်ပြာခွက်၊ ယပ်တောင်၊ မယဒေဝကျွမ်းစာအုပ်၊ စိတ်ပုတီး၊ လက်ကိုင်အိတ်၊ လက်နှိပ်ဓာတ်မီး၊ မှန် စသည့် ပစ္စည်းတစ်ခု အဝတ်တွေအောက်မှ တစ်ခုစီ ထွက်၍ လာပြန်ရာ . . .

တော်လည်းတော်တဲ့ မိန်းမ၊ စုံအောင်လည်း ယူနိုင်တယ်၊ ဝင်အောင်လည်း ထည့်နိုင်တယ်၊ ရှုပ်ပွေလို့လည်း မနေဘူး။ တစ်ကန့်စီ တစ်ခြားစီ တတ်နိုင်ရန်ကောဟု အံ့ဩချီးမွမ်းပြီး ယူ၍ တင်လေ၏။

သေတ္တာထဲတွင် အားလုံးကုန်၍ အောက်ဆုံးက ခင်းထားသော စက္ကူကို မ,ဖယ်လိုက်ရာ ပေါက်ပြဲနေသော စက္ကူအိတ်ကြီး တစ်အိတ်ကို တွေ့ရ၍ ဆွဲယူလေ၏။

အိတ်သာလျှင် လက်ထဲ၌ ပါလာပြီးလျှင် အထဲမှ ပစ္စည်းများ မှာ သေတ္တာထဲသို့ တသောသော ကျကျရစ်ခဲ့လေ၏။

လက်ထဲမှ အိတ်ကို သေသေချာချာကြည့်၏။ ကျကုန်သည့် ပစ္စည်းများကိုလည်း တစ်ခုစီယူ၍ ကြည့်လေ၏။

ကြည့်ရင်း၊ ကြည့်ရင်း မျက်တောင်မခတ်ဘဲ အသက်မရှူဘဲ ဗျာန်ဝင်စားနေသော ရသေ့ရဟန်းများကဲ့သို့ ပစ္စည်းများကိုသာ မမှိတ်မသုန် စူးစိုက်၍နေလေ၏။

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com



(၂)

သဘော်ကြီးကား ခုတ်မောင်းလျက်ရှိ၏။ ဖောက်ကကုလားသည်လည်း သူ့အလုပ်ဝတ္တရားအတိုင်း တေးဆိုသကဲ့သို့ ဆွဲဆွဲငင်ငင်သီဆို၍ နေ၏။

အရာဝတ္ထုအားလုံးကား မဖောက်မပြန် နဂိုပုံမှန်ပင် ဖြစ်၏။ သူ့အဖို့ကား မျက်စိအောက်က ပစ္စည်းများ နောက်ကိုသာ တကောက်ကောက် စိတ်ရောက်နေသဖြင့် တိတ်ဆိတ်လျက်ရှိ၏။ ငြိမ်သက်လျက်ရှိ၏။ ပတ်ဝန်းကျင်နှင့် ကင်းကွာလျက်ရှိ၏။

ပတ်ဝန်းကျင်နှင့် ကင်းကွာလွတ်ရှင်း၍ နေခြင်းကြောင့် မည်သည့်အရာကိုမျှလည်း သတိမရ၊ မည်သည့်အသိမျှလည်း သူမကြား ရ။

တွေမြင်နေရသည့် အရာဝတ္ထုတို့ကိုသာ အထပ်ထပ် အပြန်ပြန်ကိုင်တွယ်၍ အာရုံသုံးသပ်လျက် ရှိ၏။

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းနိုင်လောက်သည့် တက်မလှည့်သံ၊ ဥသြ



မှုတ်သံ၊ စက်ရပ်သံတို့မှာ တစ်ပြိုင်တည်းဆူဆူ ညံညံဖြစ်ပေါ်လာကာ သဘော်ကြီးလည်း အရှိန်သတ်ကာ တုံ့၍ ရပ်သွားလေ၏။

ဝီစီသံ၊ ခရာသံ၊ ကုန်းပေါင်ဖြုတ်သံတွေ ဆူညံ၍ သဘော်ဝမ်းဗိုက်မှ တကျိုးကျိုးမြည်လျက် ကမ်းပါးမှ တဖြည်းဖြည်းခွာထွက်လာပြန်သည့်တိုင်အောင်လည်း သူ့တွင် မထူးခြား၊ ရွေ့ခြင်း၊ လှုပ်ခြင်းတို့ပင်၊ သတိလွတ်ကင်းလျက် ရှိ၏။

အခန်းထဲတွင် သူငြိမ်၍ နေလေသလောက် အပြင်ဘက်မှ ကုလားမှာ မငြိမ်မသက် ဖြစ်နေလေ၏။

နေ့လယ်စာလည်း ထွက်မစား၊ ညနေလက်ဖက်ရည်လည်း အေးတော့မည်၊ တံခါးခေါက်ရကောင်းမလား၊ မကောင်းဘူးလားဟု အပေါက်ဝနားတွင် ရစ်သီရစ်သီနှင့် ချိန်ဆကာ လုပ်နေလေသည်။

နေစောင်း၍ ငါးနာရီထိုးကာနီးမှပင် တံခါးကို လက်နှင့်ခေါက်ဖြစ်တော့၏။

အတွင်းမှ အသံထွက်မလာမချင်း ဆက်ကာဆက်ကာ ခေါက်လေ၏။ ဘယ်သူလဲဟု မေးမှပင် အခေါက်ရပ်လိုက်၏။

"သခင် . . . လက်ဖက်ရည် ပြင်ပြီးပါပြီ"

"နာရီဝက် စောင့်ပါ"

"ကောင်းပါပြီ . . . သခင်"

သေတ္တာများထဲသို့ ဘယ်ပစ္စည်းမှ မထည့်ရသေးပေ၊ ကိစ္စမပြီးသေးသည့်အတွက် နာရီဝက်ခွာလိုက်လေ၏။

မတ်တတ်ထ,ရပ်လိုက်ရာ အိပ်ရာပေါ်ဝယ် သူ့ဝတ်စုံနှင့် မိန်းမဝတ်စုံယှဉ်တွဲ၍နေပုံကို သတိပြု၍ ကြည့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြည့်ရင်း ပစ္စည်းရှင်၏ ရုပ်ပုံကို မြင်ချင်စိတ်ဖြစ်ပေါ်လာလေ၏။

စောစောက မိန်းမတစ်ယောက်ဟု သာမန်အမှတ်ထား၍ ထူးထူးခြားခြားရုပ်ပုံကို မြင်ချင်စိတ် မတောင့်တဘဲလျက် ယခုမှ မြင်လိုစိတ်ထက်သန်ပေါ်ပေါက်လာခြင်းမှာ ပစ္စည်းရှင်အား စွဲလမ်းမြတ်နိုးသွားခြင်းကြောင့်ပင်ဖြစ်၏။

စုတ်ပြဲနေသော စာအိတ်ပေါက်ကြ[illegible] ဘီရိုင်ကုလားထိုင်မှ ထမင်းစေတောင်း၍ကပ်ပြီး စာအိတ်ပေါ်မှ စာများကို ထပ်၍ ဖတ်ပြန်လေ၏။

"ချစ်သမီး၏ ကောင်းမှု"

ဟု ရေးထားသည့် လက်ရေးကို လက်ရေးကဲ့သို့ မထင်။ ကျောက်တိုင်တွင် ဖတ်ရသော ကျောက်စာကဲ့သို့ မှတ်ထင်လေ၏။

ဖြေ၍ ထားသော အထုပ်ကလေးများကို တစ်ထုပ်စီ ပြန်၍ ထုတ်လေ၏။

၁၉၃၂-ခု သဇင်။
၁၉၂၆-ခု ဒေါနု။
၁၉၂၇-ခု သရဖီ။
၁၉၂၈-ခု ကံ့ကော်။
၁၉၂၉-ခု ပိတောက်။
၁၉၃၀-ခု သစ်စပန်း။
၁၉၃၁-ခု နှင်းဆီ။
၁၉၃၂-ခု သဇင်။
၁၉၃၃-ခု သစ်စပန်း။



၁၉၃၄-ခု ဆတ်သွား။
၁၉၃၅-ခု သစ်စပန်း။

အထုပ်ကလေးများကို အထက်ပါအတိုင်း အမှတ်အသားများရေး၍ ထား၏။ အထုပ်ပေါင်း ဆယ့်တစ်ထုတ်ရှိ၏။

အထုပ်များကား ပန်းပွင့်၊ ပန်းခက်၊ ပန်းဖတ်ကလေးများကို ထည့်၍ ထုတ်ထားသည့် ပန်းထုပ်ကလေးများ ဖြစ်ချေ၏။

အချို့ အထုပ်မှာ ပန်းသဏ္ဌာန် ပျောက်၍ ပန်းမှုန့်များ ဖြစ်နေလေ၏။

အချို့မှာ ခြောက်သိမ့်တွန့်ကောက်၍ အမှတ်မရှိလျှင် မည်သည့် ပန်းမျိုးမှန်းသိရန် ခဲယဉ်းလှချေ၏။

အထူးသဖြင့် နှင်းဆီထုပ်ကလေးမှာ ပန်းဖတ်များ၊ ကျွတ်၍ အဆင်းအရောင် ပျောက်လျက် ညှိုးလျှညှိုးမည်း နေသော်လည်း အခက်ဆူးကလေးများ ပြုတ်ကြွေ၍ မနေသဖြင့် နှင်းဆီဇာတိ မပျောက်သေးချေ။

ပန်းထုပ်များ၏ ရာဇဝင်ကို မသိရသဖြင့် သူ့အဖေအတွက် အထိမ်းအမှတ်တစ်ခုပဲဟု တွေးတော ခန့်မှန်းကာ တရိုတသေ သိမ်းစုထားပုံကို လေးစား၍ မဆုံး၊ မြတ်နိုး၍ မဆုံး၊ အံ့ဩ၍ မဆုံး။ ပစ္စည်းရှင်မည်မျှ နှမြောမည်ကို ကိုယ်ချင်းစာလျက် သနား၍ မဆုံးနိုင်အောင် ဖြစ်လေ၏။

အနှစ်နှစ် အလလအမြတ်တနိုး ကိုးကွယ်သိမ်းဆည်းထားသည့် ပစ္စည်းများ ဖြစ်၍ ဘယ်လောက်နှမြောရှာမလဲ၊ သေတ္တာလဲ အဖိုးတန်တာပဲ၊ သေတ္တာထဲက ပစ္စည်းတွေလဲ အဖိုးတန်တာပဲ။ ဒါတွေထက် အဖိုးတန်တဲ့ ပန်းထုပ်ကလေးကို ပိုပြီး နှမြောရှာမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ငါတောင် ဒါလောက် တန်ဖိုးထားနေရင် ကိုယ်တိုင်စုဆောင်းတဲ့ သူတော့ ပြောစရာကို ရှိမှာ မဟုတ်ဘူး။

ဘယ်လောက်များ ယူကျုံးမရ ဖြစ်နေမလဲ၊ ဘယ်လိုများ ပူဆွေးနေမလဲ၊ မပျောက်မပျက် ငါ့လက်ထဲမှာ ရှိတယ်ဆိုတာ သိရှာမယ်မဟုတ်ဘူး ဘယ်နေရာများမှာ သူရှိနေမလဲ။

စသည်ဖြင့် လှိုက်လှိုက်လှဲ့လှဲ့ သနားနေလေ၏။ နှာခေါင်းမြောနေမည့် ပုံကို တွေး၍ ကရုဏာဖြစ်ကာ စိတ်မကောင်းသွားလေ၏။

သေတ္တာထဲမှ အဝတ်အစားပစ္စည်း အသုံးအဆောင်များက သေတ္တာရှင်နှင့် ကိုယ်နှင့်စိတ်ကို အနုစိတ်၍ ပြထားရာ စိတ်ထားနုတ်နဲ့ သိမ်မွေ့၍ ပျိုနုသည့် အထက်တန်းစား မိန်းမတစ်ယောက်ဖြစ်ရမည်ဟု တွေးတောပြီးလျှင် မိန်းမသဏ္ဍာန်တစ်ခုကို သေတ္တာထဲမှ အဝတ်များနှင့် ဆင်မြန်း၍ ပေးပြီး ရုပ်ဖမ်း၍ ကြည့်မိလေ၏။

မထင်မရှား ဝိုးတိုးဝါးတား သဏ္ဍာန်တစ်ခု မျက်စိရှေ့မှောက်၌ တွေ့နေရပါလျက် ပြတ်ပြတ်သားသား မမြင်နိုင်၍ တစ်ကိုယ်တည်း အားမလိုအားမရဖြစ်၍နေလေ၏။

ပစ္စည်းရှင်ကို သိလိုစိတ်၊ မြင်လိုစိတ်များ ထက်သန်ပြင်းပြလှရကား မှေးမှေးမှိန်မှိန် ဝိုးတိုးဝါးတား ပုံဖမ်းထားသည့် သဏ္ဍာန်ကလေးမှာ မျက်စိအောက်မှာ ဖျောက်ဖျက်၍ မရတော့ပေ။

တစ်ထုပ်စီ အားလုံး ပြန်ထုပ်ပြီးလျှင် အိတ်ကြီးထဲသို့ တဖြည်းဖြည်း တစ်ထုပ်ပြီးတစ်ထုပ် ထည့်သွင်းလိုက်၏။

မိမိသေတ္တာ၏ အဖုံးတွင် ကပ်၍ ချုပ်ထားသော အဝတ်အိတ်ထဲသို့ ပန်းအိတ်ကြီးကို တရိုတသေ ထည့်ပြီးမှ အိပ်စင်ပေါ်က ပစ္စည်းများကို



သေတ္တာထဲသို့ ထည့်လေ၏။

ပစ္စည်းများကို ပြောင်းထည့်ရာ၌ သူ့သေတ္တာမူအတိုင်း သေသေသပ်သပ် မလုပ်တတ်၍ ကြိုးစား၍ သေသပ်အောင် လုပ်ရလေ၏။

ယခု ထည့်နေစဉ်တွင် ယခင်ထုပ်ယူစဉ်က စိတ်မျိုး၊ အမူအရာမျိုးမဟုတ်ဟောဘဲ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေပုံကို ယူပုံထည့်ပုံ၊ ပစ္စည်းကိုင်တွယ်ပုံတို့က ညင်သာစွာ ဖော်ပြနေလေ၏။

စားချိန်၊ အိပ်ချိန်မှလွဲ၍ အပြင်သို့ ခဏတစ်ဖြုတ်သာ ထွက်ပြီးလျှင် သေတ္တာနှင့်သာ အချိန်ကုန်၍ သေတ္တာကိုသာ့လျှင် အဖော်လုပ်၍ နေလေ၏။

မိမိအဖော်အဖြစ်နှင့် လိုက်ပါလာသည့် သေတ္တာကို တစ်နေ့ထက် တစ်နေ့ ခင်မှန်းမသိ ခင်နေလေ၏။

သေတ္တာထဲမှ အကြောင်းအရာများသာလျှင် ထပ်တလဲလဲ စဉ်းစား၍ နေခဲ့၏။ ရန်ကုန်မှ မထွက်ခင်ကမှ အေးအေးဆေးဆေး သင်္ဘောကြီးနှင့် သွားမည်။ မြို့တွေတက်၍ လည်ပတ်မည်ဟု ကြံရွယ်စိတ်ကူး လာပါသော်လည်း ယနေ့တိုင် ဘယ်မြို့မှတက်မလည်သေးချေ။ အချိန်ရှိတိုင်း သေတ္တာရှင်ကိုရှာ၍ သေတ္တာကိုသာ ပေးအပ်ချင်ခြင်းဖြင့် အချိန်ကုန်စေလေ၏။

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com



(၃)

ရွှေရောင်တို့ဖြင့် ဝင်းဝေဖြိုးလက်ထိုးထွက်နေသော ဆံတော်ရှင်စေတီတော်ကြီးကြောင့် ပြည်၏ ကျက်သရေမှာ တက်ဖြိုးဝေနေလေ၏။

တစ်ဖက်ကမ်း၌ ဖိုးဦးတောင်ကြီးကား မိမိ၏ တောရိပ်တောင်ရိပ်တို့ဖြင့် ဘုရားနှင့် မြို့ကို မိုး၍ ညို့မှိုင်းအုံ့ဆိုင်းထားလေရာ တွေ့ရသူတိုင်း ချမ်းမြေ့အေးမြသာယာလှစေ၏။

ဆိပ်ကမ်းသို့ မြင်နေရသော်လည်း သင်္ဘောကြီးမှာ ဗောတံတားနားသို့ ရုတ်ခြည်းမချဉ်းကပ်နိုင်ဘဲ တရွေ့ရွေ့တဖြည်းဖြည်းလုပ်နေသည်ကို ဦးချစ်ဆွေကား မချင့်မရဲ ဖြစ်နေလေ၏။

ဖိုးဦးတောင်ကြီးကို မြင်ရကတည်းက ပြည်ကိုဖြင့် ဆင်း၍ ဘုရားဖူးမည်ဟု အစီအစဉ်ပြု၍ အဝတ်အစားများ လဲလှယ်ကာ သင်္ဘောဦးတွင် ထွက်၍ ရပ်ကြည့်လေ၏။

ကုလားတွေက တစ်ပြုံကြီး ရေထဲသို့ ခုန်ဆင်းကြလျက် သင်္ဘော



ကြိုးများ ဆွဲ၍ ဆိပ်ကမ်းနှင့် ချည်နှောင်ပြီးကြမှ သင်္ဘောစက်သံ ရပ်တန့်သွားလေ၏။

ဦးချစ်ဆွေသည် ကမ်းနဖူးမှ တက္ကစီကားတစ်စီး ငှားကာ ဘုရားသို့ ထွက်ခဲ့လေ၏။

မြို့တွင် အချိန်ကုန်အောင် လည်ပတ်ခဲ့ပြီးနောက် သင်္ဘောဆိပ်သို့ ပြန်လာခဲ့၏။

ဦးခန်းထဲသို့ ဝင်လျှင်ဝင်ချင်း မိမိတစ်ယောက်တည်း စိုးစံလာခဲ့သော အခန်းကြီးမှာ ဧည့်ပရိသတ်များ ရောက်၍နေကြသည်ကို တွေ့လေ၏။ ဧည့်သည်များမှာ ဥရောပလူမျိုးနှစ်ယောက်နှင့် မြန်မာမိန်းမတစ်ယောက်ဖြစ်လေ၏၊

မြို့ထဲမှ မိတ်ဆွေအိမ်က ဝိုက်ပြည့်အောင် စားသောက်လာခဲ့သဖြင့် ညဆာမှုပင် စားတော့မည်အကြောင်း ဘွိုင်းအားမှာကြားကာ မိမိအခန်းကလေးထဲသို့ ဝင်၍ တံခါးပိတ်ထားလိုက်လေ၏။

မိမိရောက်လျှင် ရောက်ချင်းပင် သင်္ဘောလည်း ပြည်ဆိပ်မှ ထွက်ခွာလာခဲ့၏။

မောမောနှင့် အိပ်ပျော်သွားသဖြင့် ညနေစောင်းမှ နိုးလေ၏။ ရေချိုးရန် အပြင်သို့ ထွက်ခဲ့ရာ ဝိုလ်နှစ်ယောက်ဖဲကစားနေသည်ကိုသာ တွေ့ရလျက် မြန်မာမိန်းမကိုကား မတွေ့ရချေ။

အဝတ်အစားများ လဲပြီးလျှင် အခန်းထဲမှ တော်တော်နှင့် မထွက်သေးဘဲ မိမိအဖော်သေတ္တာနှင့်သာ နှီးနှောတိုင်ပင်နေလေ၏။

သတင်းစာထဲ ထည့်လိုက်ရင်တော့ ပေါ်လာမှာပဲ၊ ရေနံချောင်းရောက်မှပဲ သတင်းစာတိုက်ကို ကြော်ငြာပို့လိုက်မယ်၊ လိပ်စာကို ရေး

www.burmeseclassic.com

www.burmeseclassic.com



ချောင်းမှာ ချိန်းရမှာပဲ၊ မဖြစ်သေးဘူးလေ။ ပုသိမ်မှာ ဘယ်နေ့ ဘယ်ရက် ရှိမယ်ဆိုတာပါ ထည့်ချိန်းမှပဲ သေချာကို ကိုင်တွင်၍ စိတ်ထဲက ဤသို့ ပြောပြနေလေ၏။

* * * * * * *



(၄)

ညတိုင်းညတိုင်း တိတ်ဆိတ်နေသော အခန်းကြီးမှာ ရယ်မောသံတို့နှင့် ယနေ့ည အသက်ဝင်၍ လာလေ၏၊

ကြမ်းတွင် ခင်းထားသော ခန်းလုံးပြည့် ကော်ဇောနီကြီးနှင့် ထွန်းထားသော မီးနီရောင်တို့ကြောင့် တစ်ခန်းလုံး လှပနေရုံတွင်မကဘဲ ကျက်သရေပါ ရှိ၍နေလေ၏၊

မကြာမီ ကပ္ပတိန်လည်း တက်ရောက်လာကာ ဧည့်သည်များအား နှုတ်ဆက်ပြီး ညစာစားရန် ထိပ်ဆုံး ကုလားထိုင်တွင် ဝင်ထိုက်လိုက်လေ၏၊

ဧည့်သည်သုံးယောက်အနက် ဦးချစ်ဆွေက ဗိုလ်တစ်ယောက်နှင့် တစ်ဖက်က ယှဉ်၍ ဝင်ထိုင်လိုက်၏၊

အခြားဗိုလ်မှာ တစ်ဖက်ရှိ ကပ္ပတိန်နှင့်ကပ်လျက်နေရာ ကုလားထိုင်၌ မထိုင်ဘဲ ၎င်းကုလားထိုင်နှင့်ယှဉ်လျက် ကုလားထိုင်တွင် ထိုင်၍

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။

အသီးသီးနေရာယူပြီးကြသောအခါ တံခါးချပ်သံ တစ်သံနှင့်တကွ မိန်းမတစ်ယောက်ထွက်ပေါ်၍ လာလေရာ အားလုံးပင် လှမ်း၍ ကြည့်ကြလေ၏။

စိန်ကတ္တီပါကြက်သွေးလုံချည်ကို ဝတ်ဆင်လျက် ပိုးပုဝါရဲရဲကြီးကို လွှမ်းခြုံကာ ဣန္ဒြေရရ လျှောက်၍ လာလေ၏။ အခန်းထဲမှ ရှိရှိသမျှ အရောင်တို့က ထိုမိန်းမ၏ အဝတ်အထည်ကို ဟပ်၍နေလေရာ တစ်ကိုယ်လုံးတွင် ပတ္တမြားသွေးရည်လျှံ၍နေလေ၏။

ရင့်ကျက်သောသိက္ခာဣန္ဒြေကြောင့် အသက်အရွယ်မခန့်မှန်းနိုင်သော်လည်း ကပ္ပတိန်ကို ပြုံး၍ နှုတ်ဆက်လိုက်သောအခါ၌ကား တစ်ဆယ့်ကိုးနှစ်၊ အသက် နှစ်ဆယ်အရွယ်လောက် ထင်မှတ်ရလေ၏။

ပထမသော် ဗိုလ်ကတော်ဟု အောက်မေ့ခဲ့ရာ ထမင်းဝိုင်းတွင် ကပ္ပတိန်က အားလုံးနှင့် မိတ်ဖွဲ့ပေးမှ မိမိတို့ကဲ့သို့ ခရီးသည်ဖြစ်မှန်းကို သိရလေ၏။

မော်လမြိုင်မှ မမြတ်လေးဟု ကပ္ပတိန်က သတိပေးမိတ်ဖွဲ့ရာ၌ ဦးချစ်ဆွေဘေးမှ ဗိုလ်က . . . . .

"မြန်မာပြည်ကို ယခုရောက်ဖူး၍ ။မေးပါရစေခင်ဗျား။ မြန်မာမ ပဲလား"

ဟု မမြတ်လေးအား တရိုတသေ မေးလေ၏။

မမြတ်လေးက ပြုံးပြုံးကလေးဖြင့် ခေါင်းညိတ်၍ ပြလိုက်၏။

နားထဲတွင် ပန်ထားသည့် စိန်ကလေး လက်သွားသည့်အတွက် ချောမွေ့လှပသည့် မျက်နှာကို မှီပြီး ကျက်သရေရှိသွားလေ၏။



"ဘာကြောင့် ဒီလိုမေးတာလဲ"

ဟု ကပ္ပတိန်က ထိုဗိုလ်အား လှမ်းမေး၏။

"ကျုပ် မြန်မာပြည်အကြောင်း အင်္ဂလန်မှာ ဖတ်ခဲ့ဖူး၏။ စာအုပ်တိုင်းမှာ တွေ့မြင်ရတဲ့ ရုပ်က ဒီက ရုပ်လက္ခဏာမျိုးမှ မဟုတ်ဘဲ"

"ရှင်မြင်ခဲ့တဲ့ ရုပ်လက္ခဏာမျိုးက ဘယ်လို ပုံသဏ္ဌာန်နဲ့ မြင်ခဲ့ဖူးသလဲ" -

ဟု မမြတ်လေး ခပ်လေးလေး လှမ်း၍ မေးလိုက်၏။

"တစ်ချို့ စာအုပ်တွေထဲမှာတော့ ကြည့်လို့ ကိုးရိုးကားရားနိုင်တဲ့ အဖိုးထိုက်ထိုက်တန်တန်မဟုတ်ဘဲ အဝတ်အစားမျိုးတွေ ဝတ်ထားပြီး မွဲမွဲခြောက်ခြောက် မျက်နှာပြားတွေပဲ၊ အခုတော့ ကျုပ်ကို အများကြီး အံ့ဩစေခဲ့တာပဲ"

"အင်္ဂလန်ကို ပြန်သွားရင် မြန်မာပြည်မှာ ဒီလိုရုပ်ရည်နဲ့ မိန်းမမျိုးမဟုတ်တဲ့ မြန်မာမတွေ ရှိတယ်လို့ ရှင်ပြောနိုင်ပါ့မလား"

"ဘာဖြစ်လို့ ကျုပ်မပြောနိုင်ရမှာလဲ၊ ဘာကြောင့်လဲ . . . . ဘာကြောင့်လဲ"

"မြန်မာပြည်ကို ရှင့်လိုပဲ ရောက်လာကြတဲ့ ဥရောပတိုက်သားတွေ အများကြီးပဲ ရှိတယ်၊ မြန်မာပြည်မှာကို အခြေစိုက်ပြီး နေကြတဲ့ လူတွေလဲ အနန္တောအနန္တပါပဲ၊ သူတို့ဟာ မြန်မာပြည်ကို မရောက်ခင်က ရှင့်လိုပါပဲ၊ သူတို့ အရင်အရင် ရောက်ခဲ့တဲ့ လူတွေ ရေးတဲ့ စာအုပ်ထဲက ပုံပန်းမျိုးကိုပဲ မြန်မာလို့ ယူဆခဲ့ကြတယ်၊ နောက်ရက်ရှည်လများ နေလာကြတော့ အခုရှင်သိသလိုပါပဲ၊ မြန်မာတွေဟာ တွေ့ခဲ့ရတဲ့ ပုံမျိုးတွေ မဟုတ်ဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကို သိကြတယ်။

"ဒီလို သိသွားတဲ့ လူတွေဟာ အင်္ဂလန်သာ ပြန်သွားကြရော ကျွန်မဖြင့် တစ်ခါမှ ရှင်တို့ အင်္ဂလန်က ထုတ်တဲ့ စာအုပ်တွေထဲမှာ မြန်မာ ရုပ်အမှန်ကို ပြောင်းလွဲဖော်ပြတာကို မတွေ့ရဘူး"

"မြန်မာပြည်ဆိုရင် ဘုရားပုံနဲ့ ရှခင်းနဲ့၊ တဲစုတ်နဲ့ ကိုးရိုးကားရား စုတ်စုတ်နုတ်နုတ် ဝတ်စားထားတဲ့ မြန်မာမ၊ ရှင်ပြောသလို မွဲမွဲခြောက် ခြောက် မျက်နှာပြားပြားနဲ့ မြန်မာမ၊ အဲဒီလို ပုံတွေပဲ ထပ်တလဲလဲ ထည့် နေကြတာပဲ"

"မြန်မာပြည်မှာ ရှင်တို့လူမျိုးတွေ အများကြီး နေကြပါလျက်နဲ့ ဒါဟာ တခြားတိုင်းပြည်တွေကို လှည့်စားတာလား၊ သဘောရိုးနဲ့ မှားတာ လားဆိုတာ ရှင်တို့ မြန်မာပြည်ပေါ်မှာ ထားတဲ့ စိတ်စေတနာကို မသိနိုင် အောင် ကျွန်မဖြစ်ရတယ်"

ကပ္ပတိန်မှာ တစ်စုံတစ်ခုကို စဉ်းစားရင်း စိုက်၍ နားထောင်နေ လေ၏။

ဘွိုင်ကုလားများသည် တစ်ပန်းကန်ပြီး တစ်ပန်းကန် စားပွဲထိုးရန် အနားတွင် ရပ်၍ စောင့်နေကြ၏။

ယောက်ျားသုံးယောက်စလုံးပင် မိမိတို့ ရှေ့မှောက်မှ ပွဲကို မနှိုက် ကြဘဲ ဓားနှင့် ခက်ရင်းကိုသာ ကိုင်လျက် မမြတ်လေးအား ကြည့်၍ နားထောင်နေကြလေ၏။

မမြတ်လေးကား အစားမပျက်၊ အပြောမပျက်၊ သိမ်သိမ်မွေ့မွေ့



စားလျက် လေးလေးနက်နက် ပြောနေပုံကို ဗိုလ်မှူးစစ်ယောက်တင် မဟုတ် ဘဲ ဦးချစ်ဆွေပင် အံ့ဩလေ၏။

"ဘယ်လို စိတ်သဘောနဲ့မှ ဟုတ်မယ် မထင်ပါဘူး၊ ကျုပ်ထင်တာ ကတော့ ရာဇဝင်အရ ရှေးရှေးက ပုံသဏ္ဌာန်တွေကို ဖော်ပြတာပါပဲ"

ဟု ကပ္ပတိန်က ဝင်၍ ထောက်လေ၏။

မမြတ်လေးက ငုံ့၍ စားနေရာမှ "ဒါဟာ သင့်မြတ်သလား၊ နည်း လမ်းကျသလား" ဟု မော့၍ မေးလိုက်သည်။

မည်သူမျှ ရုတ်တရက် အဖြေမပေးကြပေ။

မမြတ်လေးကပင် ဆက်လက်၍ "ရှေးရှေးက ပုံတွေကို ၁၉၃၄- ၃၅ ခုနှစ်ထုတ်တဲ့ စာအုပ်မှာ အခု မြန်မာပြည်လို့ ထည့်သွင်းဖော်ပြနေရင် ဒါဟာ နည်းမှန် လမ်းမှန် ဖြစ်တယ်၊ ရာဇဝင်လမ်းကျတယ်လို့ ယူဆဖို့ မမြင်နိုင်ဘူး"

"ရာဇဝင်သဘောအရ ရှေးရှေးကပုံလို့ ကပ္ပတိန်က ပြောတာဟာ လဲ ရှေးရှေးတုန်းကလဲ အခုလိုပါပဲ၊ မြန်မာပြည်မှာ အဆင့်အတန်း မြင့်တဲ့ အမျိုး၊ အဆင့်အတန်း၊ နိမ့်တဲ့အမျိုး ချမ်းသာတဲ့လူ၊ ဆင်းရဲတဲ့လူ၊ အစား စားရှိခဲ့တာပါပဲ။

"ဟိုတုန်းက ခရီးသွားရင်း နယ်လှည့်ရင်း ပုံရိုက်တဲ့မျက်နှာဖြူတွေ ဟာ လွယ်လွယ်နဲ့ အပေါဆုံး ရိုက်ခွင့်ရတဲ့ အင်မတန်ဆင်းရဲတဲ့ လူတွေကို ရိုက်ယူသွားပြီး ဒါမြန်မာလူမျိုးဆိုပြီး ကမ္ဘာကို ပြကြတာပဲ။

"သူတို့ဟာ နန်းတော်ထဲက မြို့တော်ထဲက ပြာသာဒ်ထဲက တိုက်ထဲ က အိမ်ထဲက နေတဲ့ သူတွေရဲ့ ပုံတွေကိုရဖို့ ခဲယဉ်းလေတော့ လမ်းပေါ် က လွယ်လွယ်နဲ့ ရသွားတဲ့ ပုံတွေကိုပဲ ဖော်ပြကြတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပင် ပြုံးကြလေ၏။ အထူးသဖြင့် ဦးချစ်ဆွေက အားပါးတရ ပြုံး၍ နေသည်။

"ရွှေးရွှေးက နန်းတော်ထဲက ပုံတွေ၊ နန်းတော်ထဲက အသုံးအဆောင်တွေ အင်္ဂလန်မှာ ရှိနေပါတယ်" ဟု ကပ္ပတိန်က သက်သေပြလေ၏။

"မှန်ပါတယ်၊ ပြတိုက်ထဲမှာ ရှင်တို့ လုံလုံခြုံခြုံ သိမ်းထားကြပါပေတယ်"

အားလုံးပင် အသံထွက်အောင် ရယ်မောလိုက်ကြလေသည်။

မမြတ်လေးဘေးက ဗိုလ်က ဆက်၍ ပြောပြန်၏။

"ဘိလပ်က ရောက်လာခါစက မြန်မာပြည်မှာ လူမျိုးပေါင်းစုံ ရောတွေ့ရလို့ မြန်မာစစ်စစ်ကို တွေ့ချင်တာနဲ့ မိတ်ဆွေအရေးပိုင် တစ်ယောက်ကို ကျုပ်ပြောတယ်၊ နယ်လှည့်သွားတဲ့ တစ်နေ့ သူနဲ့ ခေါ်သွားတယ်"

"ရွာတစ်ရွာကို ကျုပ်တို့ သင်္ဘောဆိုက်တော့ အသက်ငါးဆယ်လောက်ရှိတဲ့ မြန်မာကြီးသင်္ဘောပေါ်က ဆင်းလာတယ်။ သူ့ ဆံပင်ရှည်ကို ထုံးပြီး အဝတ်တစ်ခုနဲ့ ပတ်ထားတယ်၊ သူ့ခြေထောက်မှာ ဖိနပ်မရှိဘူး။

"သူ့ရုပ်ရည်ကလဲ ဝဝလင်လင် မစားရသလိုဘဲ မွဲခြောက်ပိန်လိန်နေတယ်၊ ကျုပ်တို့ကို တွေ့တွေ့ချင်း သင်္ဘောကြမ်းပေါ်မှာ ဒူးထောက်ပြီး ရှိခိုးတယ်၊ အဲဒီလူဟာ ရွာသူကြီးပဲ၊ အဲဒါ မြန်မာအစစ်ထဲက ဆိုလို့ ကျုပ်တောင် ဓာတ်ပုံ ရိုက်ကူးခဲ့သေးတယ်"

"ရှိခိုးနေတဲ့ပုံကို ရိုက်ဖို့ အရေးပိုင်က သွေးဆောင်ဘူးလား"

ဟု မျက်နှာတည်တည်နှင့် မမြတ်လေးက ဖြတ်၍မေးလိုက်၏။



လူမျိုးခြားများနှင့် ဤသို့ ပြောနေရ၍ မိမိကဲ့သို့သော မြန်မာလူမျိုးတစ်ယောက် ရှိသေးသည်ကို အားရှိသကဲ့သို့ ဦးချစ်ဆွေအား လှမ်း၍ ကြည့်လိုက်သည်။

ဦးချစ်ဆွေလည်း ထိုသို့ ပြောနေသည့် ဗိုလ်အားမျက်မှောင်ကုပ်လျက် စူးစိုက်ကာ ကြည့်ရင်းနားထောင်နေလေသည်။

ထိုသို့ မမြတ်လေးကြားဖြတ်မေးလိုက်သည်ကို ကပ္ပတိန်က အဓိပ္ပာယ် နားလည်သကဲ့သို့ တဟားဟား ရယ်နေလေ၏။

"ဘာကြောင့် ဒီလို ကျုပ်ကို သွေးဆောင်မှာလဲ"

ဟု မမြတ်လေးအား မေးလေ၏။

ဦးချစ်ဆွေမှာ မမြတ်လေးပြောလျှင် ဤကိစ္စကို ဝင်၍ ပြောရန် နှုတ်ယားနေလေသည်။

"ရှင်နားလည်အောင် ပြောဖို့ရာ အကျယ်တဝင့် ပြောဖို့ ဖြစ်လာတယ်။ လူတစ်မျိုးကို ဖိနှိပ်ချုပ်ချယ်ပြီး အုပ်စိုးတော့ ဖိနှိပ်အုပ်စိုးတဲ့ အမိုးရက ဒီလိုအုပ်စိုးရတာ စိတ်ကောင်း၊ သဘောကောင်းကြောင့်ပါဆိုတာ အခြားနိုင်ငံတွေကို အသံကောင်း လွှင့်ဖို့အတွက် ဒီလိုပဲ အရိုင်းအစိုင်းတွေရှာဖို့ စုဆောင်းပြီးပြဖို့ရာ သူတို့ရဲ့ အောင်မြင်တဲ့ လုပ်ငန်းတစ်ရပ်ပဲ။

"စေတနာကောင်း၊ စိတ်ကောင်းထားပါတယ် ဆိုရင် လူမျိုးတစ်မျိုးကို နှိပ်ချပြီး မအုပ်စိုးသင့်ဘူး၊ မြန်မာပြည်မှာနေတဲ့ အင်္ဂလိပ် တွေထဲမှာ အများအားဖြင့် သူတို့သာလျှင် တတ်တယ်၊ သူတို့သာလျှင် တတ်တယ်၊ သူတို့သာလျှင် နားလည်တယ်၊ သူတို့သာလျှင် သုံးယောက် ခံစားထိုက်တယ်။

"မြန်မာနဲ့ သူတို့နဲ့ အစားချင်းတူတဲ့ လူမျိုးမဟုတ်ဘူး၊ အနေချင်း

www.burmeseclassic.com

www.burmeseclassic.com



တူတဲ့ လူမျိုးချင်းမဟုတ်ဘူး။ အတန်းချင်းတူတဲ့ လူမျိုး မဟုတ်ဘူးလို့ မြန်မာပြည်ရောက်မှ ဘဝမြင့်သွားကြတယ်"

"သူတို့ဟာ တဲအိုတဲစုတ်နဲ့ လူတန်းစေ့ မနေနိုင်တဲ့လူတွေမှ ပေါက်ဖွားလာတဲ့ ပညာနည်းတဲ့ လူတွေသာ မြန်မာပြည်မှာ မြန်မာအဖြစ်နဲ့ ရှိစေချင်တယ်"

"ခုန အရေးပိုင်ဟာ သူ့လိုပဲ ရုံးမှာထိုင်ပြီး အရေးပိုင်လုပ်နေတဲ့ မြန်မာလူမျိုး သူမပြလိုဘဲ သူ့ကို ရှိခိုးတဲ့ မြန်မာအောက်တန်းစား ဆင်းရဲသားကို ဒါမြန်မာပဲလို့ပြတာကြောင့် ကျွန်မဒီလို ပြောရတာပါပဲ။

"အဲဒီလို ရှိခိုးတတ်တဲ့ လူမျိုးတွေ ပျောက်ကွယ်ပြီး အဆင့်အတန်းမြင့်တဲ့ အသိဉာဏ်ရှိတဲ့ လူမျိုးများမှာ သိပ်ကြောက်တယ်၊ အောက်တန်းကျတဲ့အထဲက လူစားတွေ ယဉ်ကျေးလာမှာ တိုးတက်လာမှာကို သာပြီးကြောက်ကြတယ်။

"ရသမျှနဲ့ တင်းတိမ်ရောင့်ရဲပြီး ဘာမျှ မပြောတတ်တဲ့ ဒီလိုလူတစ်စုကို မြေကြီးပေါ်မှာ ထားပြီး သူတို့က အင်မတန် ကောင်းပေဆိုတဲ့ တိုက်တာ အိမ်ရာကြီးနဲ့ အင်မတန်ချမ်းသာကြွယ်ဝစေနိုင်တဲ့ ဆန်တွေ၊ သစ်တွေ၊ ရေနံတွေ၊ မြန်မာ့အသက်သွေးခဲတွေကို သူတို့ လက်ထဲမှာ ဆုပ်ပြီး အေးအေးလူလူ အနှောင့်အယှက်မရှိဘဲ နေချင်ကြတယ်။

"အုပ်ချုပ်တဲ့ အစိုးရကရော လူကုံထံပိုင်းကရော ဒီနည်းနဲ့ မြန်မာပြည်ငြိမ်းချမ်းရေးကို တည်တံ့စေချင်ကြတယ်၊

"ရှင့်လို တွေ့ကြရတဲ့ ပုံမျိုးတွေများများ ကမ္ဘာက သိမှ လူရိုင်းမျိုးတစ်မျိုးလို့ အထင်ရောက်စေမှ သူတို့ရဲ့ အုပ်ချုပ်မှု တည်တံ့နိုင်မြဲမို့ ရှိဘယ်။



"တစ်ချို့ အင်္ဂလိပ်ထဲမှာ အင်မတန်လူကြီးလူကောင်း စိတ်ထားရှိတဲ့ အင်္ဂလိပ်တွေ ရှိပါတယ်"

"အဲဒီလူတွေတော့ အကြောင်းအချက်မှန်ကို မုချစဉ်းစားကြမှာပဲ။ ဘယ်လိုလဲဆိုရင် လက်ခြေမသန်စွမ်းတဲ့ မြန်မာလူမျိုးကောင်းကောင်းလျှောက်နိုင်ဖို့ရာ တုတ်ထောက်ပေးတာ တို့အင်္ဂလိပ်လူမျိုးဘဲ မသနဘောင် ရိုက်ချိုးတာလဲ တို့အင်္ဂလိပ်ပဲ . . . လို့"

ကပ္ပတိန်နှင့်တကွ မျက်နှာဖြူတစ်ယောက်က သဘောကျ၍သွားပြီး တဟားဟား ရယ်လိုက်ကြလေသည်။

ဦးချစ်ဆွေဘေးမှ မျက်နှာဖြူမှာ စိတ်ဝင်စားစွာ နားထောင်လျက်ခေါင်းတညိတ်ညိတ် လှုပ်လျက်နေသည်။

ကပ္ပတိန်က မမြတ်လေးအား အင်္ဂလန်တွင် ပညာသွားသင်ဖူးသလားဟု စကားကို ဖြတ်၍ မေးပြီး အင်္ဂလိပ်စကားအပြောကောင်းပုံကို လွဲ၍ ချီးကျူးလိုက်ရာ ဦးချစ်ဆွေက လေးလေးနက်နက် ကောင်းပါပေတယ်ဟု ပြန်၍ ချီးကျူးထောက်ခံလိုက်လေသည်။

နေ့လယ်က အမှတ်တမဲ့ မြင်လိုက်ရ၍ ဂရုမထားခဲ့ရာ ယခု မျက်နှာချင်းဆိုင်ထိုင်ရမှပင် ရုပ်လက္ခဏာကို ထင်ထင်ရှားရှား မြင်နေရ၏။

မိမိတွင် ရုပ်ချောသော မိန်းမများကို မြောက်မြားစွာ တွေ့မြင်ဖူးခဲ့လှသည်။

အခါပေါင်းများစွာ ချောမွေ့လှပသည့် မိန်းမများကို တွေ့မြင်ဖူးခဲ့စဉ်က တစ်ခါဖူးမျှ ပေါင်းစု၍ မတွေ့မမြင်ခဲ့ရသော လက္ခဏာအင်္ဂါအချက်အလက်တို့ကို ယခု မိန်းမတွေ လာ၍ စုမြင် တွေ့နေရလေသည်။

ဣန္ဒြေကြီးခြင်း၊ ရဲရင့်ခြင်း၊ သိက္ခာရှိခြင်း၊ တည်ကြည်ခြင်း၊ မြေ့

www.burmeseclassic.com

www.burmeseclassic.com



မတ်သွက်လက်ဖျတ်လတ်ခြင်း မဟုတ်မခံစိတ် ရှိခြင်းတို့၏ အဓိပ္ပာယ်တို့မှာ ဤမိန်းမတွင် ပြည့်စုံတွင် ဖော်ပြလျက် ရှိနေခြင်းကြောင့် လေးစားလောက်သည့် မိန်းမတစ်ယောက်ဟု စိတ်ထဲတွင် စွဲ၍ သွားလေသည်။

ဘယ်လို အထက်တန်းစားထဲကလဲ၊ ဘယ်မြို့က ဖြစ်ပါလိမ့်မလဲ၊ ဘာကိစ္စနဲ့ ဘယ်ကို သွားမလို့ တစ်ယောက်တည်းလာတာလဲဟု တွေးတောပြီး သိချင်စိတ်များ ဖြစ်ပေါ်လာလေ၏။

သို့သော် ဤမေးခွန်းမျိုးကို ရိုင်းမည် စိုး၍ မမေးဘဲနေ၏။

ယနေ့ည အိမ်ခန်းထဲသို့ မဝင်သေးဘဲ ဦးချစ်ဆွေသည် သင်္ဘောဦးတွင် ရပ်လျက်နေ၏။ ကိုယ့်ခန္ဓာအတွင်းမှ စိတ်ကူးများကို ရပ်သည့်နေရာက တိုက်ထုတ်နေလေ၏။

အဆုံးမရှိသော ကောင်းကင်ကိုလည်း သူမြင်နေရ၏။

အဝန်းကျယ်သော မြေကြီးကိုလည်း တွေ့နေရ၏။

ကောင်းကင်နှင့် မြစ်ကဲ့သို့ သူ့စိတ်ကူးများလည်း အပြန့်ကျယ်ချင်တိုင်း ကျယ်၍ ချဲ့ချင်တိုင်း ချဲ့ခွင့်ရလျက်ရှိ၏။

တစ်ချက်တစ်ချက် လေပြည်လေညင်းကလေးက တဟူးဟူးတိုက်ခတ်ပေးနေလေရာ တစ်ခါတစ်ခါ စိတ်ကူးများမှာ လေနှင့် ရော၍ ပါသွားပြီးလျှင် လွင့်ချင်ရာလွင့်၍ နေလေ၏။

မိမိအား ကိုယ်ကလေးရို့ကာ ကျွန်မကို ခွင့်ပြုပါဦးဟု နှုတ်ဆက်သွား၏။

သူ နှုတ်ဆက်ပုံမှာ ခံ့ညားလှချေသည်။ သူလျှောက်ပုံမှာ သိမ်မွေ့လှလေသည်။ သူကြည့်ပုံမှာ ထက်မြက်လှပေ၏။ သူပြောသွားသည့် စကားများမှာ လေးနက်ခြင်း ရှိလှ၏။



မိမိနှလုံးထဲတွင် ထည့်သွင်းထားသည့် ပုံပန်းသဏ္ဌာန်ကလေးကို မျက်စိအောက်ဝယ်သို့ ပေါ်ပေါက်လာစေလျက် ၎င်း၏ ပစ္စည်းများကို အနုလုံပဋိလုံ ပြန်လှန်သုံးသပ်ပြန်၏။

ကိုယ်နှင့် စိတ်ကို ဆန်းစစ်ကြည့်သည်။

သေတ္တာထဲက အဝတ်အစားများကား အထက်တန်းကျသော အဝတ်အစားများ အသုံးအဆောင်များလည်း အထက်တန်းကျသော အသုံးအဆောင်များ၊ ကုသိုလ်ကောင်းမှုကို မမေ့မလျော့ ရှိရှိသေသေ အမြတ်တနိုး ထားရှိခြင်းကို ကြည့်ခြင်းအားဖြင့် စိတ်ထားမှာ အထက်တန်းကျပြီး မြင့်မြတ်လှသည့် စိတ်ထား။

ပစ္စည်းရှင်ကား သူ့အောင်ဖြင့် မယုတ်နိုင်၊ မုချသူလိုမိန်းမမျိုးဖြစ်မှာပဲ၊ ဒီလို မိန်းမမျိုးပဲ ဖြစ်ရမယ်။

စွဲလန်းထားသည့် သေတ္တာရှင်ကို မမြတ်လေးနှင့် တန်းတူထားပြီး နှိုင်းယှဉ်စဉ်းစားကြည့်လေသည်။ ထို့နောက် စိတ်နှလုံးနှစ်သိမ့်စွာဖြင့် ခေါင်းကို ညင်သာစွာ ညိတ်၍ နေလေသည်။

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com



(၅)

နံနက်တွင် အိပ်ခန်းတံခါးကို ဖွင့်ပြီး ထွက်လိုက်သောအခါ အခန်းကြီးမှာ လင်းနေလေသည်။

ဖွေးဖွေးဖြူနေသော ထမင်းစားပွဲခင်းကြောင့် အခန်းမှာ လင်းသည်ထက် လင်း၍ နေ၏။ တဖိတ်ဖိတ် တလက်လက်ဖြင့် အရောင်ထွက်နေသော ဇွန်း၊ ခက်ရင်း၊ ဓားများသည် စားပွဲပေါ်တွင် အသစ်စက်စက်ကဲ့သို့ မှတ်ထင်ရလေသည်။

တံခါးကို နောက်ပြန်ဆွဲစေ့ရင်းက စန္ဒရားထောင့်နားဆီသို့ မျက်စိရောက်၍ သွားလေသည်။

ပြာနုနုအင်္ကျီနှင့် အပြာရင့် ပိုးထဘီကို ဝတ်ဆင်မြန်းကာ စန္ဒရားခုံပေါ်တွင် အလှတင်ထားသည့် အရုပ်တစ်ခုကို ကိုင်တွယ်ကြည့်နေသော မမြတ်လေးကို တွေ့ရလေ၏။ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်ဖြင့် ကြည့်နေပုံကို ဘေးတိုက် မြင်နေရသည်။



အရုပ်တွင် အထူး စိတ်ဝင်စားနေသည်ကို တွေ့ရလေသည်။ အရပ်မြင့်ခြင်းကို မသိသာအောင် ကိုယ်လုံးကိုယ်ထည်ကလေးထွက်၍ နေသည်။

ဖြူဖွေးသွယ်တန်းသော နာ့တံလေးကား မျက်နှာ၏ အလှကို ဘေးတိုက်ထင်ထင်လင်းလင်း ပြနေလေသည်။

မမြတ်လေး အနားမှ ဖြတ်ကာ ဆိုဖာများရှိရာသို့ သွား၍ ထိုင်လိုက်သည့်တိုင် မမြတ်လေးသည် ဦးချစ်ဆွေအား လှည့်၍လည်း မကြည့်၊ လှမ်း၍လည်း မကြည့်၊ အရုပ်ကိုသာလျှင် စိုက်ကြည့်နေသည်။

အရုပ်ကလေးကို နေရာတကျ ပြန်ထားပြီးမှပင် ဦးချစ်ဆွေကို လှမ်း၍ ပြုံးလိုက်ပြီး ဦးချစ်ဆွေ အနီးရှိ ကုလားထိုင်တွင် လာ၍ ထိုင်လိုက်သည်။

"ကျွန်မတို့ ပန်းပုလက်ရာတွေဟာ သေသေချာချာ ကြည့်လေ၊ အနုစိပ်ကြည့်လေ ဘယ်လောက်လက်ရာမြောက်တယ်ဆိုတာ တွေ့ရလေလေပါပဲ"

စန္ဒရားပေါ်မှ အရုပ်ကလေးကို နှစ်ယောက်စလုံး ပြိုင်တူလှမ်းကြည့်ကြသည်။

"ဟုတ်ပါတယ်၊ လူမျိုးတစ်မျိုးရဲ့ ရာဇဝင်ကြောင်းဟာ သူတို့လက်ရာမှာ ရှိတာပါပဲ"

"ကျွန်မ မမွေးခင်ကကိုနေတဲ့ ထမင်းစားခန်းထဲမှာထားတဲ့ လိုက်ကာကြီးဟာ ငယ်ငယ်တုန်းကတော့ အမှတ်တမဲ့ ပါပဲ၊ ကြီးပြင်းလို့ ကျောင်းမှာ နေတော့မှ ကျောင်းက ပြန်လာရင် ဒီလိုက်ကာကြီးကိုပဲ သွားသွားကြည့်ရတယ်။ လိုက်ကာတစ်ခုလုံးကို ဝိစိတ္တရာဇာတ် ရုပ်လုံးဖော်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရာထားပါတယ်၊ လက်ရာတွေဟာ ကြည့်လို့ တင်းမတိမ်နိုင်အောင် စိတ်ရှည်လက်ရှည်ထုထားတာပါပဲ"

"ဩော် . . . ဩော် . . . ဟုတ်ကဲ့၊ တော်တော်ပဲ ကောင်းမှာပဲ၊ နေတော့ ဘယ်မှာနေပါသလဲ"

"ကျွန်မတို့ မော်လမြိုင်မှာနေပါတယ်"

"ဒီက နာမည် ဘယ်လိုခေါ်ပါသလဲ"

"ချစ်ဆွေ"

"ဩော် . . . ဦးချစ်ဆွေ ဘယ်မှာ နေပါသလဲ"

"ခုတော့ ပုသိမ်မှာပါပဲ"

"အစိုးရအလုပ်နဲ့ ထင်ပါရဲ့၊ အစိုးရအလုပ်ဟာ အနယ်နယ်တော့ နံ့တာပါပဲ"

"ဟုတ်ပါတယ်၊ နယ်ပိုင်ဝန်ထောက်အလုပ်ပါပဲ၊ ပြောင်းရတဲ့ မြို့တော့ တော်တော်များပါပြီ။ မော်လမြိုင်ဘယ်တော့ မရောက်သေးပါဘူး။ မော်လမြိုင် ဘယ်နားဆီမှာ နေပါသလဲ"

"ကျွန်မတို့ ခုတော့ သံဖြူဇရပ်နားက ခြံထဲမှာပဲ နေပါတယ်၊ ရာဘာခြံကို သီးစားမချပါဘူး။ ကိုယ်တိုင်ပဲ လုပ်လို့ ခြံထဲက အိမ်ကိုပဲ ပြောင်းနေပါတယ်။ မြို့ထဲမှာ မဟုတ်ဘူး။

"ဪလဲ ကောင်းတာပါပဲ"

တစ်ခဏ တိတ်ဆိတ် သွားလေ၏။ နှစ်ယောက်စလုံးပင် တွေးနေသကဲ့သို့ ငြိမ်နေလေသည်။

မမြတ်လေးမှာ မိဘလက်ငုတ်လက်ရာများကို တစိမ့်စိမ့်ပြန်၍ တွေးကြည့်နေလေသည်။



ဦးချစ်ဆွေကား မမြတ်လေး၏ ပွင့်ပွင့်လင်းလင်း သွက်သွက်လက်လက် ပြောသွားသည့်အချက်အလက်တွေထဲတွင် မိမိမေးချင်သော မေးခွန်းများကို မေးရကောင်းမှကောင်း စဉ်းစားနေလေသည်။

"အခု ဘယ်ကို သွားမလို့ပါလဲ"

"ကျွန်မရေနံချောင်းကို သွားမလို့ပါ"

"ကျွန်တော်လဲ ရေနံချောင်း သွားမလို့ပါပဲ"

ခရီးချင်း အတူတူပဲဟု ပြုံးရယ်၍ ပြောလိုက်ပြီးလျှင် မျက်နှာမူရာ သဘော်ဦးဘက်သို့ လက်အုပ်ချီလျက် နေလေသည်။

မမြတ်လေး လက်အုပ်ချီရာဘက်သို့ လှည့်ကြည့်လိုက်သောအခါ မြသလွန်စေတီကို မြင်ရ၍ မကွေးရောက်နေပြီကို သိရလေသည်။

ထိုအတွင်း ဗိုလ်နှစ်ယောက် ထွက်လာကြသဖြင့် စားပွဲသို့ သွား၍ ဝိုင်းထိုင်ကြကာ နံနက်စာ စားကြလေ၏။

မိမိအကြောင်းကို မမြတ်လေး နိုက်နိုက်ချွတ်ချွတ် သိချင်မည်၊ မသိချင်မည်ကို မသိနိုင်သော်လည်း မိမိမှာ မမြတ်လေးအား သိချင်သလို မသိရသေးသဖြင့် စကားဖြတ်ကာ ထနဲ့ရသည်ကို အောင့်သက်သက်ဖြစ်နေလေသည်။

ဦးချစ်ဆွေကို မျက်နှာဖြူများက မြင်စကျွန်းပေါ် အရပ်ဒေသများကို မေးနေသဖြင့် ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင် စသည့် မြို့များကို ခရီးစဉ်နှင့်တကွ ပြောပြ၍ နေရသည်။

လယ်ပြသနာ၊ စပါးပြသနာ၊ မြန်မာပြည်၏ လက်ရှိ အခြေအနေများကို စကားရောက်၍နေရာ၊ ဗိုလ်များမှာ စိတ်ဝင်စားကာ နားစိုက်လျက် အစားကိုပင် အာရုံထား၍ မစားကြပေ။

www.burmeseclassic.com

www.burmeseclassic.com



မမြတ်လေးလည်း ငြိမ်သက်စွာ စားရင်းမှ နားထောင်၍ နေလေသည်။

အိလပ်တွင် လယ်မြေစိုက်ပုံနှင့် မြန်မာပြည်တွင် လယ်မြေစိုက်ပုံများ ကွာခြားပုံအချက်အလက်တွေကို စုံစုံလင်လင် ပြောကာပြသဖြင့် မိမိတို့ အိလပ်သားဖြစ်လင့်ကစား အသေးစိပ် ဤကဲ့သို့ မသိခဲ့ကြောင်း ဖွင့်ထုတ်ဝန်ခံနေလေသည်။

ထို့ပြင် ဦးချစ်ဆွေအား မေးခွန်းအမျိုးမျိုး ထုတ်၍နေလေသည်။

ဘွိုင်ကုလားများ အားလုံးသိမ်းသွားကုန်သည့်တိုင် ဝိုင်းမှ မထကြသေးဘဲ ဦးချစ်ဆွေ၏ စကားကို ဆက်လက်၍ စိတ်ဝင်စားနေလေသည်။

ဦးချစ်ဆွေမှာ မြန်မာပြည်၏ အကြောင်းကို ရာဇဝင်တစ်စောင်တလောက် ရှင်းလင်းပြောပြနေရလေ၏။

မမြတ်လေးသည် ဦးချစ်ဆွေအား ကြည့်၍ ဦးချစ်ဆွေ၏ စကားများကို စိုက်နားထောင် နေကြလေသည်။

စောစောက မိမိပန်းပုပညာအကြောင်း ပြောကြားမိစဉ်က စိတ်မဝင်စားသလို နားထောင်ရုံ ထောင်ခဲ့ပုံနှင့် ယခုတွင်မှ ပန်းပု၊ ပန်းရံ၊ ပန်းချီ ပန်းတင်း ဒေတတ်ပညာတို့ကို အနုစိတ်၍ တခမ်းတနား ပြောကြားနေသည်ဖြစ်ခြင်းကြောင့် ဤဘက်တွင် ဝါသနာလိုက်စားမှုန်း ဘွင်းဘွင်းကြီးပေါ်လာရကား မမြတ်လေးတွင် အံ့အားသင့်၍ သွားပြီးလျှင် စိတ်အေးသဘောထား လေးစားလောက်သော သူတစ်ယောက်ဟု စိတ်ထဲတွင် ချီးကျူးမိလေ၏။

စိတ်သဘော အလွန်သိမ်မွေ့နူးညံ့သူတစ်ဦးဖြစ်ကြောင်းကို တစ်ထိုင်တည်း ကောင်းကောင်းကြီး သိသွားလေသည်။



ဤတွင်မှ ဦးချစ်ဆွေ၏ ယောကျ်ားပီသသော အသွင်ကို မြင်၍လာလေ၏။ မမှန်ရာကို မပြု မှန်ရာကိုသာ ပြု၍မဟုတ်လျှင် မခံ၊ မဖြစ်လျှင် မနေစသည့် သစ္စာ၊ သမာဓိနှင့် ပညာ၊ ဇွဲသတ္တိတို့မှာ မျက်နှာတွင် ပေါ်၍ နေလေ၏။

မျက်နှာထားကြီး ကြီးကြီးနှင့် စိတ်နေသိမ်မွေ့၍ အမူအရာညင်သာသော သူကို ယခုပင် ထူးထူးခြားခြား တွေ့ရဖူးသည်ဟု အောက်မေ့လိုက်လေသည်။

ကိုယ်စီကိုယ်စီ ကိုယ့်အခန်းထဲသို့ ဝင်ကြ၍ အိပ်သူ အိပ်၊ စာဖတ်သူ ဖတ်နှင့် တစ်နေ့ခင်းလုံး အချိန်ကို ဖြုန်း၍ နေကြလေသည်။

ဦးချစ်ဆွေသည် နဖူးပေါ်တွင် လက်ဘင်၍အိပ်စင်တွင် ပက်လက်လှန်နေလေ၏။

သင်္ဘောကြီးမှာ မိုးတိမ်ကင်း၍ ဖြူပြာလင်းနေသော ကောင်းကင်ခွင်ထဲသို့ တရွေ့ရွေ့တိုးခုတ်နေသကဲ့သို့ မိုးကောင်းကင်ကိုသာလျှင် တရွေ့ရွေ့မြင်နေရသည်။

ငြိမ်းငွေ့စရာကောင်းသည့် ဤခရီးတွင် သေတ္တာတစ်လုံးနှင့် မမြတ်လေးသာ မပါခဲ့လျှင် မည်မျှ ပျင်းစရာကောင်းမည်ကို စောစောက မစဉ်းစားမိဘဲ ယခုမှပင် စဉ်းစားကြည့်လေသည်။

အိပ်စင်မှထကာ သေတ္တာကို ဖွင့်၍ သေသေသပ်သပ် ရှိမရှိ ထပ်ကြည့်ပြန်၏။ အရှင် ကင်းမဲ့နေသော ပစ္စည်းများကို တယုတယ လုပ်၍နေသည်။

မိမိသေတ္တာထဲသို့ ပြောင်း၍ ရောက်နေကြသည်ဆို စိတ်ထဲတွင် ထူးထူးခြားခြားကြီး ဖြစ်၍ နေလေသည်။ တရိုတသေပြန်၍ သော့ပိတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် အိပ်စင်ပေါ်သို့ ပြန်လှဲပြီးလျှင် မိုးမြန်မြန်ချုပ်ရန် ဆုတောင်းမိလေသည်။

* * * * * * *



(၆)

မိမိကဲ့သို့ ခရီးသွားပိုလ်နှစ်ယောက် မင်းဘူးတွင် ဆင်းသွားကြောင်းကို ညစာစားခါကျမှ မမြတ်လေး ပြောပြ၍ သိရလေသည်။

ထမင်းစားပြီးသွားကြသောအခါ ကပ္ပတိန်မှာ ရယ်ရယ်မောမော ရွှင်ရွှင်ပျပျဖြင့် စကားဖောင်လျှက်နေ၏။

မမြတ်လေးနှင့် တစ်ယောက်တစ်ခွန်း ထွေရာလေးပါး အချီအချ စကားလက်ဆုံကျနေသဖြင့် ဦးချစ်ဆွေမှာ နားထောင်ရင်း ကော်ဖီသောက်နေလေသည်။

"မြန်မာပြည်မှာ မိန်းမတွေ တစ်ယောက်တည်းခရီးသွားတာ အင်မတန်နည်းတယ်၊ ဘာဖြစ်လို့လဲ မမြတ်လေး"

"လူဆိုးသူဆိုး ဘေးရန်ကြောင့်ပါပဲ"

"ဟုတ်တယ်၊ ခရီးလမ်းမှာ လူဆိုးသူဆိုးတွေက ခရီးသည်အလစ်ကိုပဲ စောင့်နေကြတာပဲ၊ ဒီဘော်မှာ ခါးပိုက်နှိုက်တွေ အမြဲလိုလို ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သတိထားမစီးရင် အခွင့်ရတာနဲ့ သုတ်သွားတာပဲ"

"ကျွန်မအခုအလာမှာတောင် သေတ္တာတစ်လုံး အသုတ်ခံခဲ့ရတယ်၊ ကျွန်မရဲ့ အစေခံ ညံ့ဖျင်းလို့ပါပဲ"

ဦးချစ်ဆွေကား ပန်းကန်လုံးကို ပါးစပ်နှင့် အပ်ထားလျက်က မျက်လုံးပြူးသွားလေသည်။

တုန်ယင်သော လက်များနှင့် ပန်းကန်ကို နှုတ်ခမ်းမှ ပြန်ခွာ၍ ယောင်ယောင်မှားမှား ချကာ မမြတ်လေးအား အကြောင်သား ကြည့်နေလေ၏။

"ဘယ်လို ပျောက်သွားတာလဲ"

"ဘူတာရုံမှာ ပျောက်သွားတာ ကပ္ပတိန်၊ ကျွန်မအစေခံနဲ့ ပစ္စည်းတွေကို အလျင်အလွှတ်လိုက်တာ၊ ရထားထွက်ချိန်နီးမှ ကျွန်မလဲ ရထားကို ဆင်းလာတော့ ကျွန်မသေတ္တာပျောက်ကြောင်းဆီးပြောတာပဲ၊ အလစ်ဆွဲသွားတာနဲ့ တူတယ်၊ အဲဒီညက ရထားမစီးနိုင်ဘူး၊ ကျွန်မအင်မတန်မြတ်နိုးတဲ့ ပစ္စည်းတွေ ပါသွားလို့ ကျွန်မသိပ်ပြီး ယူကျုံးမရ ဖြစ်သွားတာပဲ"

"ဂါတ် မတိုင်ဘူးလား"

"တိုင် ထားပါတယ်"

"ဒီလို သိရတာ ဝမ်းနည်းပါတယ်၊ ဘူတာရုံတို့၊ သင်္ဘောဆိပ်တို့က အမြဲ သူခိုးရှိပါတယ်။ သတိထားရမယ်"

"ကဲ . . . အားလုံး ခွင့်ပြုပါဦး"

ဟု နှုတ်ဆက်ကာ ကပ္ပတိန်က ထ၍သွားရာ မမြတ်လေးပါ လိုက်ထလေသည်။



ဦးချစ်ဆွေအား နှုတ်ဆက်လို၍ မျက်နှာချင်း ဆိုင်လိုက်ရာတွင် မိမိအား ပူးရူးဝါးဝါးကြီး ကြည့်နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွားပြီး ရုတ်တရက်မျက်နှာပျက်မိလိုက်ခြင်းကို သတိနှင့် မျက်နှာကို ပြန်ပြင်လိုက်ရာ အမှတ်မထားသည့် ဟန်နှင့် သွားပါဦးမယ်ဟု နှုတ်ဆက်ပြီး ချက်ချင်း ကိုယ်ကို လှည့်လိုက်လေသည်။

"နေပါဦး . . . မမြတ်လေး၊ နေပါဦး"

ဟု ဦးချစ်ဆွေက တားသဖြင့် လှမ်းထားသော ခြေလှမ်းကို ရုတ်ကာ ဦးချစ်ဆွေဘက်သို့ လှည့်ကြည့်လေသည်။

တည်ကြည်ငြိမ်သက်သည့် အမူအရာနှင့် တွေ့စကအတိုင်းပြန်၍ မြင်မှုပင် . . .

"ဘာကိစ္စပါလဲရှင် . . ."

ဟု မေးလိုက်၏။

"ခဏထိုင်ပါဦး၊ သေတ္တာနဲ့ ပတ်သက်လို့ ကျွန်တော်ပြောစရာကလေးရှိလို့ပါ"

ဟု အေးအေးဆေးဆေး ညင်ညင်သာသာ ပြောပြလိုက်ရာ၌ အမျိုးမျိုးသော အဓိပ္ပါယ်များ ရှင်း၍သွားသကဲ့သို့ ကြည်လင်သော မျက်စိကလေးမှာ တောက်ပ၍ သွားပြီးလျှင် "ဩော် . . ." ဟူ၍ တစ်ခွန်းတည်းသော အသံကလေးထွက်လာကာ ဦးချစ်ဆွေရှေ့တွင် ဝင်၍ ထိုင်လိုက်သည်။

ဦးချစ်ဆွေသည် မမြတ်လေး၏ မျက်နှာကို သေသေချာချာ ကြည့်လေ၏။ မျက်တောင်များ တဖျပ်ဖျပ်ခတ်လျက် မျက်နှာအမူအရာကလေးမှာ ကြားချင်သိချင်လှပါပြီဟု တောင့်တလျက် ရှိနေသည်ကို တွေ့ရလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပျောက်သွားတဲ့ သေတ္တာပေါ်မှာ အမှတ်အသားများ ရေးထားပါသလား"

"ဟုတ်ကဲ့၊ (M.M.L) လို့ နာမည်ထိုးထားပါတယ်"

ဤထက်သေချာသည်ကား မရှိ။ သေတ္တာရှင်ကို တွေ့ရလေပြီ။ အနေ့နေ့အရက်ရက် တောင့်တမျှော်မှန်းလာခဲ့သော သေတ္တာရှင်ကို တွေ့ရလေပြီ။

နှလုံးထဲတွင် ကိန်းအောင်းနေသော ဝိုးဝိုးဝါးဝါးသဏ္ဌာန်မှာ မိမိရှေ့မှောက်ဝယ် ယခု ထင်ထင်ရှားရှား လူလုံးပကတိအဖြစ်နှင့် တွေ့မြင်ရလေပြီ။

ဦးချစ်ဆွေသည် ခေါင်းကိုလည်း ဆက်ကာ ဆက်ကာ ညိတ်လျက် . . .

"ဒီသေတ္တာ ကျွန်တော်ယူလာပါတယ်"

ဟု ပါးစပ်မှလည်း ဖြည်းဖြည်းပြောလျက်ရှိသည်။

"အို . . . ဟုတ်လား၊ . . . ဟုတ်လား ဦးချစ်ဆွေရယ်၊ ဩော် . . . ဩော် . . . ဘယ်လို့ရလာပါသလဲ၊ အခု ပါပါသလား"

မမြတ်လေးမှာ ပခုံးမှ ဝန်ထုပ်ကို ပစ်ချလိုက်ရသကဲ့သို့ သိသိသာသာ ပေါ့ပါးသွားလေသည်။

ထွက်လုထွက်ခင် ရထားကို မီမှမီပါ့တော့မလားဟု တထိတ်ထိတ်နှင့် ပြေး၍ လာသော သူသည် ရထားပေါ်သို့ ပြေးတက်လိုက်သည့်တစ်ခဏ ရထားကြီး ထွက်သွားသောအခါ ဟင်းချ၍ ငြိမ်းအေးပေါ့ပါးသွားရသူကဲ့သို့ ထို့အတူ ဖြစ်၍သွားလေသည်။



စိတ်ချမ်းသာယာရ၍ ငြိမ်းချမ်းရသည့် သုခကို တစ်ခဲနက် ခံစားရလိုက်လေသည်။

ဟာဒယနှလုံး ကြင်လင်ရွှင်ပြုံး၍ ဝမ်းမြောက်ကြည်နူးသွားသည့် စိတ်ဓာတ်၏ တန်ခိုးအာနိသင်ကြောင့် မမြတ်လေး၏ မျက်နှာမှာ အပြစ်ကင်းမဲ့သော ကျောက်မျက်ရွဲကဲ့သို့ တောက်ပချောမွေ့၍ ပြကတေ့ အလှထက်စိတ်ပျိုကိုယ်နုဆိုသည့်အတိုင်း ယခု ပိုမို၍လှလာသကဲ့သို့ မှတ်ထင်ရလေသည်။

"ရုပ်ရှနည်းကတော့ ကျွန်တော် ဒီသင်္ဘောပေါ်ကို ညဆင်းအိပ်ဖို့ တည်းအိမ်က ညထွက်လာတော့ ဦးအုန်းခိုင်လမ်းထိပ်က ဓာတ်မီးတိုင်အောက်မှာ လူနှစ်ယောက် လုံးထွေးနေတာ မြင်ရတယ်၊ ကူညီမယ်လို့ ကားကိုရပ်ပြီး ကျွန်တော်လဲ ပြေးသွားပါရော၊ သူတို့လဲ သေတ္တာထားခဲ့ပြီး ထွက်ပြေးကုန်ကြတာပါပဲ။

"ဒါနဲ့ ဒီသေတ္တာကြီးကို ကောက်ခဲ့ပြီး ဒီသင်္ဘောဆင်းခဲ့ရတာပါပဲ၊ ရေနံချောင်းရောက်မှ သတင်းစာတိုက်ကို ကြော်ငြာဖို့ စီစဉ်ထားပါတယ်"

"ကျေးဇူးတင်လိုက်တာ ဦးချစ်ဆွေရယ်၊ ကြုံမှကြုံရလေတယ်၊ အံ့သြစရာကြီးပဲနော်၊ ကျွန်မမြတ်နိုးတဲ့ ပစ္စည်းတွေ ဆုံးပြီ ဆိုပြီး ယူကျုံးမရဖြစ်လိုက်တာ မော်လမြိုင်ကိုပဲ လှည့်ပြန်သွားတော့မလို့၊ ရေနံချောင်းက ကျွန်မအစ်မက အရေးကြီးတဲ့ ကိစ္စရှိတယ်။ အမြန်လိုက်ခဲ့ပါဆိုလို့သာ ခရီးဆက်ထွက်ခဲ့ရတယ်။

"ဒါတောင် ရန်ကုန်မှာ တစ်ရက်နှစ်ရက်ဆိုင်းပြီး ခေါင်းတောက်ဗျာများနေလိုက်သေးတယ်၊ ဒီလိုမဆိုင်းလို့ ဒီညကပဲ ရထားနဲ့ လိုက်မယ်ဆိုရင် ပြည်ကူးဖို့ စီးမှာမို့ ဦးချစ်ဆွေနဲ့ လွဲဦးမှာပဲ၊ ခုတော့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ် . . . ကျွန်ုပ်ကုသိုလ်ကောင်းလို့ ညတွင်းချင်း ပြန်ရတာမို့ ခြေရာလက်ရာတော့ မပျက်ပါဘူးနော်"

သူခိုးလက်မှ ခြေရာလက်ရာ မပျက်ခဲ့ဘဲ မိမိလက်ထဲတွင်မှ ခြေရာလက်ရာ ပျက်ရခြင်းအတွက် အဘယ်ပုံပြောရမည်ကို ခက်၍ သွားရလေသည်။

မိမိ၏ စိုးရိမ်ကြောင့်ကြမှုကြောင့် လုပ်ရသည် မှန်သော်လည်း လုပ်ပုံလုပ်နည်းများ ယခုထုတ်၍ ပြရတော့မည်ကို အားနာ၍နေလေသည်။

"သူခိုးလက်ထဲမှာတော့ ပွင့်ပုံမရပါဘူး။ ကျွန်ုပ်ဟော်အဲဒီ ညက ယူလာပြီး ကျွန်တော်အိပ်စင်အောက်မှာပဲ ထားပါတယ်။ မနက်မှ သေတ္တာထောင့်တွေ ချိုင့်ပိန်နေပြီး သော့ချက်ပါ ပျက်နေတာ တွေ့ရလို့ ကျွန်တော်ကြိုးစားပြီး ရအောင်ပိတ်ပါသေးတယ်"

"သူခိုးတွေလမ်းမှာ သေတ္တာနာသွားတယ် ထင်ပါတယ်၊ သေတ္တာကလဲ ပိတ်မရ၊ ကုလားတွေကလဲ အဝင်အထွက်ရှိနေလို့ ပျောက်ရှသွားမှာ ပူပန်ပြီး သေတ္တာထဲက ပစ္စည်းတွေကို ကျွန်တော့်သေတ္တာနဲ့ ပြောင်းထည့်ထားပါတယ်"

ထိုသို့ ပြောပြီးပြီးချင်း မျက်နှာပူ၍ ကုလားထိုင်မှ ထပြီးလျှင် မမြတ်လေးအား ကျောပေးလျက် မိမိနောက်မှ အိပ်ခန်းတံခါး၏ ချက်ကို ဆွဲဖွင့်လေ၏။

"ဪ . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ အားနာစရာကြီးပါလား" ဟူသောအသံနှင့် တစ်ပါတည်း ကုလားထိုင်ဆွဲလိုက်သံပါကြားရပြီး မိမိအနားတွင် လာ၍ ရပ်နေလေသည်၊



အခန်းထဲ ဦးချစ်ဆွေ ဝင်သွားသော်လည်း၊ မမြတ်လေးကား အပေါက်ဝတွင်ပင် ရပ်ကြည့်နေလေသည်။

အိပ်စင်အောက်က သေတ္တာကိုဆွဲထုတ်ယူလိုက်ပြီးလျှင် သေတ္တာကိုဆွဲထွက်လာရာ အလေးဒဏ် မခံယူစေချင်သကဲ့သို့ မမြတ်လေးက ဘို့ရှင်ကုလားအားလှမ်းခေါ်လိုက်ရာ ဦးချစ်ဆွေမှာ ရပ်ဆိုင်း၍ဆောင့်မနေဘဲ ဆွဲထုပ်ယူလာလျှက် စားပွဲကြီးပေါ် သို့တင်ထားလိုက်လေသည်။

မမြတ်လေးက. . . .

"အို. . . . အားနာလိုက်တာ ကုလားလာပါမယ်၊ ဒုက္ခများလိုက်တာ"

ဟုတတွတ်တွတ် ပြောနေသည်ကို ဘာမှ ပမာမထားဟန်နှင့်တစ်ဖန်အခန်းထဲသို့ဝင်သွားပြန်လေသည်၊

နောက်ထပ်သေတ္တာတစ်လုံးကို ဆွဲလျက် ထွက်လာသည် အခါ၌မူကား မမြတ်လေးလည်းတွေဝေငြိမ်သက်လျက် ဦးချစ်ဆွေ၏ အမူအရာများကို စိုက်လျက်ကြည့်နေလေ၏၊

မမြတ်လေးတွင် အလွန်ဖွင့်ချစ် ကြည့်ချင်လှသော်လည်း ဟန်လုပ်ကာ ဦးချစ်ဆွေ၏ အမူအရာအကဲကို ခတ်၍ငြိမ်သက်စွာရပ်နေလေ၏၊

ဦးချစ်ဆွေကသေတ္တာကို သော့ဖွင့်လိုက်မှမမြတ်လေးမှာသတိရသကဲ့သို့ . . . .

"နေပါစေလေ ဦးချစ်ဆွေ၊ ကျွန်မလုပ်ပါ့မယ်၊ ကျွန်မပြောင်းပါ့မယ်"

ဟုဦးချစ်ဆွေအနီးသို့ ငွတ်အတင်းချဉ်းကပ်၍ပြောသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ဆွေက ဘေးသို့ ဖယ်ပေးလိုက်ရလေသည်။

ဦးချစ်ဆွေ၏သေတ္တာဖွင့် သွားသောအခါ တစ်စုံတစ်ခု အကြံရသကဲ့သို့ ဘေးကယှဉ်လျက်ရှိသော မိမိ၏သေတ္တာကို အမြန်မြန် အလှန်လှန် ဘေးနောက်ကြည့်ပြီးနောက် အဖုံးကိုဖွင့်လိုက်သည်။

ဖွင့်လျက်ရှိသော သေတ္တာနှစ်လုံးထဲမှ ပစ္စည်းများကို မကိုင်မတွယ် သေးခင် မမြတ်လေးလည်း ဦးချစ်ဆွေအားလှမ်း၍ကြည့်လေ၏။

သေတ္တာတွေအားလည်းကောင်း၊ မိမိအားလည်းကောင်း ငူငိုက်ကာ ကြည့်လျက်ရှိသော ဦးချစ်ဆွေကိုတွေ့လေသည်။

အရှင်မရှိသော မိမိပစ္စည်းများကို တပင်တပန်းဒုက္ခခံကာတရို တသေတာဝန်ယူလျက်ထားသည့် စိတ်နေသဘောကိုလေးစားလှ၍ ကျေးဇူးတင်လှ၍နှုတ်ဖြင့် ဖွင့်မပြောပြနိုင်တော့ဘဲ ၎င်းကဲ့သို့ပင် ၎င်းအား ကျေနပ်နှစ်သိမ့်သည့် မျက်နှာအမူအရာနှင့်ပင်ပြုံး၍ ပြလိုက်သည်။

ရှေးဦးစွာမိမိသေတ္တာထဲတွင်ရှိသော ဦးချစ်ဆွေ၏ ပစ္စည်းများကို စားပွဲခုံပေါ် သို့ယူ၍ပုံလေသည်။

ဦးချစ်ဆွေမှာ တစ်ခါဖူးမျှ မိမိ၏ အဝတ်အထည်များကို မိန်းမ တစ်ယောက်မျှ မကိုင်လေဖူးရာ တစ်ထည်စီ တစ်ထည်စီ ယူ၍ ညင်ညင် သာသာ ထပ်ပုံနေသော မမြတ်လေးနှင့် အဝတ်များကို ကြည့်၍ စိတ်ထဲ တွင် တစ်မျိုးတစ်မည်ကြီးဖြစ်၍ နေလေသည်။

အခေါက်ပျက်၍ တွန့်လျက် ကြေလျက်ရှိသော အထည်များကို လက်ကလေးများဖြင့် ဖြန့်ဖိ၍ ပေးခြင်းကြောင့်လည်းသာ၍ပင် တစ်မျိုး တစ်မည် ဖြစ်သွားလေသည်။

ဦးချစ်ဆွေ၏ အဝတ်အထည်များကို ကိုင်တွယ်ယူငင်နေစဉ်



မမြတ်လေးလည်း အရောင်ရင့်ရင့်တွေသာလျှင် တွေ့ရ၍ အရောင်နုနု မဝတ်ဘဲ ရင့်ရင့်ညိုညိုကိုသာ ဝတ်ဆင်မြန်းသည့် စိတ်ဓာတ်ကို အကဲခတ် ၍ ကြည့်လေသည်။

အခန်းကြီးမှာ လူနှစ်ယောက် ရှိလျက်နှင့် တိတ်ဆိတ်နေလေ သည်။

စောစောက သေတ္တာသယ်ရန် ခေါ်လိုက်သည့် ကုလားမှာလည်း ရပ်၍ ကြည့်နေရာ သူ့အလုပ်မရှိတော့၍ အပြင်သို့ ပြန်ထွက်သွားလေ တော့၏။

ယခုကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သာယာသော ညတစ်ညမျိုးကို တွေ့ကြုံရလိမ့်မည်ဟု တွေးမျှ မကြည့်မိဖူးရာ ယခုသော် အိပ်မက်မက်နေ ရသကဲ့သို့ ဦးချစ်ဆွေ့ စိတ်နှလုံးမွေ့လျော်နေလေသည်။

မိမိ၏ သေတ္တာအလွတ်ဖြစ်သွားသောအခါ မမြတ်လေးသည် ဦး ချစ်ဆွေ၏ သေတ္တာထဲမှ မိမိပစ္စည်းများကို သေတ္တာအလွတ်ထဲသို့ ပြောင်း ထည့်ရန် သေတ္တာကို ရှေ့သို့ ဆွဲလိုက်လေသည်။

"အပြစ်တင်ရင်လဲ ခံရတော့မှာပဲ၊ မမြတ်လေး ကျွန်တော် ဗီတစ် ခါပဲ ကိုင်ဖူးလို့ တချို့ကို သေတ္တာပြောင်းတုန်းက မဝင်တာနဲ့ ဝင်အောင် လုပ်ရတာ၊ အရင်အခေါက်အတိုင်းတော့ ဟုတ်မယ်မထင်ဘူး"

မမြတ်လေးသည် ဖျတ်ခနဲ မော့၍ ကြည့်လိုက်၏။ ခေါင်းထဲတွင် တစ်လုံးစီ ဝင်သွားသော . . .

"ဗီတစ်ခါပဲ ကိုင်ဖူးလို့"

ဆိုသော စကားအဓိပ္ပာယ်များကို သိရှိ ရိပ်မိ၍ အားတုံ့အားနာ ပို၍ ဖြစ်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"မထင်ပါဘူး ဦးချစ်ဆွေ၊ မထင်ပါဘူး၊ ကျွန်မစိတ်ထဲမှာ ဘယ်လောက်တောင် ကျေးဇူးတင်တယ်ဆိုတာ ပြောမပြနိုင်ပါဘူး"

ဟု ဦးချစ်ဆွေအား စေ့စေ့ကြည့်၍ ပြောလိုက်သည်။

မိမိအဝတ်တွေကို တစ်ထပ်စီမယူဘဲ တစ်ထည်စီတစ်ထည်စီ ယူ၍ ထည့်နေလေသည်။ လျှင်လျှင်မြန်မြန် သွက်သွက်လက်လက် သုတ်ခြေတင်ကာ ပြောင်းလျက် ရှိလေသည်။

မိမိအဝတ်များကို သူစိမ်းသူရံစာ ယောကျ်ားတစ်ယောက်က ရပ်ကြည့် နေခြင်းကို ရေချိုးခန်းမှာ မျက်နှာသုတ်ပဝါခြုံ၍ ထွက်အလာ ပက်ပင်းတွင် ယောကျ်ားတစ်ယောက်နှင့် ရပ်စကားပြောရသောအခါ အိုးတန်းအန်းတန်းနှင့် ရှက်ရသကဲ့သို့ ရှက်နေလေသည်။

မိမိ ပစ္စည်းများကို တစ်ဖန် ပုံပြီး မပြလို၍ ကိုယ့်ပစ္စည်းများကို အလျင်မရှေ့ဘဲ မိမိသေတ္တာထဲတွင်ရှိသော ဦးချစ်ဆွေ၏ ပစ္စည်းများကို ရှေးဦးစွာ ထုတ်၍ ပုံပြီးမှ လျှင်လျှင်မြန်မြန် ဖလှယ်နေခြင်းပင် ဖြစ်သည်။

တိုလီမုတ်စများကို ဦးချစ်ဆွေဘယ်လိုများ မိမိအား အောက်မေ့မည်လဲဟုလည်း ထည့်ရင်း စဉ်းစားမိလေသည်။

မမြတ်လေးသေတ္တာထဲမှ ဦးချစ်ဆွေ၏ ပစ္စည်းများကို ရွှေစဉ်ကကဲ့သို့ မဟုတ်ဘဲ တစ်စုံတစ်ရာ ကြောင့်ကြသည့် ဟန်အမူအရာ ပေါ်နေသည်ကို စားပွဲအလယ်မှ ထွန်းထားသည့် မီးရောင်ဖြင့် မမြတ်လေး၏ မျက်နှာကို အထင်အရှား မြင်နေရလေသည်။

အောက်ဆုံးက ပစ္စည်းများ ကုန်ကာနီးလေလေ အမူအရာမှာ ယခင်ကလို သွက်သွက်လက်လက် မဟုတ်တော့ဘဲ လေးလေးဖင့်ဖင့် ဖြစ်လာနေခြင်းကို ဦးချစ်ဆွေသည် စိုက်လျက်ပင် ကြည့်၍ နေသည်။



' သေတ္တာထဲတွင် ပစ္စည်းများ ကုန်၍သွားမှ လက်ထဲတွင် ကိုင်ထားသည့် နောက်ဆုံးယူလိုက်သည့် ဆပ်ပြာခွက်ကလေးကို သေတ္တာထဲသို့ မသွင်းသေးဘဲ ဦးချစ်ဆွေဘက်သို့ ကိုယ်ကို လှည့်လျက် . . .

"ဦးချစ်ဆွေ ကျွန်မတစ်ခု မေးပါရစေ"

ဟု ဖြည်းဖြည်း မေးလေသည်။

"ရှိပါတယ် . . . ရှိပါတယ်၊ အဲဒီ သားရေအိတ် အဖုံးက အိတ်ထဲမှာပါ"

တစ်မျက်နှာလုံး ဝင်းထိန်တောက်ပသွားပြီး အဆောတလည် အိတ်ထဲသို့ လက်နှိုက်လိုက်လေသည်။

ဦးချစ်ဆွေလည်း မမြတ်လေးနှင့် မျက်နှာချင်းဆိုင်ကုလားထိုင်တွင် သွား၍ ထိုင်ချလိုက်သည်။

ပန်းအိတ်ကြီးကို ထောင့်နှစ်ဖက်က စက္ကူဖိုး၍ ကပ်ပေးထားသည်ကို လက်ထဲရောက်လျှင် ရောက်ချင်း ချက်ချင်းမြင်လေသည်။

"ဪ . . . စက္ကူကပ်ပေးထားတယ်နော်၊ တစ်သေတ္တာလုံးမှာ ကျွန်မဒါကို တကယ်နမြောဆုံးပါပဲ"

ဟု ပြောပြီးနောက် အိတ်ကို သေတ္တာထဲသို့ မထည့်သေးဘဲ ကုလားထိုင်၌ ထိုင်ချလိုက်ပြီး ပန်းအိတ်ကို စိုက်ကြည့်နေ၏။

ပစ္စည်းများ တစ်စုံတစ်ရာသေထားသည်ကိုလည်း သိ၏၊ အားလုံးထဲ၌ ဤတအိတ်ကို အထူးဂရုစိုက်လျက် ကော်များပင် ကပ်၍ထားခြင်းအတွက် အသည်းနှိုက်လောက်အောင်ကျေးဇူးတင်လွန်းလှ၍ ဦးချစ်ဆွေအား စကားဖြင့် ပြောရန် မတတ်နိုင်သကဲ့သို့ နှုတ်ခမ်းကလေးများ လှုပ်၍ မျက်အိမ်ထဲတွင် မျက်ရည်စကလေးများပင် ဝဲလျက်နေခြင်းကို ဦးချစ်ဆွေလည်း

www.burmeseclassic.com

www.burmeseclassic.com



မိမိအား အသက်ပုံ တော့ဖူးတင်ကြောင်း ကောင်းကောင်းကြီး သိသွားလေသည်။

"မမြတ်လေး၊ ကျွန်တော်မေးထား ရိုင်းရာမကျရင် ဒီပန်းတွေကို ဘယ်လိုအစီပွာယ်နဲ့ စုတယ်ဆိုတာ မသိရဘူးလား"

"ဩော် . . . ကျွန်မ ပြောမပြနိုင်လောက်အောင် လျှို့ဝှက်တဲ့ ကိစ္စ မဟုတ်ပါဘူး၊ ဒီပန်းကို စုရပုံကတော့ ကျွန်မတို့အဖေဟာ ပန်းများကို အင်မတန်မြတ်နိုးပါတယ်။

"သမီးနှစ်ယောက်ရှိတာကို ရေနံချောင်းက ကျွန်မအစ်မကို နှင်းဆီ၊ ကျွန်မကို မြတ်လေးဆိုပြီး ပန်းနာမည်တွေပေးထားပါတယ်။

"သူ သေဆုံးမယ့်နေ့ရက်မှာ ကျွန်မကို သမီးရယ် . . . ပန်းတွေ ဘယ်ပန်းရရ ရသမျှပန်းတွေ တော်တော်များများကြီး ဝယ်ပြီး ဘုရားမှာ ကပ်စမ်းပါ၊ ဖေဖေ့ခေါင်းရင်းက ပန်းအိုး၊ ဖေဖေ့အခန်းထဲက ပန်းအိုးတွေကိုလဲ ပန်းတွေဝေနေအောင် ထိုးပါလို့ ပြောပါတယ်။

"အဲဒီနေ့က ကျွန်မလဲ ဈေးထဲက ပန်းတွေရော၊ မြို့ထဲအိမ်တွေထဲက ပန်းတွေရော၊ တစ်ပုံတစ်ပင်ကြီးပဲ ရှာပြီး ဘုရားမှာကပ် ဖေဖေ့အခန်းထဲမှာလဲ ဝေနေအောင် ထိုးပြီး ပိုနေတဲ့ နှင်းဆီနဲ့ စံပယ်ပွင့်တွေကို ဖေဖေ့လက်ထဲကို ထည့်ပေးပါတယ်၊

"အဲဒီ ပန်းပွင့်တွေကို ဖေဖေဆုပ်ထားပြီး ပန်းများဟာ ခဏသာလှတာနော်၊ ခဏသာပဲလို့ ပြောပါတယ်"

"အဲဒါ ပြောပြီးတော့တည်းက ဘာစကားမှ မပြောတော့ဘဲ ငြိမ်နေပြီး နှစ်နာရီလောက်အကြာမှာ ဆုံးသွားပါတယ်"

"ဆုံးသွားကတည်းက နှစ်တိုင်းနှစ်တိုင်း ဂူကိုသွားပြီး ဘုရားမှာလဲ



ပန်းတွေလှူ၊ ဂူပေါ်မှာလဲ ဝေနေအောင် တင်ပြီး တင်တဲ့ပန်း ယူယူလာပြီး စုစုထားတာပါပဲ၊

"နှစ်စဉ် နှစ်စဉ် ဒီအိတ်ထဲကို ပန်းပွင့်ထည့်တိုင်း မှန့်စ်က ကျွန်မ ထည့်ထားတဲ့ ပန်းတလေး နွမ်းနေတာတွေ ကြည့်ပြီး ခဏသာလှတယ်နော်လို့ ဖေဖေပြောတာကို သတိရပါတယ်"

ကျွန်မလဲ တရားသံဝေဂဖြစ်ရပါတယ်၊ ဖေဖေ့ကို အကြောင်းပြုပြီး နှစ်စဉ်ရလာတဲ့ ကုသိုလ်တွေပါပဲ ဦးချစ်ဆွေ"

မသာမယာ မျက်နှာကလေးနှင့် ဖြည်းဖြည်းလေး ပြောသွားပြီးသည့်အဆုံးတွင် မမြတ်လေးသည် ဦးချစ်ဆွေနှင့် မျက်နှာလွှဲလိုက်ကာ ဝန်းအိတ်ကိုသာလျှင် ပြန်၍ စိုက်ကြည့်နေလေ၏။

မျက်လုံးတွေ ရီဝေလျက် မိမိ၏ အသည်းနှလုံးသို့ ရောက်အောင် ဖောက်ထွင်း၍ ကြည့်နေသည့် ဦးချစ်ဆွေ၏ မျက်စိနှင့် မဆုံရဲအောင် ဖြစ်၍ မျက်နှာလွှဲလိုက်ခြင်းပင် ဖြစ်၏။

"သာဓု . . . သာဓု . . . မမြတ်လေးရယ်၊ ဒီညဟာ ကျွန်တော့်အဖို့ မင်္ဂလာရှိတဲ့ ညတစ်ညပါပဲ၊ ကျွန်တော့် တစ်သက်မှာ ဒီညကို ဘယ်တော့မှ မမေ့နိုင်ပါဘူး၊ ဒီပုံဒီနည်း တွေ့ရသိရပြီး ဒီပန်းနည်းတွေ ကျွန်တော် ပြန်ပေးနိုင်တာကို မမြတ်လေးတော့ သိမယ်မဟုတ်ဘူး၊ ကျွန်တော်ဘယ်လောက် စိတ်ကြည်နူးရတယ်ဆိုတာ"

"ကျွန်မလဲ အင်မတန် စိတ်ချမ်းသာသွားပြီး ကျေးဇူးတွေ ဘယ်လိုတင်မှန်း မသိပါဘူး"

ခဏမျှ နှစ်ယောက်စလုံး တိတ်ဆိတ်နေကြလေသည်။

"ဒါနဲ့ ရေနံချောင်းမှာ တော်တော်ကြာမှာလား ရေနံတွင်းစား

www.burmeseclassic.com



ဦးဘမောင်၊ ဒေါ်နှင်းဆီဆိုရင် လူတိုင်းသိပါတယ်၊ အလည်လာပါ၊ ကျွန်မ ရက်ကြာပါလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်လာခဲ့ပါမယ်"

သင်္ဘောကြီး၏ ဝက်သံမှာ တကျွိကျွိမြည်ဟည်း၍ နေ၏၊ ခါတိုင်းသော် ဤဝက်သံမှာ ညံသည်ဟု ဦးချစ်ဆွေ ထင်ခဲ့သော်လည်း ယခုနည်းနည်းမျှ နားမနှင့်ဘဲ ခံသာ၍နေသည်၊

အခန်းတွင် တနိုင်နိုင် လှုပ်ရှားနေသည်ကိုလည်း ဘောယဉ်ပုခက်စီးနေသကဲ့သို့ ငြိမ့်လျက်နေ၏၊

အမြတ်တနိုး ပွေ့ညှီးကို တနိုးတသေ သေတ္တာထဲသို့ ထည့်နေသဖြင့် မမြတ်လေး၏ နူးညံ့ညင်သာပုံကို ကလေးအသွင် ကလေးနှင့်တူသည်ဟု ထင်မှတ်နေလေသည်၊

"ဦးချစ်ဆွေကို ညှို့နက်အောင် ဂုဏ်ပေးရတော့ အားနာပါတယ်၊ အိပ်ပါတော့ ကျွန်မကို ခွင့်ပြုပါ"

ညှို့နက်နေပြီကို ဦးချစ်ဆွေကား ဂရုမထားဘဲ တစ်ညလုံး ထိုင်နေသော်လည်း၊ ဘာမှ ပြန်မပြောဘဲ မမြတ်လေး၏ သေတ္တာကို ဆွဲ၍ အခန်းထဲသို့ လိုက်ပို့ လိုက်လေ၏၊

ထိုည၌ အိပ်မရတော့ပေ၊ တစ်ဝုံတစ်ခုကို လွမ်းသလိုလို ဆွေးသလိုလိုဖြင့် အိပ်မပျော်နိုင်အောင် ဖြစ်လေ၏၊

ရင်ထဲတွင် ဟာတာတာကြီး ဖြစ်လျက်နေ၏၊ ပိုင်ရှင်ကို တွေ့ရသဖြင့်လည်း ဝမ်းသာ၏၊ ပိုင်ရှင်မှာ မိမိစိတ်တိုင်းကျထားသည့် မမြတ်လေး၏ ပစ္စည်းမှန်း သိရပြီး ပြန်ပေးရသဖြင့်လည်း ဝမ်းနည်းသလိုလို ရှိမိလေ၏၊



မမြတ်လေး၏ အစွမ်းကုန် ချိုပြုံးထားသည့် မျက်နှာကလေးကို တခါက တမြည်းမြည်း ကွယ်ပျောက်သွားသည်ကို မျက်စိထဲတွင် ဖျောက်ဖျက်၍ မရပေ၊

စွဲစွဲလမ်းလမ်းကြီး စွဲလမ်းလျက်နေ၏၊ ညှို့နက်သည်ထက် ညှို့နက်လာမှ မိမိဘယ်အဖြစ်မျိုး ရောက်နေသည်ကို သိလာလေသည်၊

ဤတွင် ကိုယ့်ကိုယ်ကိုသာ ကျုံး၍အပြစ် တင်နေလေ၏၊ မိမိလည်း မသိဖူး မမြင်ဖူးဘဲနှင့် မိမိအစ်ကိုကား ရေနံချောင်းက မိန်းမကို ယူရန် လွယ်လွယ်နှင့် အစ်ကိုကြီးတို့ သဘောဟုခေါင်းညိတ်လိုက်မိခြင်းကို နောက်တ အတန်တန်ရလျက်နေသည်၊

မိမိမှာ မိန်းမယူရမည်ဆိုလျှင် မမြတ်လေးကိုသာလျှင် လိုချင်လေသည်၊

မမြတ်လေးကဲ့သို့ မိန်းမနှင့်သာလျှင် အကြောင်းပါချင်လေ၏။ အခြားအခြားသော မိန်းမများကို ယူရန်မှာ စိတ်ကူးကြည့်၍ မရနိုင်လောက်အောင် ဖြစ်နေလေ၏၊

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com



(၇)

ဘိုင်ကုလားချီတာဟာစရီ လာပို့မှပင် အိပ်ရာမှ ထလေသည်။ အိပ်ရာမှ နိုးလျှင်နိုးချင်း ရေနံချောင်းသို့ ယနေ့နှစ်ယောက်အတူ ဆင်းရတော့မည်ကို ချက်ချင်း သတိရ၍ စောစောက နေးလှချည်ရဲ့ဟု အောက်မေ့အပြစ်တင်ခဲ့သော သဘော်ကြီးကို ယခုထွက်ပို၍ အရှိန်ဖြည်းနိုင်သမျှ ဖြည်းဖြည်းကလေး ခုတ်စေချင်နေလေသည်။

တစ်မိုးအောက် တစ်အိမ်တည်းတွင် နေရသကဲ့သို့ ဦးခန်းကြီးထဲတွင် အတူတကွ စားသောက်နေရခြင်းကြောင့် သဘော်ကြီးနှင့် မခွဲမခွာဘဲ မန္တလေးသို့ နှစ်ယောက်အတူ လိုက်၍ သွားရလျှင် ကောင်းလေစွဟု အောက် မေ့လေ၏။

ကိုယ်လက်သန့်စင်ပြီးလျှင် အဝတ်အစားလဲ၍ အပြင်ဘက်သို့ ထွက်ခဲ့လေသည်။

အပြင်ဘက်တွင် မမြတ်လေး၏ ပစ္စည်းများကို အခန်းကလေးထဲမှ



သယ်ထုတ်နေသော မမြတ်လေး၏ အနိုင်းအစေအဖော် လူတစ်ယောက်ကို တွေ့ရလေ၏။

မမြတ်လေးကို အပြင်ဘက်၌ မတွေ့ရပေ။

သယ်ထုတ်နေသော ပစ္စည်းများကို ဦးချစ်ဆွေသည် ရပ်၍ ကြည့်နေရာတွင် ညက ပေးအပ်လိုက်သော သားရေသေတ္တာကြီးကို သယ်ထွက်လာသောအခါ၌ကား ပြန်ယူချင်သော စိတ်များပင် ပေါ်ပေါက်လာလေသည်။

"အိပ်ကျရင် သတိထားနော်၊ အလစ်သုတ်ခံရတယ်ဆိုတာ ကိုယ့်ပစ္စည်းနဲ့ကိုယ် အင်မတန် ရှက်စရာကောင်းတယ်ကွယ့်"

ဟု မမြတ်လေး၏ အသံနှင့်တကွ မမြတ်လေး အခန်းဝတွင် ပေါ်လာမှ သေတ္တာကို မျက်နှာလွှဲလိုက်လျက် မမြတ်လေးအား လှမ်း၍ ပြုံးပြလိုက်လေသည်။

မမြတ်လေးသည် ပြုံးချိုသော မျက်နှာထားနှင့် . . .

"ဦးချစ်ဆွေ ပစ္စည်းတွေ ပြင်ပြီးပြီနော်"

ဟု မေးလိုက်၏။

"ဟုတ်ကဲ့ . . . ထည့်ပြီးပါပြီ"

"မောင်စော ပြီးရင် ဟိုအခန်းထဲက သေတ္တာကိုလဲ အပြင်ကို ထုတ်ထားပါ"

ဟု အခန်းကို လက်ညှိုးထိုးညွှန်လျက် လှမ်းပြောလိုက်ပြီး . . .

"ဦးချစ်ဆွေ သေတ္တာဖျောက်ခဲ့တာ သူပဲ . . . သူပဲ . . ."

ဟု မောင်စောလက်ညှိုးထိုးကာ ပြလေ၏။

ဦးချစ်ဆွေလည်း ကျေးဇူးတင်စွာဖြင့် မောင်စောအား ပြုံးကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ပစ္စည်းများ ထုတ်၍ ထားခဲ့ပြီး မောင်စော အပြင်တက်သို့ ထွက်သွားမှ နှစ်ယောက်အတူ စားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်ကာ နံနက်တ စားကြလေသည်။

ရေနံချောင်းတွင် သဘောမဆိုက်ဘဲ ဖြတ်ခုတ်မောင်းလာခြင်းကို မမြတ်လေးက . . .

"ရေနံချောင်းကို ဘယ်နှစ်နာရီမှာ ခုတ်မောင်းနေဦးမှာလဲ"

ဟု ပြော၍ စားနေလေသည်။

ဦးချစ်ဆွေက မမြတ်လေး မြန်မြန်ရောက်ချင်မှန်း သိ၍ . .

"ဟုတ်ကဲ့ . . . မကြာပါဘူး"

ဟု ပြောလိုက်ကာ ထိုသို့ ပြောပြီး ရစ်ထဲတွင် ဟာ၍ သွားလေ၏။

"အိမ်က လာကြိုမှာပါလား၊ မကြိုရင် ကျွန်တော်ကားနဲ့ လိုက်ပို့ပါရစေ"

'လာကြိုပါ့မယ် . . .၊ ဦးချစ်ဆွေကိုလဲ လာကြိုမှာပဲ ထင်ပါရဲ့"

"ဟုတ်ကဲ့၊ ကျွန်တော့်အစ်ကို လူလွှတ်ပါလိမ့်မယ်"

"အစ်ကိုက ရေနံချောင်းမှာပဲ နေတယ်နော်"

"ဟုတ်ကဲ့ အခုတော့ ရေနံချောင်းမှာပါပဲ"

"ဪ . . . အစိုးရအလုပ်ပါပဲလား"

"ဟုတ်ကဲ့ အရေးပိုင် လုပ်နေပါတယ်"

"ဪ . . . ဪ . . ."

"မမြတ်လေး ရေနံချောင်းမှာ ဘယ်နှစ်ရက်လောက် ကြာပါမလဲ"

"မပြောတတ်သေးပါဘူး။ အစ်မက ဆွဲထားဦးမှာပဲ၊ ငယ်ငယ် ရွယ်ရွယ်က အတူတူနေကြပြီး သူက ရေနံချောင်းသားနဲ့ အကြောင်းပါလို့ အသက်ကြီးတော့မှ ခွဲနေကြရပါတယ်၊ တစ်ခါတစ်ခါ ပြန်တွေ့ကြရင် မပြန်ရအောင် ဆွဲနေတာမှုပဲ"

"အစ်မက တော်တော်အသက်ကြီးပါပြီးလား"

"ဟုတ်ကဲ့၊ လေးဆယ်ထဲမှာပါပဲ"

"ဪ . . . ဪ . . . တထက်တောက်ပါလား"

"ဟုတ်ပါတယ်၊ သူ့အောက်က ကျွန်မပါပဲ"

"ဒါဖြင့်ရင် တော်တော်လှမ်းတာပဲနော်"

"ဟုတ်ကဲ့ ကျွန်မထက် ငါးနှစ်လောက် လှမ်းပါတယ်"

"ဟင်. . . မမြတ်လေးဟာ သုံးဆယ်ကျော်ပါပြီးလား"

ဦးချစ်ဆွေ၏ အံ့ဩသွားသည့် ပုံပန်းတာမှုအရာကို ကြည့်၍ ပြုံးလျက်. . .

"ဟုတ်ကဲ့ ကျွန်မတသက် သုံးဆယ့်ငါးနှစ်ထဲမှာပါ"

"ဟို . . . သိပ်နုပျိုပါကလား၊ ကျွန်တော်ထင်တယ် နှစ်ဆယ် တောင် ပြည့်ဦးမယ် မဟုတ်ဘူးလို့"

မမြတ်လေးက ပြုံးလျက်ပင် စား၍ နေလေသည်။

ဦးချစ်ဆွေလည်း တစ်စုံတစ်ခုကို ပြောလိုလှသော်လည်း နှိုင်း ရာထူးမည့် [illegible] မျိုသိပ်လိုက်ရသည်။

[illegible]ကို ပိုင်ဆိုင်သည့် သူ၏ စိတ်သဘောမှာ ခက်ထန်ကြမ်း ကြုတ်ခြင်း၊ အလျင်းမရှိဘဲ စိတ်သဘောနူးညံ့သိမ်မွေ့၍ ထာဝစဉ် ကြည် လင် ရွှင်ပျ၍နေသော သူမှသာလျှင် ယခုလို နုပျိုနိုင်မည်ဟုလည်း တွေးတောနေလေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒီအသက်အရွယ်ရောက်နေရင် အိမ်ထောင်များ ရှိနေမလား"

ဟု အလွန်သိချင်လေသည်။

ဤမေးခွန်းမျိုးကို မိမိနေရာမှ မေးရန် အလွန်ခက်လှ၍ ကြိတ်၍သာ မျိုသိပ်လိုက်ရလေသည်။

"ကျွန်မတို့ အမေသာ ရုပ်တူပါတယ်။ ကျွန်မတို့ အဖေတော့ အသက်ခြောက်ဆယ်ကျော်မှာ သေသွားပေမယ့် ရုပ်အရွယ်ကတော့ ဦးချစ်ဆွေတို့ အရွယ်လောက်ပါပဲ။ အင်မတန် တင့်ပါတယ်၊ ဦးချစ်ဆွေရော အသက် သိပ်မကြီးသေးပါဘူးနော်"

"ကျွန်တော်လဲ သုံးဆယ့်ငါးနှစ်ထဲမှာပါပဲ"

"ဪ . . . ဪ . . . ငယ်ငယ်ပဲ ရှိပါသေးတယ်နော်"

မျက်နှာထားကြီးခြင်းကြောင့် မျက်နှာတည်ရင့်နေသဖြင့် ယခု ပြောမှပင် မိမိနှင့် ရွယ်တူတန်းတူမှန်း သိရလေခြင်းကြောင့် ထိုသို့ ပြောလိုက်မိခြင်းကို အားနာ၍ပင် သွားမိလေသည်။

"အလုပ်အကိုင်ကြီးရင့်လို့ အကြံဉာဏ် စိတ်ကူးထုတ်တာများလွန်းလို့ ထင်ပါတယ်၊ အသက်ကြီးတဲ့ အသွင်ကို ဆောင်နေကြရတာ"

ဟု မမြတ်လေးအား ရှေ့ကထက် ရင်းနှီးစွာဖြင့် ပြုံးပြုံးကြီး လုပ်၍ ကြည့်နေသဖြင့် မမြတ်လေးက မျက်နှာလွှဲကာ . . .

"ဟိုမှာ ရေနံချောင်းပဲ"

ဟု ခေါင်းဆတ်၍ ပြပြီး စားပွဲမှ ထလေသည်။

သင်္ဘောကြီးကား ဆိပ်ကမ်းသို့ အချိန်ယူကာ ကပ်၍ နေလေသည်။ သင်္ဘောအပြင်ဘက်ခန်းတွင် ဆင်းဆုံတတ်သူ ဆူညံ၍ နေလေသည်။



ဦးချစ်ဆွေနှင့် မမြတ်လေး ယှဉ်တွဲ၍ ရပ်ကာ အပေါက်မှ လှမ်း၍ ကမ်းသို့ ကြည့်နေကြသည်။

မကြာမီ ဦးခန်းထဲသို့ လူတစ်ယောက် ဝင်လာပြီးလျှင် ဦးချစ်ဆွေအား . . .

"အရေးပိုင်မင်းက လွှတ်လိုက်ပါတယ်"

ဟု ကိုယ်ကို ကုန်းပြီး အရိုအသေပေးလျက် ပြောလိုက်သည်။

"မမြတ်လေးတို့ အိမ်က မလာသေးပါလား၊ လာပါလိမ့်မယ်၊ သွားပါ . . . သွားပါ"

ဦးချစ်ဆွေ၏ ပစ္စည်းများကို ထမ်းတင်ရန် ထိုသူအား မောင်စောက ညွှန်ပြပေးလေသည်။

သေတ္တာများကို ထမ်း၍ အပေါက်ဝတွင် စောင့်လျက်နေရာ ဦးချစ်ဆွေသည် မမြတ်လေးအား . . .

"ကျွန်တော် ညနေလာခဲ့ပါမယ်"

ဟု မချိုပြုံးပြုံး၍ နှုတ်ဆက်လိုက်လျှက် ဦးခန်းထဲမှ လေးကန်စွာ ထွက်ခဲ့လေသည်။

* * * * * * *

www.burmeseclassic.com



(၈)

သပ်ရပ်လှပသည့် နှစ်ထပ်တိုက် ဆင်ဝင်အောက်၌ ပလိုင်းမောက် ကားကြီးဘေးတွင် ညီအစ်ကိုချင်း ယှဉ်၍ ရပ်ကာ စကားတချို့ ပြော၍ နေကြသည်။

"ဟာ . . . အစ်ကိုကြီးရာ၊ ဖြည်းဖြည်းအေးအေးမှပဲ သွားကြည့်ပါ ရစေ၊ ဒီနေ့ညနေ သင်္ဘောပေါ်မှာ ညောင်းလွန်းလို့ ကျွန်တော် လမ်း လျှောက်ပါရစေ"

"အချိန်ရှိပါသေးတယ် ညီလေးရ ဟိုက ပြန်လာတော့ လျှောက်ပါ လေကွာ၊ မနက်က သူဌေးကတော်ကို ဒီညနေ လာခဲ့မယ်လို့ ပြောထား တယ်ကွ၊ တက်ပါ"

"မဟုတ်ပါဘူး၊ ကိုကြီးရာ၊ ကျွန်တော်နဲ့ ဝင်ထားတဲ့ မိန်းမတစ်ကို ကျွန်တော်မလိုက်ချင်ဘူး"

"မင်းကလဲ ရှက်စရာမဟုတ်တာ၊ ငါကသာ ရေလာပြောင်းပေး

ပြောနေရသေးတာပါကွ၊ မစေ့စပ်ရသေးရသေးပါဘူး။ မင်းကို မြင်ပြီးမှ စေ့စပ်ရမှာပေါ့ကွ . . . လာပါ"

"နေပါဦး ကိုကြီးရာ၊ ဖြည်းဖြည်းပေါ့၊ ကျွန်တော်လဲ ရက်ကြာဦးမှာ ပဲဟာ"

"မင်းတလဲ တက်ဆိုရင်တက်ကွာ၊ မင်းလုပ်ပုံက ဘယ်တော့မှ မိန်းမရမယ့်ကောင် မဟုတ်ဘူး"

ပြောပြောဆိုဆိုနှင့် ဦးချစ်အေးအား ကားထဲသို့ တွန်း၍ သွင်းလိုက် ပြီးလျှင် ဦးချစ်အေးဘေးတွင် ယှဉ်ထိုင်လိုက်ကာ ကားကို အရှေ့ပိုင်းကိုယ် တိုင် မောင်းလျက် ထွက်ခဲ့လေ၏။

"ကျွန်တော်က သဘောမကျလဲ ခုဟာက ယူရမှာပဲလား"

"ဟော . . . မင်းသဘောမကျစရာ ဘာမှ မရှိဘူး၊ ဥစ္စာပေါ၊ ရုပ် ချောချော၊ သိမ်သိမ်မွေ့မွေ့၊ မင်းဘယ်မှာ ရနိုင်ဦးမှာလဲ၊ ရှည်မနေနဲ့တွ၊ မင်း ဟိုကျတော့ကြည့်"

ဦးချစ်အေးသည် ယနေ့ညနေ လမ်းလျှောက်ထွက်မည်ဟု ပြော ကာ မမြတ်လေးတို့ဘက်ဆီသို့ အလစ်သုတ်ဖို့ရာတွင် အစ်ကိုက ကားကြီး တစ်စီးနှင့် ကားဆီးကားဆီး လုပ်၍နေခြင်းကြောင့် မလွဲသာ၍ လိုက်ပါ လာလေသည်။

ဝင်ထားသည့် မိန်းမကို မိမိမည်သည့်နည်းနှင့်မှ မယူချင်ကြောင်း ကို ခါးရောက်မဆိုက် မပြောလိုသော်၍သာ မကြည်မသာနှင့် တောင့် တင်း၍ လိုက်ခဲ့ရလေသည်။

မကြာမီ ကျယ်ဝန်းသော ခြံကြီးထဲသို့ ကားကြီးဝင်လာကာ ခမ်းနား စွာ ဆောက်လုပ်ထားသည့် တစ်ထပ်တိုက် ပြန့်ပြန့်ကြီး ရှေ့၌ ကားရပ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်လေသည်။

အရေးပိုင်မင်းက ရှေ့က ဆင်းဝင်မှ ဦးချစ်ဆွေလည်း နောက်မှ လိုက်ပါလာခဲ့လေသည်။

မိန်းမကြီးတစ်ယောက်ခြံထဲမှ အပြေးကလေးအိမ်ပေါ်သို့ တက်လာပြီးလျှင် ဦးချစ်ဆွေတို့အား ခရိုင်ဦးကြီးဆိုကာ ညွှန်းကြီးထဲသို့ ခေါ်ဆောင်၍ နေရာချထားပေးလေ၏။

"အရေးပိုင်မင်းတို့က ညမှပဲလာလိမ့်မယ်ထင်တယ်၊ အောက်မေ့လို့ သူလဲ အပြင်ထွက်သွားပါတယ်"

"ဟုတ်ကဲ့၊ သူဌေးကတော်၊ ကျွန်တော့်ညီကလဲ ဒီကနေ့ညနေပဲ ရောက်လာပါတယ်၊ ညကျ အေးအေးဆေးဆေး သူနဲ့ စကားပြောချင်တာနဲ့ စောစောပဲ လာခဲ့ပါတယ်"

"ဪ . . . ဒီနေ့ သင်္ဘောမှာပဲ ပါလာတာကိုး"

ဟု မိန်းမကြီးက အံ့ဩသော ဟန်ဖြင့် ပြောလိုက်ရင်း ဦးချစ်ဆွေ အား ပြုံး၍ ကြည့်လေ၏။

ဦးချစ်ဆွေတွင် အနေခက်သကဲ့သို့ အသက်ရှူကျပ်သွားလေ၏။ ပြန်၍လည်း ပြုံးလို့ မရနိုင်သဖြင့် တစ်ပုံတစ်ခုကို လှမ်း၍ ကြည့်လေ၏။ မျက်နှာနှင့် တည့်တည့်တံခါးပေါက်မှ သပြေသီးမှည့်ရောင် ခန်းဆီးကြီး ကိုသာ စိုက်၍ ကြည့်နေလေ၏။ ပြောင်စလာပိတ် ခန်းဆီးကြီးကို အရုပ် ကားကြီးတစ်ခု ကြည့်ရသကဲ့သို့ ခန်းဆီးနှင့်သာ မျက်နှာကို အပ်ထားလေ သည်။

"ခွင့်ယူပြီး သင်္ဘောနဲ့ပဲ အေးအေး လာခဲ့တယ်တဲ့"

"ကောင်းပါတယ်၊ ဒီလို အနားယူမှပဲ . . ."



ငင်းတို့အထဲတွင် ဘာမှ ဝင်မပြောဘဲ ဆိတ်ဆိတ်ထိုင်၍ နေရာတွင် ဖြူစင်ကြော့ရှင်းသော လက်တစ်ဖက်က ခန်းဆီးကို ဖယ်၍ ထွက်ပေါ်လာရာ ဦးချစ်ဆွေလည်း၊ မျက်နှာကို ကပျာကယာ ခန်းဆီးမှ ခွာ၍ ခင်းထားသော ကော်ဇောသို့ စိုက်ထားလိုက်လေ၏။

"ဪ . . . ဦးချစ်ဆွေတို့ပါကလား"

ဟူသော အသံကို ဦးချစ်ဆွေသည် မယုံနိုင်အောင် ဖြစ်ကာ အသံရှင်ကို မော့၍ ကြည့်ပြီး ကြက်သေ သေသွားလေ၏။

"ညီမလေး . . . ဒါ အရေးပိုင်မင်းပဲ၊ မောင်ချစ်ဆွေနဲ့ ညီမလေး တို့ သိကြတာကိုး၊ အရေးပိုင်မင်း ဒါ . . . ညီမလေးပဲ၊ ဒီနေ့ပဲ ရောက်ပါ တယ်"

"ဪ . . . ဟုတ်လား၊ ဒါဖြင့် ညီတော်မောင်နဲ့ အတူတူတစ် သင်္ဘောတည်းကို"

သူဌေးကတော်နှင့် အရေးပိုင်မင်းတို့ တစ်ခွန်းတစ်ပြန် ဆူညံသွားလေ၏။ မမြတ်လေးကား မိမိအား မတွေ့လို၍ လာသည်ဟု ထင်မှတ်ပြီးလျှင် ဝမ်းမြောက်သွားကာ . . .

"ဟုတ်ကဲ့ . . . သင်္ဘောပေါ်မှာ သိပါတယ်"

ဟု ပြန်ပြောရင်း ဦးချစ်ဆွေဘေးရှိ ကုလားထိုင်တွင် ဝင်၍ ထိုင် လိုက်လေ၏။

ဦးချစ်ဆွေသည် . . .

ငါလိုလူ ဖမ်းရှိသေးရဲ့လား. . ."

ဟု စိတ်ထဲတွင် အောက်မေ့လိုက်ကာ မိမိအစ်ကိုအား ဦးသုံးကြိမ် ထိုင်၍ ချပစ်လိုက်ချင်တော့၏။ လှိုက်လှဲထူးကဲစွာ ဝမ်းမြောက်သွားမိခြင်း

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကိုယ်ရှိန်သတ်ကာ မနည်းပင် ဣန္ဒြေလုပ်ရလေ၏။

"ရန်ချောင်းဟာ ပျော်စရာကြီးပဲ၊ သိပ်သာယာတာပဲနော် . . ."

ဟု ဦးချစ်ဆွေက မမြတ်လေးအား လှမ်း၍ ပြောသည်။

အရေးပိုင်မင်းများမှာ မိမိညီ ယခုပင် စကားပြောဖော်ရလာခြင်းအတွက် ဝမ်းမြောက်စွာ နားထောင်၍ နေလေ၏။

"သာယာပါတယ်၊ လျှောက်လည်ပါ၊ နှံ့နှံ့စပ်စပ် လည်မှသာပြီး သာယာမှန်း သိရပါတယ်"

"ဒီလိုလုပ်လေ၊ တစ်နေ့ ပျော်ပွဲစား၊ စသွားကြရအောင်"

ဟု မမြတ်လေးအစ်မက ဝင်ပြော၏။

"ကောင်းတယ်၊ ဒီအကြံ ကောင်းတယ်"

ဟု အရေးပိုင်မင်းက အားပါးတရ ပြောလိုက်၏။

မမြတ်လေးက မိမိ အစ်မအား၊ လှမ်း၍ . . .

"ညနေ လက်ဖက်ရည် ပြင်နိုင်းမှပဲ မမ"

ဟု ပြောလိုက်ရာ. . .

"နေနေရေ . . . လက်ဖက်ရည်ပွဲ ပြင်နိုင်းပေဟ . . ."

ဟု ဝေါ့နှင်းဆီက အခန်းတစ်ခန်းဘက်သို့ လှမ်း၍ ဆော်လိုက်၏။

"သဘောပေါ်မှာ မိတ်ဆွေဖြစ်လာကြတာ ဝမ်းသာစရာပဲ သူငွေ ကတော်၊ ကျွန်တော့်ညီဟာ အင်မတန် စကားနည်းတယ်ဗျ၊ ကျွန်တော့်လို မဟုတ်ဘူး၊ ဒီက နှမကတော့ ဒီကောင်စကားနည်းမှန်း၊ သဘောပေါ်က ထဲက သိလာမှာပဲ"

မမြတ်လေးလည်း အရေးပိုင်နှင့် အစ်မတို့ ရယ်သကဲ့သို့ မရယ်ဘဲ ပြုံးရုံကလေးမျှပင် ပြုံးလျက် . . .



"ကျွန်မနဲ့တော့ အပြောသားပဲ အစ်ကိုကြီးရဲ့"

ဟု ပြောလျက် ဦးချစ်ဆွေအား လှမ်းကြည့်ပြီး-ပြုံးနေ၏။

မိမိအား ပြုံးပြလိုက်သည့်အတွက် ဦးချစ်ဆွေမှာ မနေ့ာပီတိ ဂွမ်းဆီထိသကဲ့သို့ ဖြစ်သွားလေ၏။

ကျွန်မ အစ်မက အရေးကြီးတဲ့ ကိစ္စနဲ့ လာပါဆိုတာ ဒီကိစ္စပဲ ဖြစ်ရမယ်၊ ငါနဲ့ တွေ့ဖို့ရာ မှာတာ သေချာပြီ။ အသက်ငယ်ငယ် ရုပ်ချော ဥစ္စာပေါလို့ အစ်ကိုကြီးပြောတာ ကေန္တအစ်ကိုကြီး မမြတ်လေးကို လူမမြင်ရလို့ ပုံကို ကြည့်ပြီး ဆုံးဖြတ်ထားတာ ဖြစ်ရမယ်။

"ငါကိုယ်တိုင်တောင် အသက်နှစ်ဆယ်လို့ ငါထင်သေးတာ၊ အစ်ကိုကြီးတော့ ဘယ်ကြီးတယ် ထင်မလဲ။ ဒီကစ္စကို မမြတ်လေးများ သိသွားပြီလား၊ သိရင် ဘယ်လိုနေမလဲ၊ အိမ်ပြန်ရောက်ရင် အစ်ကိုကြီး မြန်မြန်သာ ကြောင်းလမ်း၊ ကျွန်တော်ခဏခဏ မလာနိုင်ဘူးလို့ လိုမှာပဲ"

ဤကဲ့သို့ ခြေရာကောက်လျက် စုံထောက်တွေး တွေး၍ ပီတိကြီး ဖြစ်ကာ ဝမ်းသာလုံးဆို့၍ နေလေ၏။

"ဒီတစ်ခါပဲ ကြားဖူးပါသေးတယ်၊ နှမကြီးရယ် . . . အင်မတန် နှုတ်လေးလွန်းလို့ သူနဲ့များ ဘယ်ကိုမှ မသွားချင်ဘူး၊ စောစောက ဝင်သာ လာတယ်၊ သူဌေးကတော်က နှုတ်ဆက်တာကို ဣန္ဒြေကြီးနဲ့ ပြန်နှုတ်မ ဆက်ဘူး၊ အင်မတန် ခွကျတဲ့ အကောင်၊ ဒါနဲ့ နှမကြီးက ပြည်မှာ နေသလား . . ."

"မော်လမြိုင်မှာ နေတယ် အရေးပိုင်မင်း၊ အင်မတန် လာခဲတယ်၊ ဟိုမှာလဲ ဒြကို သူတစ်ယောက်တည်းပဲ ကြည့်မယ့်လူ ရှိတယ်၊ ညီအစ်မ ကလဲ နှစ်ယောက်တည်းပဲ ရှိတယ်၊ တွေ့ချင်ရင် ကျွန်မက သူ့ဆီကို

www.burmeseclassic.com

www.burmeseclassic.com



သွားရတယ်၊ သူက မလာနိုင်ပါဘူး၊ အခု အတင်းစာရေးခေါ်လို့ လာတာပါ"

သူဌေးကတော်က အတင်းစာရေးခေါ်လို့ ဆိုလိုက်ခြင်းမှာ ဤကိစ္စအတွက် ခေါ်ခြင်းပဲ

ဟု ဦးချစ်ဆွေက တွက်၍ မမြတ်လေးအား လှမ်းကြည့်လိုက်ပြီးနောက် ပြုံးပြန်လေသည်။

"ဪ . . . ညီအစ်မ နှစ်ယောက်တည်း ရှိသလား၊ ဒီက နှမကြီးက အရွယ်ငယ်သေးတာပဲ၊ တယ်မကြီးသေးပါဘူး"

ဦးချစ်ဆွေလည်း အစ်ကိုလုပ်သူအား ဖျတ်ခနဲ ကြည့်လိုက်သည်။

သို့ကြည့်ပြီး၊ တစ်ဖန် မမြတ်လေးအားလည်း လှည့်ကြည့်လိုက်သည်။

"ကျွန်မလို မဟုတ်ဘူး၊ အရေးပိုင်မင်း၊ သူက အင်မတန်ကို အရွယ်တင်ပါတယ်"

ဦးချစ်ဆွေလည်း၊ မိမိ၏ အတွေးအတောများ သေချာ၍ သွားသကဲ့သို့ ရှင်းလင်းသွားပြီးလျှင် စိတ်ကြည်လင်၍ လာသည့်အလျှောက်ရောက်စက မျက်နှာမျိုးမဟုတ်ဘဲ မျက်နှာချို၍ နေလေသည်။

မမြတ်လေး ထွက်လာသော အခန်းမှပင်လျှင် မိန်းကလေးတစ်ယောက် ခေါင်းကလေးပင် ဖော်ကာ. . .

"လက်ဖက်ရည် ပြင်ပြီးပါပြီ"

ဟု ပြောလိုက်ရာ ဒေါ်နှင်းဆီက ရှေ့ဦးစွာ ထ၍ အားလုံးကို လက်ဖက်ရည်ခန်းသို့ ခေါ်ဆောင်သွားလေသည်။

အသီးသီး ဝိုင်းထိုင်ကြပြီးနောက် မမြတ်လေးက . . .



"နုနုရော . . . မမ"

ဟု ပြောလိုက်ရာ ဒေါ်နှင်းဆီက . . .

"နုနု . . နုနု . . လာလေ၊ နုနုရေ . . လာ"

ဟု လှမ်းခေါ်လိုက်သည်။

ခန်းဆီကို ဖယ်၍ ခေါင်းကလေးပြူထွက်လာမည့် မိန်းကလေးပင် အခန်းထဲသို့ တစ်လှမ်းချင်း လှမ်းပြီး ဝင်လာနေသည်ကို အားလုံးပင် မြင်နေရသည်။

ကိုယ်လုံးကိုယ်ထည် မမြတ်လေးထက် ထွက်ပြီး မမြတ်လေးလောက် အရုပ်မမြင့်လှဘဲ ဒေါ်နှင်းဆီကဲ့သို့ ယဉ်စစ ရုပ်ရည်မျိုးဖြင့် မိမိတို့ထံသို့ မလျှောက်တတ်သလို လျှောက်၍ လာနေသော မိန်းကလေးကို ကြည့်ပြီးလျှင် သံသယစိတ် အမျိုးမျိုးနှင့် ဦးချစ်ဆွေတွင် တစ်ဖန် ထိတ်သွားပြန်လေသည်။

"နုနု. . . ဧည့်သည်တွေ လာနေမှန်း သိလျက်နဲ့ ဘုရားရှိခိုးနေသလား"

ဟု အရေးပိုင်မင်းက လှမ်း၍ ပြောလိုက်သဖြင့် ပိုမို၍ ရှက်သွားဟန်နှင့် စားပွဲဝိုင်းထဲသို့ မရဲတရဲ ဝင်ထိုင်ကာ မျက်နှာကို ငုံ့ထားလေသည်။

"နုနုက အရေးပိုင်မင်း မေးနေတာ ပြောလေ"

ဟု ဒေါ်နှင်းဆီက နုနုအား လှမ်းပြောသော်လည်း နုနုသည် ငုံ့နေရာမှ ပို၍ ငုံ့လျက် စားပွဲပေါ်မှ ဇွန်းကို လက်ညှိုးနှင့် တို့နေလေသည်။

"နုနု . . . မေးနေတာ ဘာဖြစ်လို့ မပြောတာလဲ"

ဒေါ်နှင်းဆီကဲ့သို့ အသံမျိုး မဟုတ်ဘဲ မမြတ်လေး၏ အသံမာသွားခြင်းကို ဦးချစ်ဆွေလည်း ခွဲခြား၍ သိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နုနု . . . ပန်းသီနေလို့ပါ"

မည်သူ့ကိုမျှ မကြည့်၊ ငုံ့လျက်ကပင် ဤသို့ ဖြစ်နေပုံကို မမြတ်လေးက တစ်ခဏမျှ စူးစိုက်ကြည့်နေသည်ကို ဦးချစ်ဆွေ တွေ့လိုက်ရလေသည်။

"နုနု အလုပ်က ဒါပဲ အရေးပိုင်မင်းရဲ့၊ ဘုရားဆွမ်းတော်ကပ်မယ်၊ အိမ်မှာ သိမ်းဆည်းမယ်၊ အလုပ်လုပ်စရာရှိရင် လုပ်ပြီး လုပ်စရာမရှိရင် ဘုရားရှိခိုးမယ်၊ ဒါပဲသူ့အလုပ်"

ဟု ဒေါ်နှင်းဆီက ရှင်းလင်းပြောပြနေလေသည်။

"ငယ်ငယ်ရွယ်ရွယ်ပေမယ့်လဲ အင်မတန် ဘုရားတရားကြည်ညိုပါတယ်၊ ကျွန်တော်လာတိုင်း ဘုရားကပ်ဖို့ ပန်းသီနေတာနဲ့ ကြုံနေတာပဲ၊ ဒီအိမ်မှာ နုနုရှိမှန်းကို တစ်ခေါက်နှစ်ခေါက်နဲ့ မသိနိုင်ဘူး။ သိပ်အေးတာပဲ"

"ဟုတ်တယ် အရေးပိုင်မင်းရဲ့၊ ဧည့်သည်လာလဲ သူဘယ်တော့မှ မထွက်ဘူး၊ အင်မတန်ကြီး ခေါ်ထုတ်မှ ထွက်တယ်၊ မိန်းမဧည့်သည်လာလဲ သူဒီလိုပဲ မထွက်ချင်ဘူး"

"တော်ရုံလူက သူ့အသံကြားဖို့ ခက်သားပဲ၊ ခိုင်းတာနေရာမကျရင် တစ်ခွန်းမှ ပြောမနေဘူး၊ သူကိုယ်တိုင် ထ,လုပ်တတ်တာပဲ၊ အေးတာတော့ ပြောပါနဲ့တော့၊ ပါးစပ်နဲ့ ခိုင်းစမ်းပါလို့ ပြောယူရတယ်"

"နုနုက ၊ အေနဲ့တူလို့ထင်တယ်၊ အေးတာမှ သိပ်အေးတာပဲ"

ဟု အရေးပိုင်မင်းက ချီချီပြုံးပြုံး ပြောနေလေသည်။ နေရပ်ချင်းတူ၊ နာမည်ချင်းတူပြီးမှ ဂဏန်းတစ်လုံးတည်း ကပ်လွဲသွားသကဲ့သို့ ဦးချစ်ဆွေ့ရင်ထဲတွင် ဘာလုပ်လှုပ်ဖြစ်သွားလေသည်။



"ဖူးစာဆုံရန် သေတ္တာကို ကြုံလိုက်ရပြီးနောက် အိမ်ပေါ်အရောက် လာဘ်တိုက်သလို ရှိလာပြီးမှ သီသီကလေး ကပ်လွဲရချေပြီ. . ."

ဟု စိတ်ထဲတွင် မခံချိမခံသာဘဲ အောင့်သက်သက်နှင့် မချိတင်ကဲဖြစ်၍ သွားတော့၏။

"အဒေါ်နှင့်တူမ"

ဟု တစ်ခဏချင်း ခွဲခြားလိုက်ပြီးနောက် မိမိအား မမြတ်လေးတူမနှင့် အိမ်ကိုလုပ်သူက ပေးစားလိမ့်မည်ကို အလိုလို သိ၍ လာပြီးလျှင် အိမ်ကိုရော ကံကြမ္မာပါ ကြိတ်၍သာ အပြစ်တင်လျက် ရှိလေသည်။

တစ်ယောက်တစ်ခွန်း ပြောဆိုနေကြသော စကားများကို အာရုံမပြုနိုင်ဘဲ ဘယ်ပုံဘယ်နည်းဖြင့် မမြတ်လေးနှင့် နီးရအောင် ကြံရမည်သာ အကြံညာဏ်ယူ၍ နေသဖြင့် လက်ဖက်ရည်သောက်ဖို့ရန် မေ့နေလေသည်။

"ဦးချစ်ဆွေ . . . သောက်ပါ"

ဟု မမြတ်လေးက အသံပြုလိုက်မှ မမြတ်လေးအား မော့၍ မချိပြုံး ပြုံးမိလျက်ဖြင့် လက်ဖက်ရည်ပန်းကန်ကို လှမ်းယူ၍ သောက်နေလေသည်။

ဦးချစ်ဆွေ၏ မျက်နှာကဲကြောင့် မမြတ်လေးသည် တစ်စုံတစ်ခုကို ဆက်စပ်တွေးလိုက်ပြီးနောက် စိတ်လေးသလိုလို ရှိနေလေသည်။

လတ်ဖက်ရည် စားပွဲတွင် အရေးပိုင်နှင့် သူဌေးကတော်တို့ နှစ်ယောက်သာ ထွေရာလေးပါး ပြော၍နေကြသည်။

သုံးယောက်သော သူတို့မှာ ငြိမ်သက်၍ နေသော်လည်း နှစ်ဦးမှာ အတွေးကိုယ်စီနှင့် တွေးချင်ရာ တွေးနေကြခြင်းကြောင့် နုနုသာလျှင် မျက်

www.burmeseclassic.com

www.burmeseclassic.com



တောင်မှန်မှန်ခတ်၍ အသက်မှန်မှန် ရှူနေလေသည်။

လူကြီးတွေ၏ အခြင်းအရာကို ဘာမှမသိဘဲ လူကြီးတွေပြောနေသည့် စကားသာ ငြိမ်သက်စွာ နားထောင်၍ နေလေသည်။

မမြတ်လေးသည် တွေဝေငြိမ်သက်နေရာမှ နုနုအား လှမ်း၍ . . .

"ပျော်ပွဲစားသွားရင် နုနုဘာချက်သွားရင် ကောင်းမလဲ" ဟု ရုတ်တရက် မေးလိုက်လေသည်။

စကားလက်ဆုံ ကျနေကြသော လူကြီးနှစ်ယောက်လည်း တစ်ပြိုင်နက်တည်း နုနုအား လှမ်း၍ ကြည့်ကြပြီး နုနုအပြောကို စောင့်စား၍ နေကြသည်။

"မေးနေတယ်လေ၊ ပျော်ပွဲစားသွားရင် နုနုဘာချက်သွားမှာလဲ"

မမြတ်လေးလည်း ထပ်၍ မေးရသဖြင့် အားမလို အားမရဖြစ်သလို မျက်တောင်နှစ်ဖက်ကပ်၍ နံဘေးက ထိုင်နေသော နုနု၏ နှုတ်ဖျားကို စောင့်ကြည့်နေသည်။

ကျောင်းဆရာမရှေ့တွင် မေးခွန်းကို မဖြေရဲသော တပည့်ကဲ့သို့ နုနုသည် ခေါင်းကြီးငုံ့ထားလျက် စားပွဲကို အထပ်ထပ်ပွတ်၍သာ နေလေ၏။

"နုနုက ဒံပေါက်ထမင်း ချက်ခဲ့မယ်၊ မဟုတ်လားကွယ်" ဟု အရေးပိုင်မင်းက ရယ်ရယ်မောမောဖြင့် ရေလာမြောင်းပေးလုပ်၍ ပြောနေသည့်တိုင်အောင်လည်း နုနုသည် မိမိဖြေရန်မလိုဟု ယူဆ၍လားမသိ၊ မည်သူမည်သူ့ကိုမျှ မော့မကြည့်ဘဲ ငုံ့၍သာ နေလေ၏။

ထောင့်ကပ်ထားသည့် မျက်လုံးအစုံကို နုနုထံပါးမှ တဖြည်းဖြည်းရုပ်သိမ်းခွဲခွာလိုက်ပြီးနောက် မမြတ်လေးသည် ကြီးလေးလှသည့် ဣန္ဒြေကြီးဖြင့် လက်ဖက်ရည် ပန်းကန်ကို နှမ်းနှင့် တဖြည်းဖြည်း မွှေ၍ ပေးပြီး မျက်နှာထား တည်တည်ကြီးနှင့် ငြိမ်သက်စွာ သောက်၍ နေလေ၏။

"အရေးပိုင်က နက်ဖြန်ညနေလာခဲ့ဦးမယ်" ဆိုကာ ထမှပင် ဦးချစ်ဆွေလည်း မမြတ်လေးအား မသိမသာ ကြည့်နေရာမှ သတိရသလိုထကာ . . .

"မမြတ်လေး ကျွန်တော် ပြန်လိုက်ပါဦးမယ်" ဟု မမြတ်လေးအား ရှေးဦးစွာ နှုတ်ဆက်ပြီးနောက် သူဌေးကတော်ကိုလည်း ပြုံး၍ နှုတ်ဆက်လိုက်လေ၏။

မမြတ်လေးလည်း အစ်မနှင့်အတူ ဧည့်သည်များအား အိမ်ဝသို့လိုက်ပို့လိုက်ပြီးနောက် ဦးချစ်ဆွေတို့အား ယဉ်ကျေးမှုရာဖြင့် ပြန်၍ နှုတ်ဆက်ပြီးလျှင်ကားထွက်သွားမှပင် ညီအစ်မနှစ်ယောက် အိမ်ထဲသို့ ပြန်ဝင်ခဲ့ကြလေ၏။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



(၉)

နှစ်ယောက်ထိုင် ကုလားထိုင်ရှည်ကြီးပေါ်တွင် ကိုယ်ကို ပစ်လှဲ ထိုက်လိုက်ပြီး ဆိုဖာအမှီတွင် ကိုယ်ကိုလှဲလိုက်လျက် . . .

"နုနု . . . နုနု . . ." ဟု ဆက်ကာ ဆက်ကာ မမြတ်လေးက လှမ်းခေါ်နေ၏။

အခန်းပေါက်မှ ထွက်လာသော နုနု၏ ပခုံးလေးကို ဒေါ်နှင်းဆီက လှမ်းဖက်၍ မမြတ်လေးရှေ့ရှိ တစ်ယောက်ထိုင် ဆိုဖာများတွင် အသီးသီး ဝင်ရောက်ထိုင်ကြ၏။

မမြတ်လေးလည်း နုနုအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးမှ ဘစ်မ ဘက်သို့ လှည့်၍ . . .

"မမတော့ မပြောတတ်ဘူး ညီမလေးတော့ သူ့အစား လဲသေချင်တာပဲ"

"ဘာဖြစ်လို့လဲ ညီမလေးရယ်" ဟု ဒေါ်နှင်းဆီက ထိတ်ထိတ်ပျာ



ပျာ မေးလေ၏။

နုနုသည် ဒေါ်နှင်းဆီအား အားကိုးသော မျက်လုံးများဖြင့် လှမ်းကြည့်နေလေသည်။

"ဘာဖြစ်ရမလဲ၊ ညှိုသည်ရှေ့မှာ သစ်ငုတ်ကြီးလို လုပ်နေလို့ စကားစ ရှာပေးတာလဲ လျှာမရှိသလိုဘဲ၊ နည်းနည်းမှ ဒါမျိုးကို မကြိုက်ပါဘူး"

"နုနုကလဲ နုနုပဲ၊ ဘာဖြစ်လို့ မပြောသလဲကွယ် . . . သမီးရယ်" ဟု အပြစ်တင်သလို ချော့သလိုလို လုပ်၍ ပြောလိုက်ရာ၊ နုနုလည်း ခေါင်းကို ငုံ့ထားလိုက်၏။

"ဒါဟာ မမအပြစ်ပဲ၊ ကလေးလဲမဟုတ်၊ ဒီအရွယ်ကြီးရောက်နေမှ ဆယ့်ခြောက်နှင့် ဆယ့်ခုနစ်ကို မမက လေးငါးနှစ်သမီးကလေး ထင်နေသလား၊ မမလိုတာပဲ။ မမ်လိုလို့ သူအ, နေတာပဲ"

"အ, တယ်လဲ ဘယ်ဟုတ်မလဲဟယ်၊ အပြစ်တင်မနေပါနဲ့၊ သူက "နိုးတာတော့ ကြည့်ပါဦးမှပေါ့"

နိုးလို့ အ,တာပေါ့ မမရဲ့၊ မိန်းကလေးမရှိရဘူး မဟုတ်ပါဘူး ရှိုးရ ပါတယ်၊ ကြိုက်ပါတယ်၊ နိုးတာလဲ မိန်းမပီပီသသနဲ့ အိမ်မှုရေးရာကို ဇေ ဇေစပ်စပ် သန့်သန့်ပြန့်ပြန့် ကျကျနန လုပ်တတ်တာလဲ သဘောကျ ပါရဲ့၊ ဒါပေမယ့်လဲ ဒါနဲ့တင် မိန်းမပီသတာ မဟုတ်သေးဘူး။ လိမ္မာတယ် မခေါ်နိုင်သေးဘူး၊ ရေရေလည်လည် ချက်ချက်ချာချာရှိမှ အဘက်ဘက် က ပြည့်စုံတယ်၊ ခေါ်ရမှာပဲ၊ အခုတော့ လင်းတကြီးလိုပဲ မှုန်းစရာ၊ ဘာပြု လို့ စကားပြန်မပြော နိုင်ရတာလဲ ပြောစမ်းပါဦး"

နုနုသည် ဘာပြန်ပြောရမှန်း မသိသကဲ့သို့ စိတ်ဒိုက်လျက် နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီလား သစ်ငုတ်လို" ဟု မမြတ်လေးက လှမ်းခေါက်လိုက်မှပင် "ဟိုး . . . အစ်မတလဲ နုနုပြောလို့ မဆွက်ဘူး" ဟု ပြောမိပြောရာ ပြောလိုက်လေသည်။

ဒေါ်နှင်းဆီက နုနုနှင့် မမြတ်လေးအား တစ်လှည့်စီကြည့်လျက် ရယ်လေသည်။

"ဘာဖြစ်လို့ ပြောလို့ မထွက်ရတာလဲ၊ ရှက်လို့လား၊ ကြောက်လို့လား။ ပြောစမ်းပါဦး"

"မေးတာ ပြောလိုက်လေ" ဟု ဒေါ်နှင်းဆီက နုနုအား ဝင်၍ထောက်ပေးလေ၏။

"ဒီလိုလဲ မဟုတ်ပါဘူး"

"နို့ဘယ်လိုလဲ"

ဟု နုနုအား စေ့စပ်ကြည့်၍ မျက်နှာထားတင်းတင်းနှင့် မေးလိုက်ရာ နုနုမှာ မျက်ရည်များပင် လည်၍ လာလေသည်။

"ကြည့်လေ. မမ. . . လူနဲ့ကို စကားမပြောတတ်ဘူး၊ ဒါနဲ့များကျောင်းက ဘယ်လို စာမေးပွဲအောင်လာသလဲမသိဘူး၊ မမကြောင့် ဒီလိုဖြစ်ရတာ၊ အိမ်ထောင် ထိန်းသိမ်းတတ်တာနဲ့ အနေရိုးတာကိုပဲ လိုမှာတယ်၊ မိန်းမပီသတယ်၊ မမချီးမွမ်းနေပါ၊ လူထဲမဝင်တာတော့ မမ၊ မမြင်ဘူး။ ရှေ့ကို လူဘယ်လိုလုပ်မလဲ၊ ပြောစမ်းပါဦး၊ ဒီလို ရိုးပုံ အပုံမျိုးဟာ ကြည့်ပါ။ သူများ နှာခေါင်းပေါက်နဲ့သာ အသက်ရှူတတ်မှာ၊ ကိုယ့်နှာခေါင်းပေါက်နဲ့ ရှူရမယ့်ဘဝ ကိုယ့်ဒူးကိုယ်ချွန်ရမယ့် ဘဝဆိုရင် လူဖြစ်ဖို့ဝေးပါသေးရဲ့"

"ဒီလို မပြောစမ်းပါနဲ့ ညီမလေးရယ်"



"ကျွန်မကိုသာ မမနာမူနာကြည့်လေ၊ ကံဆိုတာ သိနိုင်သလား၊ ကံကို ကိုယ်စီမံလို့ ရတာမျိုး မဟုတ်ဘူး၊ မိန်းမပီသရုံကလေးက ဘာလုပ်ဖို့လဲ၊ သတ္တိ၊ ဇွတ္တိ၊ ပညာ ဉာဏ်မရှိရင် မခက်ဘူးလား၊ နုနုဘယ်လို မိန်းမစားမျိုး ဖြစ်ချင်သလဲ ပြောစမ်း၊ အောက်တန်းစားလား၊ အထက်တန်းစားလား၊ ဘယ်လိုများ ရွေးချယ်ထားသလဲ၊ ပြောစမ်းပါဦး"

နုနုသည် ဆိတ်ဆိတ်ပင် နားထောင်လျက်နေ၏။

"ဟာလဲ အောက်တန်းစားလဲ မဟုတ်ဘူး၊ အထက်တန်းစားလဲ မဟုတ်ဘူး၊ အလယ်အလတ်လား၊ ဘယ်သင်းသဘောကျသလဲ၊ ပြောစမ်းဆိုတာ"

"အထက်တန်းပဲ သဘောကျပါတယ်"

ဟု အသံ မနိုင့်တနိုင်ထွက်၍ ပြောလိုက်ခြင်းကို မမြတ်လေးစိတ်ထဲ၌ မရိုးမရွဖြစ်၍ သွားလေ၏။

"အထက်တန်းစား မိန်းမဖြစ်ချင်ရင် အခုလို အိမ်အလုပ်တွေ လုပ်တတ်လို့ မိန်းမပီသလုပြီရယ်လို့ အထက်တန်းစားဖြစ်မယ်မထင်နဲ့၊ မိန်းမဆိုတာ ကြောက်သင့်မှ ကြောက်ရမယ် ရှက်သင့်မှ ရှက်ရမယ်၊ တကယ့်မိန်းမဖြစ်ချင်ရင် မိန်းမအမူအရာနဲ့ ယောက်ျားစိတ် ရှိရမယ်၊ နားလည်ရဲ့လား၊ ယောက်ျားအမူအရာနဲ့လဲ မိန်းမစိတ် ရှိရမယ်၊ အဲဒီလိုမှ မရှိရင်အဲဒီမိန်းမဟာ သေရောပဲ၊ အရှင်လတ်လတ်နဲ့ အသုံးမဝင်ဘဲ သေတာကိုပြောတာ၊ ဘာအဖိုးတန်သလဲ၊ မိန်းမကလဲ ဖြစ်ရပြန် ကိုယ့်ကိုယ်ကိုလဲနောက်ပြန်ဆွဲနေပြန်ဆိုရင် ခပ်လည်လည် ခပ်ပွေပွေ ယောက်ျားမျိုးရရင်နင်တော့ ဒူးနဲ့ မျက်ရည်သုတ်နေရပြီပဲ"

"အို . . . ညီမလေးရယ် ဘယ့်နှယ် ဆူနေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆူတာ မဟုတ်ဘူး မမ၊ ဒါဆုံးမတာ၊ မှတ်ဖို့ ပြောနေတာ။ မမ အေးသလို ငါနဲ့ တူတယ်ရယ်လို့ အဲဒီ အအေးကို ကြပ်ကြပ်အားပေးပါ၊ တော်တော်ကြာတော့ ဟင်း . . . ကျွန်မ မပြောချင်ပါဘူး၊ သီလရှင်ဖြစ်ချင်လဲ ဝတ်ပေးလိုက်၊ နို့မို့ရင်လဲ လူတောထဲမှာ သူ လူလုပ်တတ်ဖို့ အတော်ခက်လိမ့်မယ် . . ."

"ခက် ခက်ရချည့်ရဲ့၊ ညည်းနဲ့ ဘယ်နဲ့ဟာတွေ ပြောနေတာလဲ။ ငါ့သမီးလောက် လိမ္မာတာ ရှာကြည့်စမ်းပါ၊ သူများ မိန်းကလေးလို ဗိုလ်ကျောင်းထွက်ရယ်လို့ နန့်တန့်တန့် ပျံတံတံနေသလား၊ လော်လော်လည်လည်များ ရှိသလား၊ အေးအေးဆေးဆေး သူ့သိက္ခာရလေးနဲ့ သူ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ရှိတာ ရှာကြည့်စမ်းပါဦး အဖိုးတန် သမီးကို ညည်းမဦး မချွတ်မပြောစမ်းပါနဲ့"

"ဒါနဲ့ မပြီးသေးဘူးရဲ့ မမရဲ့၊ လူမှုလူရေး လူရာလောက် ကျယ်ဝန်းတဲ့ ကိစ္စမရှိဘူး၊ ပါးရမယ်၊ နပ်ရမယ်၊ ဖျတ်လတ်ရမယ်၊ လိမ္မာရမယ် ဉာဏ်ရှိရမယ်၊ ရဲရင့်ရမယ်၊ အဲဒါမှ မရှိရင် ပန်းပုဆရာ အစွမ်းကုန်ထုတားတဲ့ အရုပ်လိုပဲ ဖြစ်မနေဘူးလား။ ညီမလေး ပြောနေတာက မိန်းမပီသတာကို အပြစ်တင်နေတာ မဟုတ်ပါဘူး၊ ဒါကို ဘယ်လောက်အရေးထားတယ်ဆိုတာလဲ မမသိတဲ့အတိုင်းပဲ၊ ဒါအရေးကြီးသလိုဒီဟာလဲ အရေးကြီးလို့ ပြောနေတာ၊ ဒါများ မမက သင်ရမယ့်အလုပ်ပါ။ အခုတော့ မမက လျစ်လျူရှုပြီး ကြပ်ကြပ်အေးနေပါ၊ ပြောရင်လဲ မကြိုက်ကြဘူး၊ မပြောရင်လဲ မဖြစ်ဘူး၊ ခက်တာပဲ ဒါကြောင့် မလာချင်တာ"

မမြတ်လေးလည်း ပြောပြောဆိုဆို ထ၍ သွားလေတော့သည်။

ဤတွင်မှ ဒေါ်နှင်းဆီက နုနုအား . . .



" သမီးကလည်း ဟုတ်သားပဲ၊ သူမေးတာ ဘာပြုလို့မဖြေသလဲ၊ နောက်ကိုသူမေးရင် သွက်သွက်လက်လက် ပြန်ပြောလိုက်စမ်းပါ" ဟုသင်ပေးနေ၏။

နုနုလည်း စီးကျလာသော မျက်ရည်စကို ပုဝါကလေးနှင့် လှမ်းသုတ်ရင်း ဘာတစ်ခွန်းမှမပြောဘဲ ခေါင်းငိုက်စိုက်နှင့် ထ၍ အခန်းထဲသို့ ဝင်သွားလေ၏။

ဤတွင်မှ ဒေါ်နှင်းဆီတွင် စိတ်မော၍ လာပြီး သက်ပြင်းကြီးချလျက် မမြတ်လေးဆီထ၍ လိုက်ရလေ၏။

မမြတ်လေးသည် မိမိအိပ်ရန် ပြင်ထားသော အခန်းလေးအေးတွင် ထုတ်၍ထားသည့် လသာဆောင်၌ လက်နှစ်ဖက်ကို နောင်ပစ်ယှက်ကာ ငြိမ်သက်စွာ ရပ်၍ နေလေ၏။

ဒေါ်နှင်းဆီသည် မမြတ်လေးအေးတွင် ယှဉ်ရပ်ကာ စကားစ၍ မပြောခင် ခေါင်းတွင်တွင် ကုတ်လိုက်ပြီးမှ . . .

"ဟုတ်တယ် ညီမလေးရဲ့၊ ဘယ်လိုအေးမှန်း၊ ရှူးမှန်းမသိဘူး၊ သူ့အတွက် ဘယ်လိုများ မမပူမှန်းမသိဘူး၊ ဒါကြောင့်ပေါ့ ညီမလေးကို အမြန်လာပါ၊ စာရေးမှာရတာ၊ ညနေက အရေးပိုင်မင်းကြီးက ကိုဘမောင်နဲ့ အင်မတန်ခင်တယ်၊ အဲ . . သူကလဲပဲ နုနုကို သိပ်ချစ်တယ်၊ ဒါနဲ့ သူ့မှာ ညီရှိတယ်၊ ဘီလပ်ပြန် အိုင်. စီ. အက်တဲ့၊ အဲဒါ မိန်းမတွေ မုန်းပြီး မုန်းမယူဘဲ လူပျိုကြီး လုပ်နေသတဲ့။

"နုနုလိုပဲ သိပ်ရိုး သိပ်အေးတာပဲတဲ့၊ အဲဒါ လာတိုင်း သူ့ညီအကြောင်းပဲ ပြောတာပဲ၊ နုနုနဲ့ နှိုင်းနှိုင်းပြီး ပြောတော့ ကိုယ်လဲ သူဘာပြောတယ်ဆိုတာ ရိပ်မိလာတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ သူ့ညီကိုမှာတာ လေးငါးဆယ်ရက်အတွင်း ရောက်လိမ့်မယ် လာပြောလို့ ငါ့ညီမလေးကို စာရေးမှာရတာ၊ အဲဒါ ဘယ်လိုသဘောရသလဲ၊ ဟိုကတော့ စေ့စပ်မှာပဲ၊ ညီမလေးနဲ့ သဘော်ပေါ်မှာ တွေ့လာတော့ သာပြီး အကဲခတ်မိမှာပေါ့၊ ဘယ်လို သဘောရသလဲ။ နုနုကို ခပ်လည်လည်ရှယ်တွတ်တန်းတွေနဲ့ ပေးစားလို့ မဖြစ်ဘူး၊ ဒါကြောင့် စဉ်းစားစမ်းပါဦး"

မမြတ်လေးသည် နောက်တွင် ယှက်ထားသော လက်များကို ရုပ်၍ လက်ပိုက်လိုက်ပြီးနောက် ကိုယ်ကို မတ်မတ်ကြီးပြင်၍ ရပ်ကာ တစ်စုံတစ်ရာ ဘာမှ မပြောသေးဘဲ အဝေးသို့သာလျှင် မျှော်ကြည့်နေလေ၏။

ဒေါ်နှင်းဆီက ညီမနှင့် ယှဉ်၍ ရပ်နေရာမှ ကိုယ်ကို လှည့်၍ ဝရန်တာ လက်ရန်းနှင့် ကပ်လိုက်ပြီး ညီမမျက်နှာအား လှမ်းအကဲခတ်ပြီးလျှင် . . .

"ဘယ်နှယ်လဲ လူကို ဘယ်လို အကဲခတ်လို့ ရသလဲ"

ဟု ထပ်ဆင့်မေးလိုက်၏။

အတန်ကြာအောင် စူးစိုက်ငေးမောနေပြီးမှ . . .

လူကတော့ လူကောင်းတစ်ယောက်ပါပဲ၊ ဘာမှ ပြောစရာမရှိဘူး၊ တကယ်တော်တဲ့ ယောက်ျားပဲ၊ စိတ်နေသဘောထားလဲ မြင့်မြင့်မြတ်မြတ် ရှိပါပေတယ်၊ သူက ယူမယ်ဆိုရင် သဘောမကျစရာတော့ ဘာမှ မရှိပါဘူး။ နုနုကိုရော ပြောပြထားပြီးပြီးလား"

"ဘယ်ကလာ ပြောရမှာလဲ ကြီးကြီးစည်ရာ၊ ရှက်လို့ အိမ်ထဲက အိမ်ပြင် မထွက်ဘဲ နေပါဦးမယ်တော်၊ ပြီး . . . အရေးပိုင်ကလဲ သူ့ညီက သဘောကျတယ်ဆိုမှ စေ့စပ်မှာပါပဲ၊ စေ့စပ်တော့မှပဲ ညီမလေးသဘော



တူရင် နုနုကို ပြောရမှာပဲ"

"အင်း . . . ."

ဟု သက်ပြင်းရှည်လျားစွာ ချလိုက်သည်။

"နုနုက လုပ်ပုံက သဘောကျလောက်စရာများ မမတွေ့ရဲ့လား"

ဟု မသက်မသာဖြစ်လှသည့် အသံနှင့် ပြောရာတွင် . . .

"အို . . . ဒါကလေးမှန်းလဲ သူသိပါတယ်၊ ဒီလို အရွယ်၊ ပုစ္ဆည်းရှိ အလိမ္မာ ဘယ်လိုလူက ငြင်းဦးမှာလဲ၊ ပထမတော့ ရှိုင်းနေသေးတာပေါ့ကွယ်"

"ဒါက ထားပါလေ၊ တဆိတ် နုနုကို မမကလဲ ဩသည်လာရင် လောကွတ်ကျေပွန်ဖို့ နှုတ်ဆက်ဖို့ သင်ထားပါဦး၊ ကျွန်မက အနေဝေးတော့ ပြောရင် နားဝင်ချင်မှ ဝင်မယ်၊ မမတဆိတ် သင်ပေးစမ်းပါဦး၊ ကျွန်မ သူ့အတွက် အသက်ရှုကျပ်လွန်းလို့ မမရယ်"

"အို . . . နုနုလဲ မမိုက်ပါဘူး၊ ဒါလောက်ပြောမှပဲ သိပါတယ်၊ လိမ္မာပါတယ်"

"ကိုယ့်သမီးလေး သူတော်ကောင်းနဲ့ တွေ့ပါစေလို့ ဆုတောင်းလိုက်ရတာ ညီမရယ်၊ ခုမှပဲ စိတ်အေးရမလား မသိပါဘူး"

"ဒေါ်နှင်းဆီက အတွေးနှင့် မြူးနေလေသလား မမြတ်လေးကား အတွေးနယ်၊ ကြူးနေ၍ ဒေါ်နှင်းဆီ ဘယ်အချိန်က ထွက်သွားသည်ကိုပင် သတိမထားလိုက်နိုင်ဘဲ ညစာ စားရန်လာခေါ်မှပင် ထိုနေရာမှ ခွာလာခဲ့လေ၏။

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

"ဘယ့်နှယ်လဲကွယ့်၊ စကားမေးမရဘူးလား၊ မင်းစဉ်းစားဖို့ မလိုပါဘူး၊ အလိမ္မာကလေးပါကွာ၊ တချို့ပစ္စည်းရှိဦး၊ ပညာတတ်ဦး၊ လိမ္မာချင်မှ လိမ္မာတာ၊ အခုတော့ အရွယ်ရော၊ ရုပ်ရော၊ အလိမ္မာရော၊ ပစ္စည်းရော ပြောစရာမရှိဘူး၊ မင်းလိုပဲ အေးအေးကလေး၊ ဒါများမင်းက ဘာနှောင့်နှေးနေတာလဲ ပြောစမ်းပါဦး"

အပေါ်ထပ် လသာဆောင်တွင် လရောင်အောက်၌ ညီအစ်ကိုနှစ်ယောက် ပက်လက်ကုလားထိုင်တစ်လုံးစီနှင့် ထိုင်ကြ၍ ညီလုပ်သူအား မီးထိုး၍နေရာ ဦးချစ်ဆွေမှာ မိမိ၏ အခက်ကို မပြောလည်းခက်၊ ပြောရန်လည်း ခက်သကဲ့သို့ မချင့်မရဲနှင့်သာ တစ်ခွန်းမှ ပြန်မပြောသာဘဲ နားထောင်နေလေ၏။

"ဟဲဒီတော့ ငါမင်းမပြန်ခင် စေ့စပ်ကြည့်မယ်၊ ငါထင်တယ်၊ သူဌေးရော သူဌေးကတော်ရော မငြင်းပါဘူး"



သူဌေးနှင့် သူဌေးကတော်တို့ကို မိမိမလာခင် ဖွင့်လှစ်ကြောင်းလမ်း မထားသေးသည်ကို သိရသည့်အတွက် သက်သာသွားရသကဲ့သို့ နေသာယာ ထိုင်သာယာရကာ မိမိအကြံကိုသာလျှင် အမျိုးမျိုးအဖုံဖုံ ကြံဆ၍နေလေ၏။

မမြတ်လေးမှာ လွတ်လွတ်လပ်လပ် ရှိလျှင်တော်ပါရဲ့၊ အိမ်ထောင်နဲ့ဆိုလျှင် မိမိမှာ ပြောဖို့ရာ မဖြစ်နိုင်သေး၍ အိမ်ထောင်ရှိမရှိကို မိမိအစ်ကိုနှင့် စုံစမ်းရမည်လား၊ သို့မဟုတ် မိမိကိုယ်ပိုင် စုံစမ်းရင် ကောင်းမလားဟုလည်း ထည့်၍ တွေးတောနေလေ၏။

ဤတစ်ကြိမ်တွင်မှ မိမိအစ်ကို စကားအား ပစ်ပစ်ခါခါကြီး ငြင်းပယ်လိုက်ရလျှင်လည်း မိမိတစ်သက်တွင် ညီအစ်ကိုချင်း မျက်နှာမဆိုရဲအောင် ဖြစ်မည်ကိုလည်း သိ၍ ဤသို့ မဖြစ်ချင်တိုင်း ဘယ်လိုလုပ်ရပါ့မလဲဟု တွေးတောကြံဆလျက်နေသဖြင့် အရေးပိုင်မင်းမှာ ဦးချစ်ဆွေထံမှ စကားပြန်မရဘဲ ဖြစ်၍ နေ၏။

"ကိုင်းကွာ . . . မင်း ဘာစဉ်းစားထားလဲ ပြောစမ်း၊ မင်း သဘောမကျဘူးလား၊ အစ်ကိုကြီးစကား နားထောင်ပါ့မယ်ဆို၊ ဒီတစ်ခါတော့ မင်း မိန်းမယူရမယ်၊ ဘာပြောဦးမလဲ၊ မိန်းမမယူတော့ဘူးလား"

ယခုလို မေးနေလျက်နှင့် တစ်စုံတစ်ရာ ပြန်မပြောလျှင် သူလုပ်ချင်သလို ဇွတ်လုပ်မည်စိုးလှသဖြင့် ဤတွင်မှ ဦးချစ်ဆွေလည်း . . .

"မိန်းမ မယူဘူးမဟုတ်ပါဘူး၊ အစ်ကိုကြီးရဲ့"

ဟု ခပ်ပြုံးပြုံးပြန်၍ ပြောလိုက်၏။

"အေးကွယ် . . . ယူမယ်ဆိုရင်လဲ မင်းက စဉ်းစားနေရသေးသလား၊ မင်းအလိုနဲ့ဆို ရမှာမဟုတ်ဘူး၊ ဒါကြောင့် ငါကြံရတာ၊ ကဲ

www.burmeseclassic.com

www.burmeseclassic.com



. . . ဆိုစမ်း၊ ငါစေ့စပ်လိုက်မယ်"

"နေပါဦး ကိုကြီးရယ်၊ အလျင်မလိုပါနဲ့၊ ကျွန်တော့်ကို ရုတ်တရက် မပြန်သေးပါဘူး"

"မင်းက ဘယ်လိုသဘောနဲ့ ဆိုင်းထားရတာတုံးကွယ် ပြောပါဦး"

"ဆိုင်းဆို ဖြည်းဖြည်းကောင်းပါတယ်၊ အစ်ကိုကြီးရာ ကျွန်တော် ပြောမယ်၊ ကျွန်တော်မပြန်ခင်ဘဲ ပြောပါ့မယ်၊ အဲဒီပြောတဲ့နေ့ကျတော့ အစ်ကိုကြီး စေ့စပ်ရမှာပဲ၊ ဒီတစ်ခါ ကျွန်တော်မိန်းမယူမယ်လို့ ဆုံးဖြတ်ပြီးပါပြီ အစ်ကိုကြီးရဲ့။"

ဦးချစ်ဆွေက ရယ်မောကာ စကားကို ကြိုးရှည်ရှည်နှင့် လှန်ထားလိုက်သဖြင့် စိတ်မချတစ်ချ ဖြစ်သော်လည်း နောက်တစ်ကြိမ်ပြောလျှင် ပါရမည်ဟု ယုံကြည်စွာ ညီဖြစ်သူအား အလျှော့ပေးလိုက်ပြီးလျှင် . . .

"အေး . . အေး . . နောက်တော့သာ မင်းမယူဘူး မလုပ်နဲ့နော်"

ဟု စကားမပြတ်ခင်ကို ဤသို့ နောက်ဆုံး ချည်ထားလိုက်လေ၏။

ဦးချစ်ဆွေသည် နုနုကို ယူရန် ထည့်၍မျှ စဉ်းစားမကြည့်ဘဲ တစ်ညလုံးပင် မမြတ်လေးအကြောင်းသာ တွေးတော၍ မမြတ်လေးကို ဘယ်ပုံဘယ်နည်း စုံစမ်းရမည်သာ အကြံညာက်ယူ၍ နေသဖြင့် အိပ်မရ ဖြစ်နေလေ၏။

ဘယ်ပြန်ညာပြန် လူးလိမ့်တွေးတောနေပြီးမှ အကယ်၍ မမြတ်လေး လွတ်လွတ်လပ်လပ် မဟုတ်လျှင် မိမိသည် မမြတ်လေးကလွဲ၍ ဤတစ်သက်တွင် ဘယ်မိန်းမကိုမှ မယူ၊ ဖြစ်လိုရာ ဖြစ်စေဟု နောက်ဆုံး သံမဏိဌာန်ချပြီးမှ အိပ်ပျော်၍ သွားလေတော့သည်။

* * * * * * *



(၁၁)

ယနေ့ညနေတွင်မှ ကားကို မိမိကိုယ်တိုင် မောင်းလျက် ထွက်လာခဲ့လေသည်။ ရောက်လိုဇောနှင့် အရှိန်ပြင်းပြင်း မောင်းလာခြင်းကို အစ်ကို လုပ်သူက အကျွနပ်ကြီး ကျေနပ်လိုက်ပါလာလေ၏။

ဆင်ဝင်အောက်သို့ ကားကို ရပ်လိုက်ပြီးနောက် ကားတံခါးကို ဖွင့်၍ ဆင်းလာကြကာ ဧည့်ခန်းသို့ ဝင်ခဲ့ကြသည်အထိ တစ်ဦးတစ်ယောက်မျှ မတွေ့ကြရပေ။

အတန်ကြာမှ ဦးဘမောင် အခန်းမှ ထွက်လာပြီး . . .

"ဪ . . . အရေးပိုင်မင်းတို့ပါလား၊ မနေ့တို့ ပြန်လာကြသလား မှတ်လို့ပါ"

ဟု ပြောရင်း ဝင်ထိုင်မှ မမြတ်လေးတို့ အပြင်ထွက်သွားကြသည်ကို သိရလေသည်။

"သူဌေးကတော် လျှောက်လည်တယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အရေးပိုင်မင်း၊ ကျွန်တော့် ခယ်မ၊ မနှင်းရဲ့ ညီမ ပြန်လို့ သင်္ဘောလိုက်ပို့ကြတာပါ၊ ဒီနေ့ အစုန်နဲ့ ပြန်သွားပါတယ်၊ ခုပဲ လာကြပါလိမ့်မယ်"

"ဪ . . . ညီမကြီး ပြန်သွားမှကိုး၊ မြန်လှချေကလား"

"မြန်ဆို ဟိုမှာလဲ အဖော်မရှိဘူး၊ အရေးပိုင်မင်းရဲ့ . . .၊ သူတင် ယောက်တည်းရယ်၊ အလုပ်ကလဲ သူမရှိရင်မဖြစ်ဘူး၊ ရာဘာခြံမှာ ကုလား တွေက စိတ်မချရဘူး"

"ညီမကြီးယောက်ျားသည် မရှိဘူး ထင်ပါရဲ့"

ဟု အရေးပိုင်မင်းက ပြောလိုက်ရာ စကြားလိုက်ရကတည်းက ဦးချစ်ဆွေ၏ ရင်ထဲတွင် ဟာသွား၍ နှလုံးကို လေရိုက်သကဲ့သို့ တလှပ် လှပ် တဖျပ်ဖျပ် ဖြစ်နေရာမှာ သူဌေးဘယ်ပုံ ပြန်၍ ဖြေမည်ကို တထိတ် ထိတ်ဖြင့် နားစွင့်၍ နေလေသည်။

"မရှိပါဘူး၊ သူ့အဖြစ်က အတော်ဆိုးရာတယ်၊ ငယ်ငယ်ရွယ်ရွယ် နဲ့ လက်ထပ်ပြီး သုံးလေးလမှ မပေါင်းလိုက်ရပါဘူး၊ ဟိုက ဘိလပ်ပညာ သင်ထွက်သွားတာ လမ်းမှာပဲ ဆုံးရာတယ်၊ မမြတ်လေးခမျာ အလောင်း တောင် မမြင်ရပါဘူး"

ဪ . . . ဖြစ်မှ ဖြစ်ရလေဟု အံ့ဩကိုက ညည်းညူစုပ်သတ်နေ သော်လည်း ဦးချစ်ဆွေသည် ရှင်းရှင်းလင်းလင်း သိရ၍ ဝမ်းသာသလိုရှိ ပြီးမှ မိမိအား နှုတ်မျှပင် မဆက်ဘဲ ရုတ်တရက် ထွက်သွားခြင်းကို ဝမ်းနည်းမိလျက် သင်္ဘောဆိပ်သို့အမြီ ပြေး၍ လိုက်ချင်စိတ်များ ပြင်းပြ ၍ နေလေ၏။

ချက်ချင်းပင် ကားတစ်စီး ဆိုက်သနှင့် သူဌေးကတော်နှင့် နုနုတို့



ဝင်ရောက်လာကာ သူဌေးကတော်က မိမိတို့အား နှုတ်ဆက်ပြီးဝင်ထိုင် နေရစ်၍ နုနုသာလျှင် အခန်းထဲသို့ ဝင်သွားလေ၏။

"အရေးပိုင်မင်းတို့ ရောက်နေတာ ကြာပြီလား၊ မွန်းတည့်လောက် ကပဲ ညီမက ပြန်မယ်ဆိုလို့ သင်္ဘောဆိပ်လိုက်ပို့ရပါတယ်။ အခုမှပဲ သင်္ဘောထွက်သွားတယ်၊ ဝန်ထောက်မင်းကိုလဲ နှုတ်ဆက်လိုက်ပါ၊ လမ်း မှာစောင့်ရှောက်ကူညီလာတဲ့ ကျေးဇူးတွေကိုလဲ ဘယ်တော့မှ မမေ့တဲ့ အကြောင်း ပြောပြပါလို့ သင်္ဘောမထွက်ခင် မှာသွားပါတယ်"

ဦးချစ်ဆွေသည် ဣန္ဒြေမပျက်ရန် သတိကြီးစွာ ထားနေရသော် လည်း ဘယ့်အတွက် ဤမျှ မြန်မြန်ဆန်ဆန် ပြန်သွားရခြင်းကိုကား စဉ်း စားမရ တွေး၍ မရဖြစ်ကာ တစ်ဦးတစ်ယောက် အမေးကိုမှ မစောင့်နိုင် ဘဲ ဒေါ်နှင်းဆီအား . . .

"မမြတ်လေးပြန်တာ မြန်လိုက်တာ"

ဟု မဆုတ်မဆိုင်းဘဲ နှုတ်မှ ထွက်သွားလေ၏။

"မနက်ကမှပဲ သူ့ကိစ္စတွေ မပြီးပြတ်သေးတဲ့အကြောင်း ပြောပြပြီး တားလို့ မရပါဘူး၊ ရုတ်ပြန်သွားတာပဲ၊ ဒီလိုပဲ လွမ်းရင် ကိုယ်ကသာ သွားတွေ့ရတယ်၊ သူက လာခဲ့သားပဲ၊ အခု တစ်ခေါက်ပြန်လာဖို့ရာ တစ်ခါ စာရေးဦးမှ လာမှာ၊ နို့မို့ရင် သူ့မှာ မအားဘူး အရေးပိုင်မင်းရဲ့"

မိမိအား ပြောနေရာမှ အရေးပိုင်မင်းဘက်သို့ လှည့်၍ စကားလှမ်း ဆိုလိုက်ပြီး . . .

"ကဲ . . . ညစာ ဒီမှာ စားရမယ်နော်၊ အေးအေးဆေးဆေးမှ ပြန်ရ မယ်"

ဟု ပြောပြောဆိုဆို ဧည့်ခန်းမှ ထ၍ သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးနှစ်ယောက် စကားပြောနေကြသည်ကို တစ်ခွန်းမှ ဝင်မပြောဘဲ ယနေ့ညစာ ဤအိမ်၌ မစားဘဲ ဘယ်ပုံဘယ်နည်း ထွက်ခွာရမည်ကို အကြံယူ၍ နေရပြန်လေသည်။

ဤအိမ်တွင် တစ်မိနစ်မှလည်း ဆက်၍ မထိုင်လို၊

"ဘယ်လိုပဲ ပြေးပြေးမလွတ်ဘူး မမြတ်လေးရေ . . ."

ဟု စိတ်ထဲတွင် မြည်တမ်းရင်း နေမထိ ထိုင်မထိဖြစ်၍ နေခြင်းကြောင့် အရေးပိုင်မင်းက . . .

"ညီလေး . . . ဘာဖြစ်သလဲ"

ဟု လှည့်၍ မေးရသည့် အခြေသို့ ရောက်ရလေသည်။

ထိုအခါမှ ဝမ်းသာအားရ ကောက်ကာငင်ကာ . . .

"ကျွန်တော် နေ့လယ်စာ စားတာ အစာမကြေဘူး ထင်တယ်၊ နေမကောင်းသလိုဘဲ၊ အစ်ကိုကြီး စားပါ၊ ကျွန်တော်ပြန်ပါရစေ"

ဟု မုသား သုံးပစ်လိုက်လေသည်။

"ဟင် . . . ဟုတ်လား၊ ဒါဖြင့် ပြန်လေ၊ သူဌေးကတော်ကို ပြောပါ၊ သူဌေးမင်း၊ ကျွန်တော်တို့ နက်ဖြန်ညစာမှ လာစားပါရစေ. . ."

ဟု အရေးပိုင်မင်းက တောင်းပန်လိုက်ရာ . . .

"မနေ့ငါးရေ . . . ညှိသည်တွေ ပြန်မယ်တဲ့ကွယ်"

ဟု လှမ်းခေါ်လိုက်ရာ ဒေါ်နှင်းဆီထွက်လာပြီး ဒေါ်နှင်းဆီအား ဦးဘမောင်က အကျိုးအကြောင်း ရှင်းလင်းပြောပြလေသည်။

"အို . . . ဒါဖြင့် ပြန်ပါ၊ မနက်စာ လာစားပါ၊ နက်ဖြန် နှုတ်ဆက်တဲ့ နေ့ပဲ၊ မနက်စာ လာစားပါနော်"

"ကောင်းပါပြီ . . ."



ဟု ပြော၍ နှုတ်ဆက်ပြီး ကားထွက်ခဲ့ကြလေ၏။

မမြတ်လေး ရိပ်မိသိရှိ၍ ရှောင်ဖယ်သည့် သဘောနှင့် ပြန်သွားလေရော့သလားဟုလည်း တွေးကြည့်၏၊ မိမိ၏ မချိတင်ကဲ အမူအရာများကို မိန်းမသားဖြစ်သည့် အားလျော်စွာ အကဲခတ်မိ၍ တူမလေးကို ယူစေလို၍ ဖယ်သွားခြင်းပဲဟုလည်း တွေးပြန်၏။

မည်သို့ပင် မမြတ်လေး ရှောင်ဖယ်၍ သွားစေကာမူ မိမိသည် မော်လမြိုင်သို့ အမြန်လိုက်၍ ကိစ္စပြီးပြတ်အောင် စီစဉ်မည်ဟု ကိုယ့်ကိုကိုယ်အားပေးရင်း ကားကို အလျင်အမြန်မောင်းလာခဲ့လေ၏။

အရေးပိုင်မင်းမှာ ညီဖြစ်သူ အမှန်တကယ် နေမကောင်းအထင်ရှိ၍ ရောက်လျှင်ရောက်ချင်း ဆေးများကို တိုက်ရန် ပြင်ဆင်နေလေ၏။

ဦးချစ်ဆွေသည် အပေါ်ထပ်သို့ တက်မသွားသေးဘဲ အစ်ကိုအား တစ်စုံတစ်ခုပြောကြားတော့မည်ဟု ရည်ရွယ်ရင်း ဧည့်ခန်းတွင်ပင် ထိုင်၍ စောင့်နေ၏။

"ဘယ့်နှယ် . . . အိပ်နေကွာ၊ ဆေးသောက်ပြီး အိပ်လိုက်နော် . . ."

စသည်ဖြင့် မိမိအား တယုတယ ကြင်ကြင်နာနာနှင့် ဆေးတိုက်လေရာ မိမိရောဂါမှာ ဆေးနှင့် ကုစား၍ရသော ရောဂါမျိုးမဟုတ်ခြင်းကို မိမိသာသိ၍ ဆေးခွက်ကလေးကို ခုံပေါ်သို့ တင်လိုက်ကာ . . .

"ကျွန်တော်မသောက်ပါဘူး"

ဟု ပြောလိုက်၏၊

"နေမှ မကောင်းတာ သောက်မှ ပေါ့ကွ . . .၊ သောက် . . . သောက်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လူနေကောင်းပါတယ်၊ စိတ်မကောင်းတာပါ အစ်ကိုကြီးရာ . . ."

"ဟင် . . . ဘယ်လို . . ဘယ်လို"

"ကျွန်တော် စိတ်မချမ်းသာဘူး အစ်ကိုကြီး၊ အစ်ကိုကြီးကို ကျွန်တော်ပြောစရာ ရှိတယ်"

"ပြောပါကွပြောပါ၊ ပြောစမ်းပါ"

"ကျွန်တော်တော့ ဒေါ်နှင်းဆီသမီးကို ဘယ်နည်းနဲ့မှ မယူပါရစေနဲ့"

"လုပ်ပြန်ပြီကွာ . . . မင်းကလဲ"

ဟု ညည်းညည်းညူညူ ပြောရင်း အရေးပိုင်မင်းလည်း ကုလားထိုင်ပေါ်တွင် ကိုယ်ကိုလှဲ၍ ထိုင်ချလိုက်လေ၏။

"ညကနေ့တော့ ကောင်းပြီး ကောင်းလျက်နဲ့ အခု ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော် ညက သူ့ကို ယူမယ်လို့ မပြောပါဘူး၊ ကျွန်တော် မိန်းမယူမယ်လို့သာ ပြောတာပါ"

"သူ့ မယူလို့ ဘယ်မိန်းမ ယူဦးမှာလဲ"

"ကျွန်တော် သူ့အဒေါ်ပဲရအောင် ယူမယ် အစ်ကိုကြီး"

အရေးပိုင်မင်းလည်း ဦးချစ်ဆွေအား ပြူးပြူးကျယ်ကျယ် ကြည့်နေပြီးမှ . . .

"လက်စသတ်တော့ မင်းဟာက ဒီလိုလား"

ဟု ခေါင်းတဆတ်ဆတ် ညိတ်၍ တစ်လုံးချင်း ပြော၍ နေ၏။

"ဒီတော့ အစ်ကိုကြီး စိမ်တာ မဖြစ်ရတာကိုတော့ ကျွန်တော့်ကို



ခွင့်လွှတ်ပါ၊ ကျွန်တော် သဘောပေါက်မှာကတည်းက သူ့ကို ရအောင်ယူမယ်လို့ ဆုံးဖြတ်ထားပါတယ်"

"သဘောပေါက်မှာပဲ မင်းတို့ သေချာလာခဲ့သလား"

"သူကတော့ ဘယ်လိုမှ သဘောမထားပါဘူး၊ ကျွန်တော်ကသာ ကျွန်တော့်ဘက်က သေချာတာပါ"

"မင်း . . . တော်တော်ပဲ မေတ္တာရှိလာသကိုး၊ မိန်းမပုံပန်းကတော့ တယ်မခေဘူး၊ ရုပ်ရည်လဲ အချောသားပဲ၊ အသက်ကြီးပြီး မုဆိုးမသာ ဆိုစရာရှိတယ်၊ ဒါလဲ မင်းကျေနပ်ရင်ပြီးတာပါပဲ၊ ငါ့သဘောကတော့ ကောင်းကောင်းမွန်မွန်ဆိုရင် ဘယ်သူနဲ့ယူယူ ယူစေချင်တာပဲ၊ မင်းသူ့အကြောင်း ဂဃနဏသိရဲ့လား"

ဦးချစ်ဆွေသည် အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေပြီးမှ မမြတ်လေးနှင့်မိမိ မည်သို့မည်ပုံ တွေ့ဆုံရင်းနှီးခင်မင်လာပုံတို့ကို အစအဆုံး တစ်လုံးမကျန် အစ်ကိုအား ဇာတ်ကြောင်း ပြန်၍ ပြနေသည်။

အရေးပိုင်မင်းလည်း ပြုံးစစမျက်နှာအမူအရာနှင့် ခေါင်းတညိတ်ညိတ်လုပ်ရင်း မငြီးငွေ့နိုင်အောင် နားထောင်၍ ကောင်းတိုင်း တစ်ခွန်းတစ်ပါဒမျှ ဝင်မပြောဘဲ နားထောင်၍ နေသည်။

"ဝါကြောင့် ကျွန်တော့်ဘဝက ရေစက်ပဲလို့ အောက်မေ့ပြီးနေတုန်း သီသီကလေးထပ်ပြီးမှ လွဲသွားတာတော့ ကျွန်တော်မခံနိုင်ဘူး၊ ကျွန်တော်မရ ,ရအောင် ကြိုးစားပြီးယူမယ်လို့ သန္နိဋ္ဌာန်ချထားတယ် အစ်ကိုကြီးရယ်"

"ဒီလိုဆိုရင် သူ့အစ်မကို ငါပြောမယ်လေ၊ တော်ပါသေးရဲ့ကွာ၊ ကလေးမကလေးပဲ မစေ့စပ်ရသေးတာ၊ ဒါပေမယ့် လူကြီးတွေရှားအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လူကြီးချင်းတော့ အကြောင်းစုံပြောပြရမှာပဲနဲ့ ယူတယ်"

"ဒါတော့ . . . အစ်ကိုကြီး သဘောပဲ၊ ကျွန်တော်တော့ သဘက်ခါအပတ် သင်္ဘောနဲ့ မော်လမြိုင်ကို လိုက်သွားချင်ပါတယ်"

အခါတိုင်းသော် မိမိအား တားမြစ်မည်ဖြစ်သော်လည်း ယခုအကြိမ်၌ ရက်ရှည်နေရန် ဆွဲမထားဘဲ . . .

"အေး . . . လိုက်လေ၊ လိုက်တာပေါ့ကွ"

ဟု ရှောရှောရှုရှု ခွင့်ပေးနေလေ၏။

နောက်တစ်နေ့တွင် ဦးချစ်ဆွေလည်း နက်ဖြန်နံနက်စောစော သင်္ဘောနှင့်လိုက်ရန် မိမိ၏ ပစ္စည်းများကို ထည့်သွင်းသိမ်းဆည်း၍ နေလေသည်။

အလာတုန်းက ဤသေတ္တာထဲတွင် မမြတ်လေး၏ ပစ္စည်းများ ထည့်၍ လာခဲ့ပုံကို တရေးရေး မြင်ယောင်၍လည်း နေလေသည်။

မိမိပြောလျှင် မိမိအား ငြင်းလိမ့်မယ် မဟုတ်ဟု၍လည်း တစ်ဝက်တစ်ပျက် ယုံကြည်လျက် ရှိလေ၏။

မိမိအိပ်ခန်းဆီသို့ လာနေသော ဖိနပ်သံကို ကြားရ၍ မိမိအစ်ကိုကြီး ဒေါ်နှင်းဆီတို့ အိမ်မှ ထမင်းစားပြန်လာပြီကို သိရလေ၏။

မျက်နှာ မသာမယာနှင့် ဝင်လာသော အစ်ကိုကြီးကို မသိသလိုဟန်နှင့် . . .

"အစ်ကိုကြီး၊ ပြောခဲ့သလား"

ဟု ဆီး၍ မေးလိုက်သည်။

အရေးပိုင်မင်းလည်း ခုတင်ပေါ်တွင် ခြေတွဲလွဲ ထိုင်ချလိုက်ကာ

"မင်းနဲ့ကွာ . . ဖြစ်မှဖြစ်ရပလေ"



ဟု စိတ်မကောင်းစွာ ညည်းညူနေတော့သည်။

"ဘာဖြစ်လို့လဲ အစ်ကိုကြီးရဲ့ ဘယ်လိုပြောလို့လဲ"

"သူဌေးကတော်နဲ့ နှစ်ယောက်တည်း ဒီစကားကို ပြောကြတယ်။ သူဌေးတော့ မရှိဘူး၊ နှမအရင်းအချာလို အောက်မေ့ပါတယ်လို့ ပထမ နုနုနဲ့ ငါက ကြံရွယ်ကြောင်း။ မင်းက မမြတ်လေးကို သင်္ဘောပေါ်မှာကတည်းက သဘောကျခဲ့ကြောင်း အဖြစ်အပျက် အကုန်ကို တိုးတိုးတိတ်တိတ် ကြိတ်ပြောရတယ်"

"ဒီတော့ သူ့အစ်မက သဘောကျသတဲ့လား အစ်ကိုကြီး"

"သဘောမကျတာ ကျတာ ထားဦး၊ ဖြစ်ပုံက နုနုက မမြတ်လေး တူမမဟုတ်ဘူး၊ သမီးတဲ့ကွယ်၊ သူ့အဖေ မမာတုန်းက မမြတ်လေးကို သေသွားတဲ့သူနဲ့ လက်ထပ်တော့ မမြတ်လေးကလဲ ဖခင်စိတ်ချမ်းသာပါစေတော့လို့ ဆိုပြီး ယူလိုက်ရသတဲ့"

"အဲဒါ လက်ထပ်ပြီးလို့ တစ်လနှစ်လကြာတော့ သူ့ယောကျ်ားက ဘီလပ်ကို ပညာသင်ထွက်သွားရင်း လမ်းမှာ သေသတဲ့။"

အဖေကြီးကလဲ သမီးကလေးအတွက် အများကြီး စိတ်မကောင်းဖြစ်ရှာပြီး ဒီစိတ်နဲ့ပဲ ပိုမမာနေတော့ မမြတ်လေးနုနုကို မွေးစားချင်း မနှင်းဆီက သူတို့လဲ သားသမီးမရှိတော့ တစ်ခါတည်း ယူလာတာတဲ့။

"အဲဒီတော့ မမြတ်လေးဟာ ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ် ရှိသေးသတဲ့၊ နုနုကလဲ သူ့အမေမှန်း သိပ်မိပေမယ့်လဲ မနှင်းဆီကိုပဲ အမေရင်းလို အောက်မေ့နေတာပဲတဲ့။ ခဏခဏ သူ့သမီးကို ပြန်ခေါ်သေးသတဲ့။

"နောက်တော့ မနှင်းဆီက အတင်းပြန်မပေးတော့မှ အပိုင်ပေးလိုက်သလိုပေါ့ကွယ်၊ ခုလဲ မင်းလာမယ်ဆိုတော့ သူ့အစ်မနဲ့ တိုင်ပင်ရ

www.burmeseclassic.com

www.burmeseclassic.com



အောင်မှာလိုက်တာပဲကွယ်၊ မသွားခင်ညက သူ့ကိုယ်တိုင်ပင်တော့ သဘောမတူစရာ မရှိဘူးလို့ ပြောလိုက်သတဲ့"

"မနက်ကျတော့ မြန်မယ်ဖြစ်ပြီး ပြန်သွားတာပဲတဲ့ ဒါများ ရိပ်မိသလား မသိဘူး၊ အရေးပိုင်မင်းရဲ့ မိန်းမကြီးလဲ မြန်မြန်ပြန်သွားတာကို တဖျစ်တောက်တောက် ဖြစ်နေတာပဲကွာ၊ မင်းနဲ့ကွာ၊ တွေ့ပဲ တွေတတ်ပလေ"

"ကြားရတာ ကျွန်တော်အများကြီးစိတ်မကောင်းပါဘူး၊ နုနုကိုလဲ အခုထိပါပဲ ကျွန်တော်ဘယ်လိုမှ သဘောမထားပါဘူး၊ အစ်ကိုကြီးတို့ ပြောလို့သာ နားထောင်နေရတာ၊ ကျွန်တော်စိတ်နဲ့တောင် တစ်ခါဖူးမှ ကူးမကြည့်ပါဘူး။

"ကျွန်တော်သူ့ကိုသာ စုံမက်မိုး အမှန်ပါ။ ဒါမှလဲ သူက ငြင်းရင်လဲ ကျွန်တော့်ကံပဲ၊ ကျွန်တော်တော့ သူ့လိုမိန်းမက လွဲလို့ ဘယ်မိန်းမမှ မယူတော့ဘူး၊ သူ့ကိုပဲရအောင် ကြိုးစားယူမှာပဲ"

အရေးပိုင်ကလည်း ညီဖြစ်သူအား သနားကြင်နာသည့် အမူအရာနှင့် ကြည့်၍ နေလေ၏။

မမြတ်လေးက မည်သို့ပင် ရှောင်ရှားသော်လည်း မိမိမှာ သူ့သမီးကို သူ့သမီးကဲ့သို့ သမီးတစ်ယောက်ဟု သဘောထား၍ကား ရှိုးမည်။

လက်ထပ်ဖို့ရာမှုကား စိတ်နှင့်မျှ ကူးမကြည့်ဖူး၍ မဖြစ်နိုင်သောကိစ္စဖြစ်၍ နေ၏။ ယခုမှ အခက်ကြီးခက်ကာ စိတ်ရှုပ်သည်ထက် ရှုပ်၍ လာလေ၏။

"သူ့အစ်မက ကျွန်တော်လိုက်သွားမှာ သိသလား အစ်ကိုကြီး"

"ငါ ပြောလို့သိတယ်၊ ဒါပေမယ့် သူကတော့ လက်ခံမယ် မထင်



ဘူးလို့ ပြောလိုက်တယ်ကွ"

"ကျွန်တော် အားမလျှော့သေးဘူး၊ ကျွန်တော့် ကံပဲ အစ်ကိုကြီးရာ"

အရေးပိုင်သည် အခန်းထဲမှ နှေးနှေးကန်ကန် ထွက်၍ သွားလေ၏။

ဦးချစ်ဆွေလည်း ပြတင်းပေါက်အနီးတွင် မျက်မှောက်ကြုတ်လျက် ရပ်နေလေသည်။

လေပြည်လေညင်းကလေးသည် သူ့အပူကို ကူညီ၍ အအေးဓာတ်ပေးဆက်နေသော်လည်း အပြင်မှ အအေးငွေ့ရလေလေအတွင်းမှ အပူပိုလေလေ သူဖြစ်၍နေ၏။

မီးလောင်ရာ လေပင့်ပေးသကဲ့သို့ ပြတင်းပေါက်ဘောင်ကို လက်နှင့် တုပ်၍ ဆုပ်ကိုင်ကာ လေညင်းကလေးကို ရှူရှိုက်ရင်း စိတ်နှလုံးကြေကွဲ၍ နေလေသည်။

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ရေနံချောင်းမှ ပြည်ကူးတို့နှင့် ပြည်ကို စီး၍ တစ်ဖန် ရန်ကုန်သို့ ရထားနှင့် ပြန်ပြီးလျှင် ရန်ကုန်မှ ရထားတစ်တန် စီးကာ မော်လမြိုင်သို့ လိုက်ရန် စီစဉ်လေသည်။

မမြတ်လေးက မိမိထက် နှစ်ရက်ဦး၍ ထွက်ခွာသွားသော်လည်း မော်လမြိုင်သို့ တန်းမပြန်ဘဲ ရန်ကုန်တွင် ရက်ကြာနေဦးမည် ဆိုကလည်း မိမိသည် မော်လမြိုင်မှနေ၍ မမြတ်လေးမပြန်မချင်း စောင့်ရန် ဆုံးဖြတ်ထားလေသည်။

ကိုယ်လုံးကိုယ်ထည် မန္တလေးစာပို့ကြီးလောက် မကြီးမားသော်လည်း၊ ပြည်ကူးတို့ ဦးခန်းကား စာပို့ကြီးထက်ပင် သပ်ရပ် ခမ်းနားလှပေသည်။

သွားလေရာတွင် အိပ်ရာလိပ် ယူရန်မလိုဘဲ တရံသင့် ခင်းကျင်း ပြင်ဆင်ထားသည့် အိပ်ခန်းရှိ အိပ်ရာပေါ်ဝယ် ဦးချစ်ဆွေလည်း အလာ



ခရီးနှင့် အပြန်ခရီးကို နှိုင်းယှဉ်စဉ်းစားလျက် ရှိလေသည်။

မမြတ်လေးပြန်သည့် သင်္ဘောနှင့် မိမိတစ်ပါးတည်း လိုက်မသွား ရခြင်းကို အရှုံးကြီး ရှုံးရသကဲ့သို့ အောက်မေ့လေသည်။

ရေနံချောင်းတွင် တနင်္ဂနွေသုံးပတ်ခန့် နေပြီးမှ ပြန်ရန် ဆုံးဖြတ် လာခဲ့ပြီးမှ ယခုလို နှစ်ရက်သုံးရက်နှင့် ပြန်ရခြင်းဆိုလျှင်အလာတုန်းက ကဲ့သို့ မမြတ်လေးနှင့်အတူများ ပြန်ရလျှင် ကောင်းလေစွဟု တောင့်တ နေလေ၏။

မော်လမြိုင်မှ ဆက်လက်၍ သံဖြူဇရပ်သို့ သွားရမည်ဖြစ်သဖြင့် ထိုနေ့၌ မိမိတွင် အသိတစ်ဦးမှ မရှိခြင်းကြောင့် မမြတ်လေး၏ အိမ်၌ တည်းခိုရန် သင့်မသင့် စဉ်းစားကြည့်လိုက်ရာ မိမိနှင့် မျက်နှာချင်း မဆုံရဲ အောင်ဖြစ်၍သာ မြန်မြန်ဆန်ဆန်ပြန်သွားသည့်အတွက် တစ်နေရာတွင် တည်းပြီးလျှင် မမြတ်လေးအိမ်သို့ သွားရောက်လည်ပတ်သည့်သဘော နှင့် စိတ်သဘောကို အကဲခတ်ရန် ကြံရွယ်လေ၏။

မိမိက ဘယ်ပုံစံ၍ ပြောရမည်ကို အကြံယူကြည့်လေရာ မိမိ၏ မေတ္တာမှာ မမြတ်လေးသာလျှင် တစ်သမတ်တည်းထားကြောင်း ပြရန်လို အပ်ခြင်းကို သိမြင်လေ၏။

နုနုအား စေ့စပ်ခြင်း မရှိသေးသည့်အတွက် မိမိချက်ချင်း လိုက် လာခြင်းကပင် မမြတ်လေးအား အဓိပ္ပာယ်ရှင်းလင်းစေလိမ့်မည်ဟုလည်း တွေးလေ၏။

ကိုယ်လိုရာ တိုက်ရိုက်ဖွင့်မပြောဘဲနှင့် မမြတ်လေး၏ အရိပ် အခြည်ကို ကြည့်၍ သွယ်ဝိုက်သော နည်းနှင့်သာ အစအနပြခဲ့ပြီးလျှင် နှစ်နှစ်သုံးနှစ်အချိန်ကြာမြင့်စေပြီး အပြောရလွယ်ကူမည့်အချိန် ရောက်

www.burmeseclassic.com

www.burmeseclassic.com



စေပြီးမှ စိတ်ရင်းကို ဘွင်းဘွင်းကြီး ဖွင့်လှစ်၍ ပြောပြီးလျှင် နေရာကျအောင် စီစဉ်ယူမည်ဟု တွက်ကိန်းချ၍ နေသည်။

နံနက်စာ၊ ညစာ စားချိန်ကျတိုင်၊ ဦးချစ်ဆွေလည်း မိမိအား မခံချိမခံသာဖြစ်အောင် သရော်ကျီစယ်၍ နေသော ကံကြမ္မာကို စိတ်ဆိုးရခက် မဆိုးရခက်နှင့် အောင့်သက်သက်နှင့် ကြိမ်မှိတ်၍သာ စားသောက်လိုက်ရလေသည်။

သေတ္တာရှင်အား တွေ့ချင်လွန်း၍ ရော်ရမ်းတမ်းတနေစဉ် မမျှော်လင့်ဘဲ ထမင်းစားပွဲတွင် မျက်နှာချင်းဆိုင်ပေးခဲ့သဖြင့် ဟန်မလိုလို အခြေလှတော့ မလိုလို အားရ၍ နေရစဉ်တွင် တစ်ယောက်စီ၊ သင်္ဘောစီးပြန်ရတော့မည်ဟု အကြောင်းဖန်၍ ခွဲပစ်လိုက်သည့်အတွက် သရော်ခံရသူကဲ့သို့ အောင့်သက်သက်ဖြစ်နေရသည်။

သင်္ဘောပေါ်တွင် စိတ်ကူးချင်ရာ စိတ်ကူး၍ တွေးချင်ရာ တွေးနေနိုင်ရန် သင်္ဘောစီးသူတိုင်း လွတ်လပ်ခွင့် ရကြလေရာ ဦးချစ်ဆွေသည်လည်း စိတ်လွတ်လပ်လျက် နေတော့၏။

တစ်ခါတစ်ခါ အပြန်ခရီးကိုပင် အလာခရီးကဲ့သို့ မှတ်ထင်မိလေစေရန် စိတ်ကို လှည့်စားနေတော့၏။

သင်္ဘောထဲတွင် မမြတ်လေးနှင့် လွတ်ကင်းသော နေရာဟူ၍ မရှိ၊ လာစဉ်က မမြတ်လေးနှင့် တွေ့ရသော နေရာမှန်သမျှတိုင်း၌ ယခုလည်း မမြတ်လေးနှင့် တွေ့နေရသကဲ့သို့ မမြတ်လေးကို မြင်ယောင်နေလေသည်။

* * * * * * *



(၁၃)

ပြည်မြို့သို့ ရောက်ခဲလှချည့်ဟု သင်္ဘောပေါ်တွင် အောက်မေ့ခဲ့သော စိတ်ပင် ယခုပြည်မှတစ်ဖန် ရန်ကုန်သို့ စုန်ခဲ့သော ရထားတွဲထဲတွင်လည်း ထိုစိတ်မှာ အလိုမပြည့်နိုင်ဘဲ အလျင်လို၍သာ နေလေ၏။

သင်္ဘောတစ်တန်၊ ရထားတစ်တန် ခရီးပန်း၍ လာခဲ့သော်လည်း ရန်ကုန်သို့ ဆိုက်ရောက်သောအခါ ရန်ကုန်တွင် မရပ်မနားဘဲ မော်လမြိုင်သို့ ခရီးဆက်ခဲ့ပြန်၏။

“မမြတ်လေး ရန်ကုန်တွင် ရက်ကြန့်ကြာချင်မှ ကြန့်ကြာမည်။ ခုလောက်ဆို မော်လမြိုင်သို့ ပြန်သွားရတော့မယ်”

ဟု ရန်ကုန်မှ ခရီးထွက်ကာနီး စိတ်ချယုံကြည်လိုက်၍သာ စနောင့်စနင်းစိတ်များ မဖြစ်ပေါ်ဘဲ စိတ်သက်သာယာနှင့် ဆက်လိုက်လာခဲ့လေတော့သည်။

ဝေလီ ဝေလင်းမာတ်မီးများ မငြိမ်းသက်ခင်ပင် သထုံဘူတာတွင်

www.burmeseclassic.com

www.burmeseclassic.com



ရထားထိုးဝင်ဆိုက်လေရာ၊ ဦးချစ်ဆွေလည်း အိပ်စင်မှ ထ၍ ရထားပေါက်မှ မြသပိတ်စေတီတော်ကို ဖူးမြော်ပြီး သကာလ ခေတ္တတစ်ဖြုတ် အညောင်းဆန့်ရန် ရထားတွဲမှ ဆင်းခဲ့လေ၏။

ဘူတာတွင် စောစောစီးစီး ပရိယေသနအတွက် ဝမ်းစာအမျိုးမျိုး ရှာ၍ စားကြရသော ဈေးသည်များ ပျားပန်းခတ်နေပုံကို ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်းမှ စူးစမ်းနေလေသည်။

ကောက်ညှင်းကျည်တောက်၊ ငါးသလောက်ကင်း လက်ဖက်ရည်၊ ကော်ဖီ၊ ကြက်ပေါင်းသီး၊ နာရင်းသီး၊ မင်းကွတ်သီး၊ ကွမ်းယာ၊ ဆေးလိပ် စသည် အမယ်အမျိုးမျိုး ရောင်းနေကြသည့် ဈေးသည် ဦးရေများထဲတွင် မိန်းမဦးရေနှင့် ကလေးများက ပို၍ များပြားလာမှုမြင်ရကြောင့် မြို့မှာ ပြည်တွင် ဆင်းရဲသည့် အတိုက် မိန်းမများတွင်မက ကလေးများ ပါဝင်၍ ခံနေကြရသည်ကို သနားဂရုဏာ ဖြစ်မိလေ၏။

ယောကျ်ားတစ်ယောက်လုပ်စာနှင့် တစ်အိမ်ထောင်မဝရသဲ မိန်းမရော ကလေးပါ အိမ်ရှိလူကုန် လင်အားကြိုးမကြရပြီး ရထားတွဲ ထဲတွင် လူးလာတုံ့ပြန် တကြော်ကြော် အော်ဟစ်လျှောက်ရောင်းချနေပုံ ကို ကြည့်ရင်း လောကကြီး၏ အဆင်မပြေပုံကို တွေး၍ စက်ဆုပ်မိလေ ၏။

အလိုလိုမှ စိတ်မချမ်းမြေ့နေရာမှ ယခုသော် စိတ်မချမ်းမြေ့စရာများ မျက်မှောက်တွင် မြင်နေရ၍ ပို၍ မချမ်းမြေ့လှသဖြင့် တွဲထဲသို့ ပြန်ဝင်ခဲ့ကာ တံခါးကို ပိတ်ထားလိုက်လေသည်။

မကြာမီ ရထားလည်း သထုံမှ ထွက်၍ နံနက်ရှစ်နာရီလောက်တွင် မုတ္တမသို့ ဆိုက်ရောက်လာလေသည်။

ဦးချစ်ဆွေသည် မုတ္တမမှ တစ်ဖန် မော်လမြိုင်ဘက်သို့ ကူးခဲ့ပြန်ပြီးနောက် မော်လမြိုင်မြို့ထဲရှိ အသိအိမ်တွင် ပစ္စည်းတချို့တစ်ဝက်



ထားခဲ့ကာ တက္ကစီတစ်စီး ငှား၍ ကျိုက္ကမိသို့ ခရီးဆက်ထွက်ခဲ့လေ၏။

တည်းခိုရန် သံဖြူဇရပ်တွင် အသိမရှိ၍ ကျိုက္ကမိရေလယ်ဘုရားမှ အသိဇရပ်သို့ ဦးတိုက်လာခဲ့လေသည်။

ဘုရားသို့ ရောက်သောအခါဝယ် ပင်လယ်ရေလှိုင်း၍ ဒီရေတက်နေသဖြင့် ဘုရားဆီသို့ မကူးနိုင်သေးဘဲ ကျောက်ဆောင်ကမ်းမကြီးပေါ်မှပင် ရောက်ရောက်ချင်း ဘုရားကို ဦးတိုက်ပြီး အကြံအစည် စိတ်ဆန္ဒပြည့်ဝစေရန် ဆုတောင်းလိုက်လေ၏။

လှိုင်းလုံးကြီးများမှာ ကမ်းပါးရှိ ကျောက်တုံးကျောက်ခဲကြီးများကို တဖတ်ဖတ် ပုတ်ရိုက်လျက် ရှိချေ၏။

ရေလယ်တွင် သပ္ပာယ်စွာ တည်ထွန်း၍ နေသော ဘုရားကျောင်းဆောင်ကို ရေများ ပတ်ပတ်လည် ဝဲကန်တော့ထိုး၍ သာနေပြီး ဘုရားကျောင်းပေါ်သို့ ရေလှိုင်းမတက်ဘဲ ရှိလေရာမိမိရပ်နေသော ကမ်းပါးသာလျှင် ရေလှိုင်းလျှံတက်နေခြင်းကို ရင်သပ်အံ့သြမိလျက် ဘုရားရှင်ကို တိုး၍ သာ သဒ္ဓါတရားနှင့် ကြည်ညိုစိတ်ပွား၍ . . .

"ဆုတောင်းပြည့်ရမည်ဘုရား"

ဟု ပိုမို ယုံကြည်ကာ လာရင်းကိစ္စပြည့်ဝစေရန် ထပ်တလဲလဲပင် ဆုတောင်းနေလေ၏။

ဇရပ်တွင် အဝတ်အစားလဲပြီး သကာလ ကားတစ်စီးငှား၍ မမြတ်လေးပြောဖူးသော မမြတ်လေး၏ ခြံရှိရာသို့ ထွက်ခွာလာခဲ့လေ၏။

ရာဘာပင်ကြီးများ အစီအရီဖြင့် မြင့်မားညို့ရိပ်နေသော အပင်များဘေးမှ ကားကို ဖြတ်၍ မောင်းနှင်လာရာ မနီးမဝေးတွင် နှစ်ထပ်ဆင်ဝင်အိမ်တစ်လုံးကို တွေ့မြင်ရ၍ ဤအိမ်ပင်ဖြစ်ရမည်ဟု အိမ်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



တန်း၍ ကားကို မောင်းစေလေသည်။

အိမ်ဆင်ဝင်အောက်သို့ ကားဝင်လျှင် ဝင်ချင်းညာဘက်ပြတင်းပေါက် ခန်းဆီးကြားမှ မမြတ်လေးကို ရိပ်ခနဲတွေ့မြင်လိုက်ရ၍ ရင်ထဲတွင် ဖိုခနဲ သွားကာ ဝမ်းသာ ဝမ်းနည်းကြီးဖြစ်မိလေသည်။

ကားကို ဆိုက်၍ သံဆွဲတံခါးနားသို့ ကပ်ကာ ခဏမျှ ရပ်နေသော်လည်း မည်သူမျှ ထွက်၍ မလာသဖြင့် တံခါးကို လှုပ်ကာအသံပြုလိုက်မှ အသက်ဆယ့်တစ်နှစ်အရွယ် သူငယ်ကလေးတစ်ယောက် ထွက်၍လာပြီး တံခါးဖွင့်ပေးလေသည်။

ထိုသူငယ်ကလေးပင် ဧည့်ခန်းကို လမ်းပြ၍ ခေါ်ဆောင်သွားပြီးနောက် အတန်ကြာ ပျောက်၍ သွားပြန်လေသည်။

တဖိတ်ဖိတ်တလက်လက် အရောက်တောက် ထွက်နေသည့် အိမ်ထောင်ပရိဘောဂ အသုံးအဆောင်တို့မှာ ဧည့်ခန်းတစ်ခန်းလုံး၏ ကျက်သရေကို ကြွားကြွားဝင့်ဝင့် ဆောင်၍ နေကုန်၏။

ကျိုက္ခမိ ရေလယ်ဘုရားမှာ ပုံတော်ကြီးကို ဆီဆေးဖြင့် ဆွဲ၍ထားသည့် ပန်းချီကားကြီးမှာ တစ်ခန်းလုံး၏ အလှကျက်သရေကို လက်မြှောက်နေလေ၏။

ခံ့ခံ့ထည်ထည် သပ်သပ်ရပ်ရပ်ရှိလှသည့် အခန်းထဲတွင် ထိုင်၍အိမ်[illegible]ရှင်ကို စောင့်မျှော်နေရရာ အချိန်ငါးမိနစ်မျှ ကြာမြင့်၍ သွားလေသည်။

သူငယ်ကလေးပင် အခန်းထဲသို့ ပြန်ဝင်လာပြီးနောက် လက်ဖက်ရည်မုန့်များကို လာ၍ချပြီး . . .

"ဦး . . . လက်ဖက်ရည် သုံးဆောင်ပါ၊ ကြီးကြီးခုလာပါလိမ့်မယ်"



ဟု မှာကြားပြောဆိုကာ ထွက်သွားပြန်သည်။

မိမိအား မိမိမှန်းသိ၍ လောကွတ်ကျေပွန်စွာ ခရီးရောက်မဆိုက်ဆီး၍ ကျွေးမွေးခြင်းကို နံနက်စာပင် မစားခဲ့ရ၍ ဆာလောင်နေသည့်အတိုင်း လက်ဖက်ရည်ကို ယူ၍ သောက်လိုက်ပြီး အဝတ်လဲနေတယ်ထင်ပါရဲ့ဟု တွေးတောရင်း ခရီးရောက်မဆိုက် သိတတ်ပုံကို ကျေးဇူးတင်မိလေသည်။

တဖျပ်ဖျပ်နှင့် မိနပ်သံကြားရ၍ ကိုယ်ကိုပြင်၍ ထိုင်လိုက်ပြီးနောက် အပေါက်ဝသို့ လှမ်းမျှော်ကြည့်နေရာ အသက်ခြောက်ဆယ်ခန့်အဘွားအိုတစ်ယောက်ဝင်ရောက်လာပြီး . . .

"လက်ဖက်ရည် သောက်ပြီးပြီလား၊ မုန့်စားပါ"

ဟု လောကွတ်ပျူငှာပြု၍ ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်လေသည်။

"ဒီကတော့ မမြတ်လေး မိတ်ဆွေနဲ့ တူပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ တစ်ဦးနှင့်တစ်ဦး အင်မတန်ခင်မင်ပါတယ်"

"ဘယ်က လာတာပါလဲ"

"ကျွန်တော် ရေနံချောင်းက လာတာပါ"

အမေကြီးလည်း တစ်ခုခုပြောမည့်ဟန်ဖြင့် ရှေးဦးစွာ ခေါင်းကိုအတန်တန် ညိတ်လိုက်ပြီးမှ . . .

"ခရီးရောက်မဆိုက် ပြောရမှာ အားလဲနာပါရဲ့၊ တွေ့ချင်လို့လာရတာ မတွေ့ရတာ မောသွားမှပဲ၊ မမြတ်လေး ကိစ္စတစ်ခုနဲ့ မုတ္တမကို ထွက်သွားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ဆွေမှာ မိမိကိုယ်တိုင် မျက်စိနှင့် မြင်လိုက်ပါလျှက်နှင့် မိမိအား တမင်အတွေ့မခံလို၍ ထွက်မလာခြင်းကို ရင်ဆို့၍ သွားလေသည်။

အပြင် သူ့စိမ်းတစ်ရံစာကို မမေးမမြန်း တံခါးဖွင့်၍ ပေးပြီး ရှေးဦးစွာ ကျွေးမွေးဧည့်ခံခြင်းမှာ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။ မိမိမှန်းသိ၍သာ ပြုလုပ်ခြင်းပဲဟု အတပ်သိကာ အတွေ့မခံသော်လည်း ဝတ္တရားကျေပွန်ခြင်းကို ပို၍ပင် မြတ်နိုးမိလေ၏။

မိမိအခြေအနေမှာ အဘွားအိုအား ခေါ်ပေးဖို့ တောင်းပန်တိုက်တွန်းရန် အခွင့်အရေးမရှိသဖြင့် မချိတရိဖြင့် ကိုယ့်စိတ်ကိုကိုယ် အနိုင်နိုင် ချုပ်တည်း၍ မမြတ်လေး မတွေ့လိုလျှင် မိမိ အနှောင့်အယှက် မပြုတော့ပါဘူးဟု မျိုသိပ်ဆုံးဖြတ်လိုက်ပြီးနောက် . . .

"ကျွန်တော် ကျေးဇူးတင်တဲ့ အကြောင်း ပြောပြလိုက်ပါ၊ ကျွန်တော်ပြန်ပါဦးမယ်"

ဟု နှုတ်ဆက်ပြီး သေလိုက်ချင်လောက်အောင် အချစ်စိတ်ဆင်းရဲစွာဖြင့် ထိုအိမ်မှ ထွက်ခွာလာခဲ့လေသည်။

* * * * * * *



(၁၄)

တွေးလေလေ ရင်ညွန့်တွင် နာ၍သာ လာရာလေ၏။ မိမိအား မျက်လှည့်ပြသကဲ့သို့ လှည့်စားလိုက်သည့် ကံကြမ္မာကိုသာ စိတ်အနာကြီးနာနေလေသည်။

အကြောင်းမလှ၍ အတွေ့မခံလိုက်ခြင်းကို တစ်စိုးတစ်စေ့မျှ စိတ်မခုမိဘဲ မိမိကံကိုသာ ရက်စက်လေစွဟု မှတ်တမ်းတင်လျက် ရှိလေသည်။

မိမိ၏ ချစ်ခြင်း မေတ္တာမှာမူကား မသွေမဖယ် တစ်နေ့ထက်တစ်နေ့ ခိုင်မြဲသထက် ခိုင်မြဲစွာ ချည်နှောင်လျက်ပင် ရှိနေလေ၏။

နေ့လရက် ပြောင်း၍တစ်နှစ်ပြီး တစ်နှစ်ကူးသွားသည့်တိုင် မိမိအဖြစ် အပျက်များကို အိမ်မက်မက်သကဲ့သို့ မမှတ်ထင်ဘဲ နေ့စဉ်ပင် ထိုအဖြစ်အပျက်ထဲဝယ် လူးလဲ၍သာနေလေ၏။

"စိတ်ချမ်းသာသလိုသာ နေပါစေတော့။ ငါ့ကြောင့် စိတ်အနှောင့်

www.burmeseclassic.com

www.burmeseclassic.com



အယုက် မဖြစ်ပါစေနှင့်တော့"

ဟု ကိုယ့်ဟာကိုယ် မျိုသိပ်ဖိနှိပ်ထားလာခဲ့သည့် ဒဏ်တို့မှာ မော်လမြိုင်မှ ပြန်လာကတည်းက တဖြစ်လဲသွားလိုက်သကဲ့သို့ ပိန်ချုံးကြုံလှီ ဖျော့တော့၍သာ လာခဲ့လေသည်။

တစ်မြို့ပြီးတစ်မြို့ အလုပ်ဝတ္တရားနှင့် ပြောင်း၍နေရသော်လည်း ရောက်လေရာ မြို့တိုင်းမှ နေ၍ သံဖြူဇရပ်ခရိုင်ရှိ ရာဘာခြံကြီးဆီသို့သာ အချိန်ရသမျှ မျှော်မှန်းတမ်းတလျက် ရှိချေသည်။

ဖြေ၍မရ၊ ဖျောက်၍မရ၊ ပန်းပွင့်တွေ တွေ့တိုင်းလည်း လက်ထဲတွင် ဆုပ်၍ ငြိမ်ငြိမ်သက်သက်ကြီး ထိုင်၍ နေတတ်လေသည်။

တစ်ခါတစ်ရံ ပန်းခြံထဲတွင် တစ်ညလုံးထိုင်၍ အအေးမိပြီး နောက်တစ်နေ့တွင် အိပ်ရာထဲတွင် ဖျားနေပြန်၏။

နဂိုစကားနည်းသူ ဖြစ်ရသည့်အထဲတွင် ယခုမူ စကားကို အရှင်းမပြောချင်သလို မဖြစ်နိုင်လွန်းမှပင် ချွေချွေတာတာ ပြောနေသဖြင့် အိမ်ဖော်ကအစ စကားပြောရမည်ကို အားနာနေကြလေသည်။

တစ်ဦးနှင့်တစ်ဦး မိုင်ပေါင်းများစွာ ဝေးကွာနေသော်လည်း မိမိရှေ့မှောက်ဝယ် မမြတ်လေး လာရောက်ထိုင်နေဘိသကဲ့သို့ တစ်ခါတစ်ခါ ဦးချစ်ဆွေလည်း တစ်ယောက်တည်း ထိုင်နေရာတွင် တစ်ဦး၊တစ်ယောက်နှင့် မျက်နှာချင်းဆိုင် ထိုင်နေရသောအခါ ဖြစ်ပေါ်သော အမူအရာ အသွင်များအတိုင်း ဖြစ်နေလေသည်။

တစ်ခါတည်ခါလည်း စိုက်မိစိုက်ရာ ကြည့်၍ ငေးမိငေးရာ ငေးနေတတ်ပြီးလျှင် အမူအရာများမှာ ရှေးကထက် တဖြည်းဖြည်းလေးသည်ထက် လေးလံလာကာ အစားမမှန် အအိပ်မမှန်ဘဲ တစ်စတစ်စနှင့်



မတ်တတ်နာစွဲ၍ လာပေသည်။

ဆွဲချလိုက်သကဲ့သို့ တစ်နေ့ထက်တစ်နေ့ ပိန်ချုံးကျသွားသော ဦးချစ်ဆွေ၏ ရောဂါကို ရှာမရကြသဖြင့် အကြောင်းမသိသော ဆရာဝန်များလည်း ဤရောဂါမှာ ဆေးကု၍မရ ဥတုရာသီပြောင်း၍ လေပြည်လေညင်းခံမှသာ ကျန်းမာဝပြိုးလာနိုင်စရာ ရှိသည်ဟု မှတ်ချက်ချကြလေသည်။

ဦးချစ်ဆွေအား ခွင့်ယူ၍ ကလောသို့ သွားရန် ညွှန်ကြားကြလေသည်။

ဦးချစ်ဆွေလည်း လူမရှိ သူမရှိသော နေရာတွင် တစ်ကိုယ်တည်း တိတ်တိတ်ဆိတ်ဆိတ်နေလိုလှ၍ ထိုအကြံကို မြန်မြန်လက်ခံလိုက်ပြီး ပြီးလျှင် ခွင့်နှစ်လခန့်ယူပြီး မိမိအစ်ကိုအားလည်း ကျန်းမာရေးကြောင့် ရှမ်းပြည် ကလောသို့ သွားမည့်အကြောင်း စာတစ်စောင်ရေးသားပေးပို့လိုက်ပြီးနောက် ဖျာပုံမြို့မှ ရန်ကုန်သို့ လိုက်ခဲ့လေသည်။

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

ညနေ လေးနာရီရထားအမီ မန္တလေးအဆန်ရထားနှင့်လိုက်ရန် ကားကို ဦးအုန်းခိုင်လမ်းဘက်မှ ချိုး၍ ဘူတာရုံကြီးဘက်သို့ လှည့်မောင်းလာလေ၏။

သားရေသေတ္တာကြီးကို ဤလမ်းထိပ်မှ ကောက်ယူရသည့် အခြင်းအရာတို့မှာ မျက်စိအောက်ဝယ်ပေါ်ပေါက်၍ လာသဖြင့် ဖျောက်ကွယ်၍ မရသည့် အစွန်းကြီးကို အသစ်ဖြစ်စေလေပြီး တစ်လမ်းလုံး ရထားတွဲထဲတွင် စိတ်ဒုက္ခဝေဒနာ ခံစားရင်း လိုက်ပါလာခဲ့လေတော့၏။

နံနက်လင်းမှပင် အိပ်ရာမှ ထတော့ကာ တောင်ထိပ်ပေါ်တွင် ရထားခုတ်မောင်းနေသည်ကို တွေ့မြင်ရလေသည်။

ညို့ညို့ဆိုင်းဆိုင်း တစ်တောင်လုံး မှိုင်းနေသည့် တောင်ကလပ်ကြီးကို ခတောင်ထိပ်ပေါ်ကနေ ကြည့်နေရင်းမှ ထိုတောင်ကလပ်ပေါ်သို့ တစ်ဖန်ရောက်၍ သွားရပြန်ပြီး မြင့်မားထိုးထောင်နေသော တောင်စွယ်



တောင်နှာမောင်းကြီးတွေ တစ်တောင်မှ တစ်တောင် ရထားဖြတ်၍ ကူးကျော်တက်နေခြင်းကို တောင်ပတ်လည် ဝိုင်းရံနေသည့် ရထားတွဲကလေးထဲမှ စိတ်ဝင်စားစွာ ကြည့်နေရင်းက ဤခရီးကို မဖြတ်လေးနှင့်သာ လာရလျှင် ကောင်းလေစွဟု အောက်မေ့ထင်နေလေ၏။

ချောင်းရိုပ်၊ ဆင်တောင် ဘူတာလေးများကို ဖြတ်ကျော်၍ ရထားကြီးမှာ အရှိန်မှန်မှန်နှင့် တစ်တောင်ပြီး တစ်တောင်ဖြတ်ကျော်ပြီး ခုတ်မောင်းလာခဲ့ရာမှ ထင်းရှူးတောကြီးထဲသို့ တရှဲရှဲ ထိုးဝင်လာခဲ့လေ၏။

တစ်ခါမှ မခံစားရသည့် အရသာထူးလှသော ထင်းရှူးပင်များဆီမှ တိုက်ခတ်လိုက်သည့် လေပြည်လေညင်းကလေးကိုဝဝကြီး ရှူရိုက်လိုက်ကာ ဦးချစ်ဆွေလည်း အားသစ်ကလေးများပင် တက်လာသကဲ့သို့ ကလောအဝင်တွင် လန်းဆန်းကြည်လင်၍ သွားလေ၏။

ဘူတာရုံမှ သူငယ်ချင်းရှိရာဘက်တရားမမြို့အုပ် ဦးဘေးအိမ်သို့ သိသော တက္ကစီကားတစ်စီးကို ငှား၍ ထွက်လာခဲ့ပြီးလျှင် မိမိလာမည့်အကြောင်းကို ကြိုတင်၍ အကြောင်းကြားရန် သတိမေ့လျော့ခြင်းကို ကိုယ့်ကိုယ်ကို အပြစ်တင်မိလေသည်။

တန်ခူးလဖြစ်၍ ရန်ကုန်တွင် ပူလောင်လာခဲ့သလောက် ကလောတွင် ရာသီဉတု အေးမြနေသဖြင့် ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း တွေ့မြင်ရသည့် မြို့နေပုံပန်းမှာ တောင်ကြီးတွေ ခြံရံလျက် သန့်ရှင်းသာယာ လှပလှသဖြင့် ပြောင်းလွဲခြင်းတစ်မျိုးဖြစ်ကာ အလိုလိုစိတ်ချမ်းသာမြေ့၍ လာလေသည်။

ကားကို တစ်တောင်ဆင်း တစ်တောင်တက် နိမ့်တုံမြင့်တုံ မောင်းနှင်လာပြီး သပ်ရပ်လှပသည့် တစ်ထပ်အိမ် ခြံကြီးထဲသို့ ကားလှည့်ဝင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် ဦးချစ်ဆွေလည်း အိမ်ထဲသို့ လှမ်းကြည့်လိုက်၏။

အိမ်ထဲတွင် လူစုစုမြင်ရ၍ "အလှူများ လုပ်နေသလား" ဟု အောက်မေ့မှတ်ထင်ကာ အကြောင်းမကြားဘဲ လာမိခြင်းကို အားနာ၍ သွားလေသည်။

ကားထိုးမရပ်မီပင် ဦးအေးအပေါက်ဝတွင် ထွက်ကြိုရပ်နေသည် တွေ့ရသဖြင့် လှမ်း၍ ပြုံးပြလိုက်သော်လည်း ဦးအေးကား ဇဝေဇဝါဖြစ်နေသကဲ့သို့ မိမိအား ပြန်၍ မပြုံးဘဲ စူးစိုက်လျက် ကြည့်နေလေ၏။

ကားရပ်ပြီး ကားထဲမှ ဆင်း၍ "မောင်အေး . . . ငါ့မှတ်မိဘူးလားကွ" ဟု ပြောလိုက်မှပင် "ဟာ . . . ကိုချစ်ဆွေပါလား၊ ပိန်လိုက်တာ မှတ်တောင်မမှတ်မိဘူး၊ အကြောင်းမကြား ဘာမကြားနဲ့" ဟု ပြောပြောဆိုဆို မိမိလက်ကို လှမ်း၍ အားပါးတရ ဆွဲယမ်းနေလေ၏။

"မင်းတို့ အလှူလုပ်နေသလား"

"အလှူမဟုတ်ပါဘူး၊ ကျွန်တော့် ကလေးလေး ဆုံးလို့ ညနေ အသုဘ ချမလို့"

"ဟာကွာ . . . ဖြစ်မှ ဖြစ်ရလေ၊ ဒါဖြင့် နေပါစေ၊ ငါတခြားမှာ သွားတည်းပါ့မယ်"

"မဟုတ်တာ ဘယ်သွားတည်းရမှာလဲ၊ ညနေ အသုဘချမှာ လာသာလာပါ" ဟု အတင်းအဓမ္မဆွဲ၍ ခေါ်သွင်းသွားသဖြင့် အားတုံ့အားနာနှင့် လိုက်ဝင်သွားရလေ၏။

ကလေးအလောင်းကလေးဘေးတွင် ငိုယိုနေသည့် ၎င်း၏ ဇနီးနှင့် မိတ်ဖွဲ့ပေးနေပြန်သဖြင့် ခပ်ခက်ခက်နှင့် နှုတ်ပြန်ဆက်ရပြီးလျှင် တစ်ခဏချင်းပင် အနေအထိုင် ကျဉ်းကျပ်၍ သွားလေ၏။



တစ်နေ့လုံး စိတ်မကောင်းစွာနှင့် ငြိမ်ငြိမ်သက်သက် ထိုင်နေသည့် ဦးချစ်ဆွေကို ကြည့်လျက် ဦးအေးမှာ အားနာ၍ နေလေသည်။

ထမင်းကျွေးလည်း ဟုတ်တိပတ်တိ မစားဘဲ အလွန်အကျွံ အားနာနေမှန်းကို သိသဖြင့် ဦးအေးက အားမနာရန် တဖွဖွပြောနေလေ၏။

နေကလေးစောင်းသွား၍ တဖြည်းဖြည်း လူများစုံလာသဖြင့် အသုဘချရန် ကိစ္စကို ပြင်ဆင်ကြလေ၏။

မိမိအား ခရီးပန်းလာ၍ အသုဘ လိုက်မပို့ရန် လင်မယား ပါ တားမြစ်ကြသော်လည်း ခရီးကြုံကြိုက်၍ လိုက်ပို့ပါရစေဟု ပြောကာ အိမ်ပြင်သို့ ထွက်ရပ်နေနှင့်၏။

အခေါင်းကို ပန်းပြသာဒ်ကလေးကဲ့သို့ မွမ်းမံပြင်ဆင်ထားကြသည်။ ခေါင်းကို အိမ်ပေါက်ဝသို့ ယူထုတ်ရန်အတွက် အိမ်ထဲတွင် စုရုံးစုရုံးဖြစ်လျက် ပြင်ဆင်နေကြသည်။

လူကြီးပိုင်းမှ လူငယ်များအား ရှေးထုံးစဉ်လာများကို တစ်ယောက်တစ်ခွန်းသတိပေးသံတို့မှာ ဆူညံ၍ နေလေသည်။

"သင်္ချိုင်းဇရပ်တွင် စည့်ခံကမ်းလှမ်းရန်အတွက် ဆေးလိပ်ပါပြီးလား၊ ကွမ်းရာရော ယပ်တောင်တွေ ထုတ်သွားပြီးလား" စသည့် မိန်းမကြီးများ၏ ဟစ်အော်မေးမြန်းသံတို့မှာ ထိုဆူညံနေသော အသံတွေထဲတွင် စူးလျက် ထွက်ပေါ်နေလေသည်။

ကလေးအခေါင်းကို အပြင်သို့ ထုတ်ယူလာသောအခါ ငိုင်း၍ ဟစ်အော်ငိုကြွေးလိုက်သည့် ငိုသံများမှာ တစ်ပြိုင်နက် ဆူညံသွား၏။

ကလေး၏ အမေမှာ ကလေးအလောင်း အပြင်သို့ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ၌ ရပ်တည်မရဘဲ ပရိဒေဝမီး အရှိန်ပြင်းစွာ တဟုန်းဟုန်း တောက်တောက်လိုက်ရာတွင် ထိုအပူအရှိန်မှာ အသုဘပို့လာသူတို့အား ဟပ်၍ သွား၏။

လူတိုင်းပင် အနိစ္စသဘော သေခြင်းတရားကို သိကြလေသည်။ သို့သော် သေခြင်းကို အကယ်ပင် မျက်မှောက်လက်တွေ့ မကြုံကြိုက်ခင်က သေရလိမ့်မည်ကို ပြင်ဆင်ဆင်ခြင်ခြင်း မရှိကြဘဲ အမှတ်တမဲ့ ပေါ့ပေါ့တန်တန် နေသော သူတိုင်းပင် တကယ့်လက်တွေ့ကို သိမြင်ကြုံ တွေ့ရသောအခါ၌ကား၊ ပူလောင်ခြင်း ဆင်းရဲဒုက္ခကို ပို၍ ပြင်းပြင်း ထန်ထန် ခံကြရသည်။

နောက်နောက်က ရှေ့သရမည်ဟူသော သတိကို လက်မခံပြန်လှန် ဖယ်ရှား ဖျောက်ဖျက်မေ့လျော့ခဲ့၍ ယခုသော် အတားအဆီးမရှိ ပူပန် ကာ တကြော်ကြော် ငိုကြွေးတမ်းတနေရ၏။

ဦးချစ်ဆွေလည်း မသာမယာဖြစ်နေပုံကို ကြည့်ရင်း ညာဏသံ ဝေဂဖြစ်လျက် အလောင်းနောက်ပါးမှ ဖြည်းညင်းစွာ လျှောက်လိုက်လာ လေသည်။

"လူကလေးရေ၊ မေမေ့ကို ခွဲသွားပြီလားကွယ်၊ လူကလေးရဲ့" ဟု အသည်းနှလုံးဆိုင်မှ ဖွစ်ညှစ်အော်ဟစ်လိုက်သော ဦးအေး၏ ဇနီးအသံမှာ ဦးချစ်ဆွေနားထဲတွင် နင့်၍ နင့်၍ သွားလေ၏။

ရင်ထဲတွင် ပူလောင်လွန်း၍ မချုပ်တည်းနိုင်ဘဲ ထွက်ပေါ်လာ သော ထိုအသံကို ကြားရသော ဦးချစ်ဆွေမှာ စိတ်နှလုံးကြေကွဲသွားမိ လေ၏။

သုသာန်မှ သစ်ပင်ရိပ်ကြီးများဖြင့် ဖုံးဆိုင်းဖုံးရိပ်၍ ထားသဖြင့်



ပိုမိုကြေကွဲစရာ ဖန်တီးထားသကဲ့သို့ ရှိချေ၏။

ဖွေးဖွေးဖြူနေသည့် အရိပ်တာဝါသ အောက်တွင် ရှိလင့်ကစား အသုဘပို့လာကြသူတို့ စိတ်ကို ဖမ်းညှို့လိုက်သကဲ့သို့ အလိုလို လွမ်းဆွတ် ပူလောင်ဖွယ်ရာ အရိပ်အရောင်သဏ္ဌာန်ညှို့လျက် ရှိချေသည်။

ဇရပ်တွင် သရဏဂုံတင်ကြသဖြင့် ဇရပ်ထဲသို့ လိုက်မဝင်ဘဲ ဦး ချစ်ဆွေလည်း ဇရပ်အနီးရှိ လူတွေကြားထဲသို့ ကွေ့ကောက်လှည့်ပတ် လျှောက်နေလေသည်။

ဂူတွေကြားဝယ် တဝဲလယ်လယ်နှင့် အချိန်ကုန်ခံကာ လျှောက် လျက်နေပြီးမှ ဂူကြီးတစ်ဂူသို့ မှီကာ ဇရပ်တွင် သရဏဂုံတင်နေသည်ကို လှမ်းမျှော်ကြည့်နေစဉ်တွင် မိမိနောက် မလှမ်းမကမ်းမှ ချွတ်ခနဲ အသံ ကြားရ၍ ကြည့်လိုက်ရာ မိမိ၏ မျက်စိကိုပင် မယုံနိုင်အောင် ပြူးကျယ် စွာ လှမ်းကြည့်ပြီး တစ်ကိုယ်လုံးတုန်လှုပ်ချောက်ချားသွားလေ၏။

သပ်ရပ်ဖြူဖွေးနေသည့် ဂူကြီးပေါ်တွင် ပိတောက်ပန်းခက်တွေ ဝေနေအောင် ပုံထားပြီးလျှင် ဂူခြေရင်းတွင် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်လျက် ဂူကို ရှိခိုးနေသော မမြတ်လေးကို တွေ့ရလေခြင်းကြောင့် ဖြစ်လေသည်။

သဘောကြီးပေါ်တွင်လည်းကောင်း၊ စန္ဒရားအနားတွင် လည်းကောင်း၊ ရပ်နေစဉ်က မိမိစိုက်၍ ကြည့်ခဲ့ဖူးသော ဘေးတိုက် မျက် နှာကလေးကို ယခုပြန်၍ မြင်ရပြန်လေ၏။

မျက်လုံးကလေးမှိတ်ထားခြင်းအတွက် ကွာခြားလျက် ဟိုစဉ်က မျက်နှာပုံနေအလှအတိုင်း ထင်ထင်လင်းလင်း လှလျက်ရှိသော မျက်နှာ ကလေးကို အားရပါးရ စိုက်၍ ကြည့်လိုက်ပြီး အသံမကြားအောင် တဖြည်း ဖြည်းဂူနားသို့ လျှောက်ခဲ့ပြီးလျှင် ကျောက်ရုပ်ကြီးကဲ့သို့ ဂူနားတွင် မတ်တန်

www.burmeseclassic.com

www.burmeseclassic.com



မလှုပ် ရပ်ကြည့်နေသည်။

အကြိမ်သုံးခါ နဖူးနှင့် မြေကို ထိလုခမန်း ဦးနှိမ့်ချလိုက်ပြီးနောက် မျက်လုံးကို ဖွင့်လှစ်လိုက်လျှင် လိုက်ချင်း မိမိကိုရပ်၍ စိုက်ကြည့်နေသော ဦးချစ်ဆွေကို မြင်လိုက်ရ၍ မမြတ်လေးလည်း ကြက်သေ, သေနေလေ၏။

တိတ်ဆိတ်နေသော အသွင်ကို ဆောင်လျက်ရှိသော သုသာန်ထဲ၌ နှစ်ဦးစလုံး တိတ်ဆိတ်ကြလျက် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ အံ့ဩမိန်းမော၍ နေကြလေ၏။

မမြတ်လေးလည်း တဖြည်းဖြည်းထိုင်ရာမှ ထလိုက်လေသည်။

"ဦးချစ်ဆွေ . . ."

ဟု ဆက်၍ မပြောနိုင်သေးဘဲ ဦးချစ်ဆွေအား ခြေဆုံးခေါင်းဖြန် တစ်ဖန် ကြည့်ပြီးမှ . .

"ဘယ်တုန်းက ကလောကို ရောက်နေသလဲ"

ဟု တဖြည်းဖြည်း ဆက်၍ မေးလိုက်၏။

ဦးချစ်ဆွေကား ဘာမျှ မကြားလိုက်သလို မိမိမျက်စိအောက်မှ ပြန်၍ ပျောက်ကွယ်သွားမည်ကို စိုးသကဲ့သို့ အကြောင်သား မျှော်ကြည့်လျက်နေသည်။

ဦးချစ်ဆွေ၏ ဖြူရော်ရော်မျက်နှာနှင့် ပိန်ချုံးကျသွားခြင်းကို ကြည့်ရင်းမမြတ်လေးလည်း မိမိတွင် အပြစ်ရှိသကဲ့သို့ စိတ်နှလုံးထိခိုက်လှခြင်းကြောင့် ဦးချစ်ဆွေအား မကြည့်နိုင်တော့ဘဲ မိမိခေါင်းကို မြေသို့ကာ ငုံ့စိုက်ချထားလိုက်လေ၏။

"မမြတ်လေး . . . မမြတ်လေးကို ကျွန်တော် တမင်လာစောင့်တွေ့တာ မဟုတ်ပါဘူး၊ မမြတ်လေး ဒီကိုလာမယ်ဆိုတာ မသိတာ အမှန်



ပါပဲ။ မမြတ်လေး အဖေ့ဂူ ဒီမှာရှိမှန်းလဲ ကျွန်တော် မသိခဲ့ရပါဘူး။ ဒီနေ့ပဲ ကလောကို ရောက်ပြီး ကျွန်တော့် မိတ်ဆွေ ကလေးလေး အသုဘကို လိုက်ပို့ရင်း သုသာန်ထဲကို ရောက်လာတာပါ။ မမြတ်လေးအဖေ့ဂူက ဒီမှာကိုး . . ."

"ဟုတ်ပါတယ်၊ ချောင်းဆိုးသွေးပါ ရောဂါကြောင့် ဆရာဝန်တွေက ကလောကို ပို့လို့ ကျွန်မတို့ သားအဖဒီမှာပဲ လာနေရင်း အဖေဒီမှာပဲ ဆုံးသွားပါတယ်"

"နှစ်တိုင်းနှစ်တိုင်း ဖေဖေ့ ဂူကို သွားပြီး ဘုရားမှာလဲ ပန်းတွေကပ်၊ ဖေဖေ့ဂူပေါ်လဲ ပန်းတွေ ဝေနေအောင် တင်ပြီး တစ်ခက်ခက်ယူလာတိုင်း မနှစ်က ထည့်ထားတဲ့ ပန်းဟာ ညှိုးနွမ်းနေတာ တွေ့ရတော့ ပန်းများဟာ ခဏသာ လှတာပဲနော်လို့ ဖေဖေပြောသွားတာ သတိသံဝေဂဖြစ်ရထာမို့ နှစ်စဉ် ရလာတဲ့ ကုသိုလ်တွေပါပဲ"

ဤကဲ့သို့ သဘောပေါ်တွင် မမြတ်လေး ပြောပြ၍ ကြားခဲ့ရစဉ်က ထင်မှန်း ကြည့်ဖူးခဲ့မိသော ပုံပန်းကို ယခုသော် မျက်စိရှေ့မှောက်၌ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး လာရောက်တွေ့နေရသဖြင့် မမြတ်လေးအား ရှေးကထက် တိုးလို့သာ လေးစားချစ်ခင်သွားလေ၏။

ထိုသို့ အချစ်ကြီး ချစ်မိလေလေ မမြတ်လေးအား မိမိနှင့် ပတ်သက်၍ တစ်စုံတစ်ရာ စိတ်အနှောင့်အယှက် ဖြစ်သွားမည်ကို စိုးသည်ထက် စိုးလာသေး၏။

"မမြတ်လေးကို မမျှော်လင့်ဘဲ လာတွေ့ရတာ ကျွန်တော်ဘယ်လောက် ဝမ်းသာတယ်ဆိုတာ ပြောမပြနိုင်ပါဘူး။ ဒါပေမယ့် ဒီလို တွေ့ရတာ မမြတ်လေးကို နှောင့်ယှက်သလို စိတ်မှာ ထိခိုက်သွားရင်လဲ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



ကို ခွင့်လွှတ်ပါ။ ကျွန်တော် . . . ကျွန်တော်"

ဆက်မပြောနိုင်တော့သဖြင့် ဦးချစ်ဆွေလည်း တုန်တုန် ယင်ယင် အသံနှင့်ပင် စကားဖြတ်ထားပြီး ဂူပေါ်မှ ပန်းများကိုသာ စိုက်ကြည့်နေလိုက်သည်။

နှစ်ဦးစလုံးပင် အတန်ကြာစကားမပြောကြဘဲ တိတ်ဆိတ်နေကြသည်။ တစ်ယောက်ကို တစ်ယောက် မကြည့်ဘဲ တစ်ယောက်အကြောင်း တစ်ယောက် တွေးနေကြသည်။

ဖခင်ဂူသို့ လာရောက်ကန်တော့တိုင်း ပန်းထုပ်ကို ပြန်လည်ပေးအပ်လိုက်သော ဦးချစ်ဆွေအား သတိအစဥ်ရမိလေသည်။

ယခုလိုဂူတွင် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရလိမ့်မည်ကို တွေးရှိမှ မကြည့်ဖူးပေ။ မိမိမှာ ပန်းထုပ် ပြန်လည်ရခဲ့သည့်နေ့မှစ၍ နှစ်စဉ် နှစ်တိုင်း စိတ်လက်ချမ်းသာစွာဖြင့် လာ၍ ကန်တော့နိုင်ခဲ့သော်လည်း ဦးချစ်ဆွေမှာ မိမိအတွက် မည်မျှ စိတ်ဒုက္ခရောက်ရှာသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ရ၍ စိတ်မချမ်းသာခြင်း ဖြစ်ရလေသည်။

"ကျွန်မ ဝမ်းနည်းပါတယ် ဦးချစ်ဆွေ၊ ဟိုတုန်းက ဝမ်းနည်းမိတာထက် အခု ပိုလို့ ဝမ်းနည်းမိပါတယ်။ ကျွန်မ ဘယ်တော့မှ မမေ့နိုင်တဲ့ ကျေးဇူးရှင်တစ်ဦးဟာ ကျွန်မအတွက်နဲ့ ဒါလောက် စိတ်ဆင်းရဲနေတာ သိရလို့ ဝမ်းနည်းမိပါတယ်"

"စိတ်မကောင်း မဖြစ်ပါနဲ့တော့၊ ကျွန်တော်ကံပဲထားပါတယ် မမြတ်လေး"

ဦးချစ်ဆွေသည် ရှေ့တည့်တည့်မှ မမြတ်လေးကို ကျော်လွန်၍ အဝေးသို့ မျှော်လှမ်းကြည့်နေလေ၏။



မိမိကံသည် မိမိအား ပြေးလို့မလွတ်၊ ရှောင်လို့ မလွတ်နိုင်အောင် လိုက်လံလှည့်စားနှိပ်စက်နေပါကလားဟု တွေးနေလေသည်။

ဦးချစ်ဆွေသည် မျက်တောင်ခတ်ရန်ကိုမျှ သတိမရသကဲ့သို့ စိုက်လို့သာ ငေးနေလေ၏။

အသည်းတွင် စိုက်နေသည့် ဓားကို ထပ်၍ မွှေ့လိုက်သည့်အခါဝယ် မည်မျှ ပြင်းပြင်းထန်ထန် ဝေဒနာ ခံစားလိုက်ရသည်ကို မျက်နှာတွင် ပို၍ ပေါ်လွင်အောင် ပြနိုင်ခဲ့လေပြီ။

ယခုလည်း အသည်းနိုက်အောင် ဆွေးမြည့်လာခဲ့သည့် ဒဏ်ရာဒဏ်ချက်များမှာ မည်မျှ ပြင်းထန်၍ အနာမည်မျှ တိုးနေသည်ကို ဖုံး၍မရ။ မျက်နှာတစ်ပြင်လုံးတွင် ပေါ်လွင်ထင်ရှားနေလေသည်။

မမြတ်လေးလည်း ဦးချစ်ဆွေ၏ မျက်နှာနှင့် အမူအရာကို စိုက်ကြည့်နေရင်း နောက်နောက်က မဖြစ်ပေါ် မပေါ်ပေါက်ခဲ့သော ကရုဏာများ တဖွားဖွား ပေါ်ပေါက်လာပြီးလျှင် ဦးချစ်ဆွေအား မကြည့်နိုင် မကြည့်ရက်သကဲ့သို့ မျက်နှာလွှဲနေပြီးမှ ဆုံးဖြတ်ချက်ချလိုက်ကာ ဦးချစ်ဆွေအား စိန်းစိန်းပြန်ကြည့်လျက် . . .

"ဒီလို မအောက်မေ့ပါနဲ့တော့ ဦးချစ်ဆွေ၊ ကျွန်မကို စိတ်ချမ်းသာအောင် ပြုခဲ့သလို ဦးချစ်ဆွေ စိတ်ချမ်းသာအောင် ကျွန်မပြုပါတော့မယ်၊ ကျွန်မတည်းတဲ့ အိမ်ကို အခုလိုက်ခဲ့ပါဦး၊ ကျွန်မရဲ့ကား သုသာန်ဝမှာ ထားခဲ့ပါတယ်။ ကိစ္စပြီးတဲ့အထိ စောင့်နေစေချင်လဲ ကျွန်မစောင့်နေပါ့မယ်"

မမြတ်လေးမှာ ယခုလို ပြောလိုက်သည့်အတွက် မိမိအား စူးစူးဝါးဝါးကြီး ပြန်လည်စိုက်ကြည့်လျက်နေခြင်းကို ပြန်လှန်မကြည့်ရဲသကဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့ ခေါင်းငုံ့ထားလိုက်လေ၏။

"မမြတ်လေး ကျွန်တော့်ကို စိတ်ချမ်းသာအောင် ပြုတော့မယ်လား၊ စိတ်ချမ်းသာရတော့မယ်လား၊ ကျေးဇူးတင်လိုက်တာ မမြတ်လေးရယ်၊ ဒီလို ပြောတဲ့ ကျေးဇူးကို မမြတ်လေးကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားမယ့်ကတိနဲ့ ဆပ်ပါမယ်၊ စောင့်နေပါ၊ ကျွန်တော်လိုက်ပါမယ်"

မမြတ်လေးသည် ချွတ်ထားသော ဖိနပ်ကလေးကို လှမ်းစွပ်လိုက်ပြီးလျှင် ဂူပေါ်မှ ပန်းညွန့်ကလေး တစ်ခက်ကို ဆိတ်၍ လက်ကိုင်ပဝါထဲတွင် လိပ်လျက် လက်ကိုင်အိတ်ထဲသို့ ထည့်လိုက်လေ၏။

ဦးချစ်ဆွေလည်း မမြတ်လေး၏ လှပ်ပုံကိုင်ပုံကလေးကို မြုံးပြုံးကြီး ကြည့်လျက် . . .

ကာဆီးရန် သစ်ပင် သစ်ရိပ်ဟူ၍ မရှိ၊ ကြည့်လေတိုင်းပကတိ၊ ကျယ်ဝန်းပြန့်ပြူးနေသော လဟာပြင်ကြီးပေါ် သို့ ဖြာသွန်းကျရောက်လျက်ရှိသည့် လရောင်ထည်းဟူသော ငွေရည်ငွေခြည်တို့၏ အေးမြကြည်လင်သော ဓာတ်ကို ပက်လက်ကုလားထိုင်တွင် တစ်ယောက်တည်း ခံယူရသည့်အခါ ပတ်ဝန်းကျင်တစ်ခုလုံးနှင့်မိမိမှာ တသားတည်း ပေါင်းစပ်ရောယှက်သွားလျက် အအေးဓာတ်သက်၊ အကြည်ဓာတ်သက်ကိုသာ စိမ့်စိမ့်ခံယူ နေရဘိသကဲ့သို့ ပူလောက်ကြောကွဲရာ ဆိတ်သုဉ်းသည့် သုသာန်သင်္ချိုင်းကြီးထဲတွင် တခဲနက် အေးငြိမ်းသွားရသည့် သုခကို ထစိမ့်စိမ့်ခံစားနေလေသည်။

* * * * * * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# ဂျာနယ်ကျော် မမလေး

သုလိုဝိန်းမ

ILLUSTRATED BY KO SAN . 2001 GLORY COMPUTER

www.burmeseclassic.com